# မေတ္တာသုတ်အဖွင့်

## လက်စွဲ

မဟာပညာဗလ ပါဠိပါမောက္ခ

ဆရာဉာဏ်

All Rights Reserved

မူပိုင်ရှင်-ဒေါ်ဖွားမြင့်။

☆

ရန်ကုန်မြို့

ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်

၁၉၅၆

၂

၂၁၇၉၁

# မေတ္တာသုတ်အဖွင့်

## လက်စွဲ


မဟာပညာဗလ ပါဠိပါမောက္ခ

ဆရာညာဏ်



All Rights Reserved

မူပိုင်ရှင်-ဒေါ်ဖွားမြင့်။


☆


ရန်ကုန်မြို့

ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်

၁၉၅၆

**H 350**—A [ဟံသာဝတီ]

ရွှေကျင်နိကာယ ဥက္ကဋ္ဌ

အဂ္ဂမဟာပဏ္ဍိတ

**အဘယာရာမ ဆရာတော်၏**

**မှတ်ချက်**

ဆရာညက်ရေးသားသည့် မေတ္တသုတ် အဖွင့်လက်စွဲကျမ်းတွင် စာသွား စာလာများမှာ ရှေးမြန်မာ ပညာရှိကြီးများ၏ အသုံးအနှုန်းနှင့် မည်သို့မျှမခြားသဖြင့် ဆရာတော်မှာ များစွာပင် သဘောကျဝမ်းမြောက်မိ၏။

အဘယာရာမ ဆရာတော်

# နိဒါန်း

ဤကျမ်းသည်ကား မြတ်စွာဘုရား ဟောကြားတော်မူအပ်သော မေတ္တသုတ်ပါဠိတော်၏ အနက်အဓိပ္ပါယ်များကို အဋ္ဌကထာများနှင့် အသေအချာတိုက်ဆိုင်၍ အကျဉ်းအားဖြင့် ဖွင့်ဆိုရေးသားအပ်သော ကျမ်းငယ်တစောင်ဖြစ်ပါကြောင်း။

ခုဒ္ဒကပါဌပါဠိတော်, သုတ္တနိပါတ် ပါဠိတော်တို့၌ သံဂါယနာတင်အပ်သော ထိုမေတ္တသုတ် ပါဠိတော်သည် ၁၀-ဂါထာမျှသာရှိ၍အက္ခရာ ပုဒ်ဗျည်းသဒ္ဒါနည်းအားဖြင့် လွန်စွာပင်ကျဉ်းလှသော်လည်း အနက် အဓိပ္ပါယ်အားဖြင့်မူကား ပိဋကတ်သုံးပုံ အလုံးစုံကို အကုန်သိမ်းကျုံး၍ အဆီအနှစ်များဖြင့် တခဲနက်အတိ ပြည့်နှက်လျက်တည်ရှိပေသည်။

ဤမေတ္တသုတ်ပါဠိတော်၌ လောကုတ္တရာ ရေးနှင့် ဆိုင်သော သိမှတ်လိုက်နာဘွယ် အချက်များသာမက- လောကီရေး၌လည်း အလွန်အသုံးဝင်၍ ကျေးဇူးများလှသော အချက်များပါ ပါဝင်ရကား လောကီ လောကုတ္တရာအကျိုးနှစ်ပါး၏ တိုးပွါးမှုကို လိုလားကြကုန်သော ပုဂ္ဂိုလ်တိုင်းပင် ဤပါဠိတော်မြတ်၏ အဓိပ္ပါယ်များကို သိသင့်သိထိုက်လှပေကြောင်း။

ထို့ပြင် ဤခေတ် ဤအခါကာလသည် အချင်းချင်း မေတ္တာကင်းမဲ့လျက် ဆင်းရဲဒုက္ခသို့ ကျရောက်၍ တထိတ်ထိတ်နှင့်နေရသော ခေတ်ဆိုးကာလဆိုးဟူသော ''ဝိပတ္တိ-ကာလ''မျိုး ဖြစ်သဖြင့် ဤလူ့ရွာလောကသည် အဆိပ္ပါး

တိုး ပြည့်ဖြိုးနေချမ်း စိုရွှမ်းစည်ကားသော ခေတ်ကောင်း ကာလကောင်းဟူသော "သမ္ပတ္တိကာလ"မျိုးသို့ နောက် ထပ်တဖန်ထပ်မံ၍ ပြောင်းလွဲစေခြင်းငှါ မေတ္တာတရားကို အမြဲမပြတ် လက်မလွှတ်သင့်ပေကြောင်း။

သို့ဖြစ်၍ မေတ္တာတရားကို ကိုယ်ထိလက်ရောက် ကျင့် ဆောင်ရန်နှင့် လောကီ လောကုတ္တရာနှစ်ဖြာအကျိုး တက် တိုးပွါးများနိုင်ကြစေရန် ရည်သန်ရိုးရင်း နှလုံးသွင်းလျက် ကြိုးပမ်းတည်ထွင် စီရင်ရေးသားအပ်သော ဤကျမ်းစာ ကို လက်ကိုင်ပြု၍ ကြည့်ရှုလေ့လာကြကုန်သော ပုဂ္ဂိုလ်တို့ သည် ထိုအကျိုးကျေးဇူးများကို လွယ်ကူမထောက် ပေါက် ရောက်ခံစားနိုင်ကြစေရန် ၁၂၉၉-ခုနှစ်ကပင် ရေးသား၍ ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။

ဒုတိယ ကမ္ဘာစစ်ကြီး၏နောက်ပိုင်း၌ စာရိတ္တပျက်ပြား ၍ မေတ္တာတရားခေါင်းပါးနေသော ယခုအချိန်တွင် ကမ္ဘာ သူ ကမ္ဘာသားအားလုံး မေတ္တာတရားလက်ကိုင်ထားခြင်း ဖြင့် ငြိမ်းချမ်းသာယာသော ကမ္ဘာကြီးကို ဖန်တီးတည် ဆောက်နိုင်ကြပါစေ....ဟူသော မြင့်မြတ်သည့် ရည်ရွယ် ချက်ဖြင့် ဆဋ္ဌသံဂါယနာ စာမူတော်နှင့်အညီ ပြင်ဆင်ကာ ယခုတဖန် ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေအပ်ပါသတည်း။

ဆရာဉာဏ်
(မဟာပညာဗလ-ပါဠိပါမောက္ခ)
၁၃၁၈-ခု
တော်သလင်းလပြည့်ကျော် ၅-ရက်

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| မေတ္တာသုတ်ပါဠိတော် | .... | ၁ |
| မေတ္တာသုတ်အမွှန်း | ... | ၅ |
| မေတ္တာသုတ်နိဒါန်း | ... | ၇ |
| မေတ္တာအကျိုး ၁၁-ပါး | ... | ၁၃ |
| မေတ္တာသုတ် အနက်အဓိပ္ပါယ် | ... | ၁၉ |
| ''ကရဏီယမေတ္တ''ဟုဆိုအပ်သော သိက္ခာသုံးပါး | ... | ၁၉ |
| မဂ္ဂင်ရှစ်ပါးကို သိက္ခာသုံးပါးသို့သွင်းပုံ | ... | ၂၂ |
| မေတ္တာပုဗ္ဗဘာဂပဋိပဒါတရား ၁၅-ပါး | ... | ၂၆ |
| ၁။ သက္ကောအဓိပ္ပါယ် | .... | ၂၈ |
| ၂။ ဥဇု ။ | ... | ၃၀ |
| ၃။ သုဟုဇု ။ | ... | ၃၁ |
| ၄။ သုဝစော ။ | ... | ၃၃ |
| ၅။ မုဒု ။ | .... | ၃၅ |
| ၆။ အနတိမာနီ ။ | ... | ၃၇ |
| ၇။ သန္တုဿကော။ | ... | ၃၉ |
| ၈။ သုဘရော ။ | ... | ၄၂ |
| ၉။ အပ္ပကိစ္စော ။ | .... | ၄၄ |
| ၁၀။ သလ္လဟုကဝုတ္တိ ။ | ... | ၄၆ |
| ၁၁။ သန္တိန္ဒြိယော ။ | ... | ၄၇ |
| ၁၂။ နိပကော ။ | ... | ၅၀ |
| ၁၃။ အ-ပ္ပဂဗ္ဘော ။ | ... | ၅၃ |
| ၁၄။ ကုလေသုအနနုဂိဒ္ဓေါ | ... | ၅၄ |
| ၁၅။ နစခုဒ္ဒ၊ လ၊ ဥပဝဒေယျုံ | ... | ၅၆ |
| မေတ္တာဘာဝနာကိုပြဆိုခြင်း | ... | ၅၈ |
| မေတ္တာ၏သဘောအဓိပ္ပါယ် | ... | ၅၈ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| မေတ္တာ၏အပြား | ... | ၆၂ |
| မေတ္တာ၏လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် | ... | ၆၄ |
| မေတ္တာ၏ရန်သူ | ... | ၆၅ |
| မေတ္တာဘာဝနာပွါးပုံအကျဉ်း | ... | ၆၆ |
| မေတ္တာဘာဝနာပွါးပုံအကျယ် | ... | ၆၇ |
| တနည်း မေတ္တာဘာဝနာပွါးပုံ | .... | ၈၀ |
| မေတ္တာစိတ်ဖြစ်ပွါးစေပုံဥပမာ | ... | ၈၁ |
| မေတ္တာကိုနှံ့အောင်ပွါးပုံ | ... | ၈၃ |
| တနည်း မေတ္တာဘာဝနာပွါးပုံ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့် အညီတည်း) | ... | ၈၆ |
| အမျက်ထွက်ခြင်း၌အပြစ် | .... | ၈၆ |
| သည်းခံခြင်း၌အကျိုး | ... | ၉၀ |
| မေတ္တာပွါးပုံအစီအစဉ် | ... | ၉၁ |
| တနည်း မေတ္တာဘာဝနာပွါးပုံ (ပဋိသမ္ဘိဒါမဂ် ပါဠိတော်နှင့် အညီတည်း) | .... | ၉၈ |
| ၅၂၈-သွယ်မေတ္တာ | ... | ၁၀၆ |
| မေတ္တာတရား အမြဲလက်ကိုင်ထားသင့်ကြောင်း | ... | ၁၀၆ |
| မေတ္တာကိုအခြေပြု၍ လောကုတ္တရာသို့တက်ပုံ | ... | ၁၀၈ |
| ဒိဋ္ဌိအကြောင်း | ... | ၁၁၀ |
| သီလအကြောင်း | ... | ၁၁၂ |
| ဒဿနအကြောင်း | ... | ၁၁၄ |
| ကာမဂုဏ်အကြောင်း | ... | ၁၁၇ |
| လောကုတ္တရာမဟာသုခကြီးအကြောင်း | ... | ၁၂၂ |
| နိဂုံးအာသီသ (၂) ဂါထာ | ... | ၁၂၅ |

# မေတ္တသုတ် ပါဠိတော်

(ဆဋ္ဌသံဂါယနာတင် စာတော်မူ)

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

က။ ယဿာနုဘာဝတော ယက္ခာ၊
နေဝ ဒဿေန္တိ ဘိံသနံ။
ယမှိ စေဝါနုယုဉ္ဇန္တော၊
ရတ္တိန္ဒိဝ မတန္ဒိတော။

ခ။ သုခံ သုပတိ သုတ္တော စ၊
ပါပံ ကိဉ္စိ န ပဿတိ။
ဧဝမာဒိ ဂုဏူပေတံ၊
ပရိတ္တံ တံ ဘဏာမ ဟေ။

ဂ။ ကရဏီယ မတ္ထကုသလေန၊
ယန္တသန္တံ ပဒံ အဘိသမေစ္စ။
သက္ကော ဥဇူ စ သုဟုဇူ စ၊
သုဝစော စဿ မုဒု အနတိမာနီ။

၂။ သန္တုဿကော စ သုဘရော စ၊
အပ္ပကိစ္စော စ သလ္လဟုကဝုတ္တိ။
သန္တိန္ဒြိယော စ နိပကော စ၊
အပ္ပဂဗ္ဘော ကုလေသွနနုဂိဒ္ဓေါ။

၃။ န စ ခုဒ္ဒမာစရေ ကိဉ္စိ၊
ယေန ဝိညူ ပရေ ဥပဝဒေယျုံ။
သုခိနော ဝ ခေမိနော ဟောန္တု၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၄။ ယေ ကေစိ ပါဏဘူတတ္ထိ၊
တသာ ဝါ ထာဝရာ ဝ’နဝသေသာ။
ဒီဃာ ဝါ ယေ ဝ မဟန္တာ၊
မဇ္ဈိမာ ရဿကာ အဏုကထူလာ။

၅။ ဒိဋ္ဌာ ဝါ ယေ ဝ အဒိဋ္ဌာ၊
ယေ ဝ ဒူရေ ဝသန္တိ အဝိဒူရေ။
ဘူတာ ဝ သမ္ဘဝေသီ ဝ၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၆။ န ပရော ပရံ နိကုဗ္ဗေထ၊
နာတိမညေထ ကတ္ထစိ န ကဉ္စိ။
ဗျာရောသနာ ပဋိဃသညာ၊
နာညမညဿ ဒုက္ခမိစ္ဆေယျ။

၇။ မာတာ ယထာ နိယံ ပုတ္တ၊
မာယုသာ ကေပုတ္တ မနုရက္ခေ။
ဧဝမ္ပိ သဗ္ဗဘူတေသု၊
မာနသံ ဘာဝယေ အပရိမာဏံ။

၈။ မေတ္တဉ္စ သဗ္ဗလောကသ္မိ၊
မာနသံ ဘာဝယေ အပရိမာဏံ။
ဥဒ္ဓံ အဓော စ တိရိယဉ္စ၊
အသမ္ဗာဓံ အဝေရ မသပတ္တံ။

၉။ တိဋ္ဌံ စရံ နိသိန္နော ဝါ၊
သယာနော ယာဝတာ’ဿ ဝိတမိဒ္ဓေါ။
ဧတံ သတိံ အဓိဋ္ဌေယျ၊
ဗြဟ္မမေတံ ဝိဟာရမိဓမာဟု၊

၁၀။ ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊
သီလဝါ ဒဿနေန သမ္ပန္နော။
ကာမေသု ဝိနယ ဂေဓံ၊
န ဟိ ဇာတုဂ္ဂဗ္ဘသေယျ ပုန ရေတီတိ။

မေတ္တသုတ္တံ နိဋ္ဌိတံ။

မေတ္တသုတ်ပါဠိတော်ပြီး၏။

# မေတ္တာသုတ်အဖွင့် လက်ခွဲ

## မေတ္တသုတ်အမွှန်း

ယခုအခါ၌ မေတ္တသုတ်ကို ရွတ်အံ သရဇ္ဈာယ်ခြင်း၏ အကျိုးနှင့်တကွ ဥယျောဇဉ်ကိုပြလို၍ ယဿာနုဘာဝတော စသော နှစ်ဂါထာကို မိန့်တော်မူ၏။

က။ ယဿာနုဘာဝတော ယက္ခာ၊
နေဝ ဒဿေန္တိ ဘိံသနံ။
ယမှိ စေဝါနုယုဉ္ဇန္တော၊
ရတ္တိန္ဒိဝ မတန္ဒိတော။

ခ။ သုခံ သုပတိ သုတ္တော စ၊
ပါပံ ကိဉ္စိ န ပဿတိ။
ဧဝမာဒိ ဂုဏူပေတံ၊
ပရိတ္တံ တံ ဘဏာမ ဟေ။

က။ ခ။ ယဿ၊ အကြင်မေတ္တသုတ် ပရိတ်တော်၏။ အာနုဘာဝတော၊ အာနုဘော်ကြောင့်။ ယက္ခာ၊ ဘီလူးတို့သည်။ (ဝါ) ဘူမစိုးနတ်တို့သည်။ ဘိံသနံ၊ ကြောက်မက်ဘွယ်သော အာရုံကို။ နေဝဒဿေန္တိ၊ မပြဝံ့ကြကုန်။ ယမှိစေဝ၊ အကြင်မေတ္တသုတ်ပရိတ်တော်၌သာလျှင်။ ရတ္တိန္ဒိဝံ၊ ညဉ့်, နေ့ပတ်လုံး။ အနုယုဉ္ဇန္တော၊ လုံ့လကြိုးကုတ် အားထုတ် ဘန်ဘန် ရွတ်အံသရဇ္ဈာယ်သောသူသည်။ သုခံ၊ ချမ်းသာစွာ။ သုပတိ၊ အိပ်ရ၏။ သုတ္တော စ၊ အိပ်သောသူသည်လည်း။

ကိဥ္စ၊ တစုံတခုသော။ ပါပံ၊ မကောင်းသော အိပ်မက်ကို။ နပဿတိ၊ မမြင်မက်၊ ဝေမာဒိဂုဏူပေတံ၊ ဤသို့စသော ကျေးဇူးဂုဏ်နှင့် ပြည့်စုံသော။ တံပရိတ္တံ၊ ထိုမေတ္တာသုတ် ပရိတ်တော်ကို။ဟော၊ အိုသူတော်ကောင်းတို့။ မယံ၊ငါတို့ သည်။ဘဏာမ၊ ရွတ်ကြကုန်အံ့။

က။ ခ။ ဤနှစ်ဂါထာတို့ကား မေတ္တာသုတ် ပါဠိတော် ရင်းလာ ဂါထာများမဟုတ်၊နောင်မှ သီဟိုဠ်ဆရာကြီးများ ထည့်သွင်းထားသော မေတ္တာသုတ်၏ အမွှန်းဂါထာတို့ တည်း။ ထို့ကြောင့် သုတ္တနိပါတ်အဋ္ဌကထာ, ခုဒ္ဒကပါဌ အဋ္ဌကထာတို့၌ ဤနှစ်ဂါထာတို့၏အဖွင့်မရှိချေ၊ဤဂါထာ တို့ကို ဝိုင်ပုဒ်ဟူ၍လည်းခေါ်၏။ ကရဏီယမတ္ထကုသလေန ကစ၍သာ မေတ္တာသုတ်ပါဠိတော်ဖြစ်သည်။

မေတ္တသုတ်အမွှန်းပြီး၏

# မေတ္တာသုတ်နိဒါန်း

မေတ္တာသုတ် ပရိတ်တော်၏အာနုဘော်ကြောင့် ဘုမ္မစိုးနတ်တို့ ကြောက်မက်ဘွယ်သော အာရုံကို မပြဝံ့ကုန်ဟု ဤအမွှန်းဂါထာတို့၌ ပြဆိုထားချက်ကို ထင်ရှားစေဦးအံ့။

### တရားအားထုတ်ရန်ကြွသွားသော ရဟန်းငါးရာ

သာဝတ္ထိပြည်တွင် ရဟန်းငါးရာတို့သည် မြတ်စွာဘုရားအထံတော်၌ အရဟတ္တဖိုလ် တိုင်အောင်သော ကမ္မဋ္ဌာန်းကိုသင်ယူ၍ ရဟန်းတရားအားထုတ်မှုကို ပြုကြကုန်အံ့ဟု ယူဇနာတရာမျှလောက်သော ခရီးသို့ကြွသွားကြရာ များစွာသောလူတို့၏ နေရာဖြစ်သော တခုသော ရွာကြီးသို့ ရောက်ကြကုန်၏၊ ထိုအခါ ထိုရဟန်းတို့ကို လူတို့သည်မြင်၍ ခင်းထားအပ်သောနေရာ၌ သီတင်းသုံးနေစေလျက် မွန်မြတ်ကုန်သော ယာဂုဆွမ်းစသည်တို့ဖြင့် လုပ်ကျွေးပြီးလျှင် "အရှင်ဘုရားတို့....အဘယ်အရပ်သို့ ကြွတော်မူကြကုန်လတ္တံ့နည်း"ဟု မေးလျှောက်ကြကုန်၏၊ "ချမ်းသာသောအရပ်ဌာနသို့ သွားကြကုန်အံ့"ဟု မိန့်ဆိုတော်မူကြကုန်သည်ရှိသော်၊ "အရှင်ဘုရားတို့....ဤဝါတွင်းသုံးလပတ်လုံး ဤအရပ်၌ပင် ဝါကပ်တော် မူကြပါကုန်လော့၊ တပည့်တော်တို့သည်လည်း အရှင်ဘုရားတို့၏အထံ၌ သရဏဂုံတို့၌ တည်ကြပါကုန်လျက် သီလတို့ကို စောင့်ရှောက်ပါကုန်အံ့" ဟု လျှောက်ထား တောင်းပန်ကြကုန်၏၊ ထိုသို့တောင်းပန်၍ ထိုအရှင်မြတ်တို့၏ သည်းခံခြင်းကိုသိပြီးသော်၊ "ရွာနှင့်မနီးမဝေးသောအရပ်၌ ကြီးစွာသောတောအုပ်ကြီးသည် ရှိပါ

သည်၊ အရှင်ဘုရားတို့သည် ဤတောအုပ်၌ သီတင်းသုံးနေ ထိုင်တော်မူကြပါဘုရား''ဟု လျှောက်ထား၍ လွှတ်လိုက် ကြကုန်၏၊ ရဟန်းတို့သည် ထိုဒါယကာတို့ ညွှန်ပြအပ်သော တောအုပ်သို့ ကြွဝင်တော်မူကြလေကုန်၏။

## ရဟန်းတို့၏သီလတန်ခိုး

ထိုတောအုပ်၌ စောင့်ရှောက်အုပ်စိုး၍ နေကြကုန်သော နတ်တို့သည် ''သီလရှိသော အရှင်မြတ်တို့သည် ဤတော အုပ်သို့ အစဉ်ကြွရောက်တော်မူလာကြကုန်၏၊ အရှင်မြတ် တို့သည် ဤအရပ်၌ သီတင်းသုံးတော်မူကြကုန်သည်ရှိသော် သားမယားတို့ကိုယူလျက် သစ်ပင်ထက်၌ တက်၍နေခြင်းငှါ စင်စစ်အားဖြင့် မသင့်လျော်ချေ''ဟုကြံစည်ပြီးလျှင်သစ်ပင် တို့မှ သက်ဆင်း၍မြေ၌ တည်နေကြကုန်လျက်''အရှင်မြတ် တို့သည်ဤအရပ်၌ဝါနေ၍ယနေ့တည်၍မျှ သီတင်းသုံးနေတော် မူ၍ နက်ဖြန် မချွတ်မယွင်း ကြွသွားတော်မူကြကုန်လတ္တံ့'' ဟုကြံကြပြန်ကုန်၏၊ ရဟန်းတို့သည်လည်းတဖန်မိုးသောက် သောနေ့ဝယ် ရွာတွင်း၌ဆွမ်းခံခြင်းငှါ လှည့်လည်တော်မူ၍ တဖန် ထိုတောအုပ်သို့သာ ကြွဝင်လာတော် မူကြကုန်၏၊ နတ်တို့သည် ''ရဟန်းသံဃာတော် အပေါင်းကား နက်ဖြန် အလို့ငှါ တစုံတယောက်သောသူသည် ပင့်ဘိတ်အပ်သည် ဖြစ်ပေလတ္တံ့၊ ထို့ကြောင့် တဖန်ကြွလာတော်မူပြန်၏၊ ယ နေ့ကြွသွားခြင်းမဖြစ်လတ္တံ့၊ နက်ဖြန် ကြွသွားတော်မူကြ လိမ့်မည်တကား''ဟု ဤသို့သောနည်းဖြင့် လခွဲမျှကာလပတ် လုံး မြေ၌သာနေကြရကုန်၏၊ ထိုနောက်မှ ''အရှင်မြတ်တို့ သည် ဤဝါတွင်းသုံးလပတ်လုံး ဤအရပ်၌ပင် သီတင်းသုံး

နေကြကုန်လတ္တံ့သည်တကား၊ ဤအရပ်၌ပင်သီတင်းသုံးနေကြကုန်သည်ရှိသော်၊ ငါတို့အား သစ်ပင်ထက်၌ တက်၍နေခြင်းငှါလည်း မသင့်လျော် မလျောက်ပတ်၊ သုံးလပတ်လုံးသားမယားတို့ကိုယူ၍ မြေ၌ထိုင်ခြင်း, ရပ်ခြင်းတို့သည်ဆင်းရဲလှကုန်၏၊ တစုံတခုသောအမှုကိုပြု၍ ဤရဟန်းတို့ကိုထွက်ပြေးစေခြင်းငှါ သင့်၏''ဟု ကြံကြလေကုန်၏။

## တောစောင့်နတ်တို့သည် ခြောက်လှန့်ကြခြင်း

ထိုနတ်အပေါင်းတို့သည် ထိုထိုသို့သော ညဉ့်သန့်ရာ နေ့သန့်ရာတို့၌ရင်း, စင်္ကြံစွန်းတို့၌ရင်း, ပြတ်သောဦးခေါင်း, ဦးခေါင်းမပါသော ကိုယ်တို့ကိုပြခြင်းငှါရင်း, ဘီလူးသံကိုကြားစိမ့်သောငှါရင်း အားထုတ်ကြကုန်၏၊ ရဟန်းတို့အားချေဆတ်ခြင်း ချောင်းဆိုးခြင်းစသော ရောဂါတို့သည်ဖြစ်ကြကုန်၏၊ ထိုရဟန်းတို့သည် အချင်းချင်း ''ငါ့ရှင်....အသင့်အား အဘယ်ရောဂါ ထိုးကျင့်နှိပ်စက်ပါသနည်း''ဟု မေးမြန်းသည်ရှိသော်၊ ''တပည့်တော်အား ချေဆတ်သောရောဂါသည်ဖြစ်၏၊ တပည့်တော်အား ချောင်းဆိုးသောရောဂါသည်ဖြစ်၏''ဟုဆိုလျှင်၊ ''ယနေ့ တပည့်တော်ကားစင်္ကြံစွန်း၌ ပြတ်သော ဦးခေါင်းကို တွေ့မြင်၏၊ တပည့်တော်ကား ညဉ့်သန့်ရာအရပ်၌ ဦးခေါင်းမပါသောကိုယ်ကိုတွေ့မြင်၏၊ တပည့်တော်ကား နေ့သန့်ရာအရပ်၌ ဘီလူးသံကို ကြားပေ၏၊ ဤအရပ်သည် ရှောင်ကြဉ် အပ်သောအရပ်တည်း၊ တပည့်တော်တို့အား ဤအရပ်၌ မချမ်းသာခြင်းသည် ဖြစ်၏၊ မြတ်စွာဘုရား၏အထံတော်သို့ သွားကြကုန်စို့အံ့''ဟု တိုင်ပင်ကြလေကုန်၏၊ ဤသို့တိုင်ပင်ကြကုန်၍

ထိုရဟန်းတို့သည် ထွက်လာခဲ့ကြရာ အစဉ်အတိုင်း မြတ်စွာဘုရားထံတော်သို့ ရောက်ကြကုန်သဖြင့် ရှိခိုး ဦးချပြီးလျှင် တင့်အပ်လျောက်ပတ်သောအရပ်၌ ထိုင်နေကြလေကုန်၏။

## မေတ္တာလက်နက်ဖြင့် ဖြိုဖျက်ကြခြင်း

ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းတို့ကို "ချစ်သား ရဟန်းတို့....အသို့နည်း၊ ထိုအရပ်၌နေခြင်းငှါ မစွမ်းနိုင်ကြကုန်ဘိသနည်း"ဟု မေးတော်မူလေ၏၊ "မြတ်စွာဘုရား.. မစွမ်းနိုင်ကြပါဘုရား၊ ထိုအရပ်၌ နေကြကုန်သော တပည့်တော်တို့အား ဤသို့ သဘောရှိကုန်သော ကြောက်မက်ဘွယ်သော အာရုံတို့သည် ထင်ပါကုန်၏၊ ဤသို့သဘောရှိသော မချမ်းမသာခြင်းသည် ဖြစ်ရပါသည်၊ ထို့ကြောင့် တပည့်တော်တို့သည် ဤအရပ်သည်ကား ရှောင်ကြဉ်အပ်သော အရပ်တည်းဟု ထိုအရပ်ကို စွန့်လွှတ်၍ မြတ်စွာဘုရားတို့၏ အထံတော်သို့ လာခဲ့ကြပါကုန်၏ဘုရား"ဟု လျှောက်ထားလတ်သော်၊ "ချစ်သားရဟန်းတို့....အသင်တို့အား ထိုအရပ်သို့သာလျှင် သွားခြင်းငှါ သင့်သည်"ဟု မိန့်တော်မူလေ၏၊ "မြတ်စွာဘုရား....သွားခြင်းငှါ မဝံ့ပါဘုရား"ဟု လျှောက်ထားပြန်သော်၊ "ချစ်သားရဟန်းတို့.. အသင်တို့သည် လက်နက်ကို မယူမူ၍ သွားကြကုန်ဘိ၏၊ ယခုအခါ လက်နက်ကိုကိုင်ဆွဲ၍ သွားကြကုန်လော့" ဟု မိန့်တော်မူ၏၊ "မြတ်စွာဘုရား....လက်နက်တို့ဟူသည် အဘယ်သည်တို့ ပါနည်း ဘုရား"ဟု မေးလျှောက်သဖြင့် မြတ်စွာဘုရားသည် "သင်ချစ်သားတို့အား လက်နက်ကို ငါဘုရား ပေးလိုက်အံ့၊ ငါဘုရား ပေးတော်မူအပ်သော

လက်နက်ကို ယူဆောင်၍ သွားကြလေကုန်''ဟု မိန့်တော်မူပြီးလျှင်**ကရဏီယမတ္ထကုသလေန ယန္တသန္တံ ပဒံ အဘိသမေစ္စ** ဤသို့ အစရှိသောအလုံးစုံသော မေတ္တာသုတ်ပရိတ်တော်ကို ဟောကြားတော်မူ၍၊''ချစ်သားရဟန်းတို့ ဤမေတ္တာသုတ်ကို သင်တို့သည် ကျောင်းမှအပဖြစ်သော တောအုပ်ဝင်သည်မှ စ၍ သရဇ္ဈာယ် ကြကုန်လျက် ကျောင်းတွင်းသို့ ဝင်ကြကုန်လော့''ဟု လွှတ်လိုက်တော်မူလေ၏၊ထိုရဟန်းတို့သည် မြတ်စွာဘုရားကိုရှိခိုး၍ ထွက်လာကြရာ ခရီးအစဉ်အတိုင်း အားဖြင့် ထိုအရပ်သို့ရောက်ရှိသောအခါ ကျောင်း၏အပ၌ အပေါင်း သရဇ္ဈာယ်ခြင်းကိုပြု၍ သရဇ္ဈာယ်ကြကုန်လျက် သာလျှင် တောအုပ်သို့ ဝင်တော်မူကြကုန်၏၊အလုံးစုံသော တောအုပ်၌ နတ်အပေါင်းတို့သည် မေတ္တာစိတ်ကို ရ၍ ထိုရဟန်းတို့အား ခရီးဦးကြိုဆိုခြင်းကို ပြုလျက် သပိတ် သင်္ကန်းလှမ်းယူခြင်းကို ပန်ကြားကြကုန်၏၊ လက်ခြေဆုပ်နယ်ခြင်းကို ပန်ကြားကြကုန်၏၊ ထိုရဟန်းတို့အား ထိုထိုသို့သောအရပ်၌ အစောင့်အရှောက်အရံအတားကို စီရင်ကြကုန်၏၊ အခိုးအပွက်ငြိမ်းပြီး၍ ကျက်လေပြီးသောဆီကဲ့သို့ ကောင်းစွာအညီအညွတ် စည်းဝေးကြကုန်၏၊ တစုံတခုသော အရပ်၌ ဘီလူးသံကို ကြားခြင်းမည်သည် မဖြစ်ပေ၊ ထိုရဟန်းတို့၏ စိတ်သည် ငြိမ်သက်တည်ကြည်သည် ဖြစ်လေ၏။

### ဝိပဿနာပွါးများကြခြင်း နှင့် တရားထူးရကြခြင်း

ရဟန်းအပေါင်းတို့သည် နေ့သန့်ရာ,ညဉ့်သန့်ရာ အရပ်တို့၌ ထိုင်နေကြကုန်လျက် ဝိပဿနာ၌ စိတ်ကို သက်စေ၍

မိမိကိုယ်၌ ကုန်ခန်းခြင်း,ပျက်စီးခြင်းကို ရှေးရှု ထင်စေပြီး လျှင်၊ ဤအတ္တဘော မည်သည်ကား ပျက်စီးတတ်သော အနက်ကြောင့်ရင်း, အမြဲမတည်တတ်သော အနက်ကြောင့်ရင်း,အိုးထိန်းသည်တို့၏ မြေအိုးနှင့် တူပေသည်ဟု ဝိပဿနာကို ပွါးများကြကုန်၏၊ မြတ်စွာဘုရားသည်ဂန္ဓကုဋိတိုက်၌သီတင်းသုံးနေတော်မူလျက်သာလျှင် ထိုရဟန်းတို့အား ဝိပဿနာ၌အားထုတ်အပ်သည့်အဖြစ်ကို သိမြင်တော်မူ၍ ရဟန်းတို့ကိုဤသို့သိစေတော်မူလေ၏၊"ချစ်သား ရဟန်းတို့·· ဤသင်တို့ဝိပဿနာ ပွါးများစေသည့်အတိုင်း သာလျှင် ဤအတ္တဘော မည်သည်ကား ပျက်စီးတတ်သော အနက်ကြောင့်ရင်း, အမြဲမတည်တတ်သော အနက်ကြောင့်ရင်း အိုးထိန်းသည်တို့၏ အိုးခွက်နှင့် တူသည် သာလျှင် တည်း''ဟု မိန့်တော်မူပြီးလျှင် ကိုယ်ရောင်တော်ကို နှံ့စေတော်မူလျက် ယူဇနာ တရာမျှသောအရပ်၌ တည်နေတော်မူငြားသော်လည်း မျက်မှောက်၌ သီတင်းသုံးတော်မူလေဘိသကဲ့သို့ ခြောက်သွယ်သော အဆင်းရှိသော ရောင်မြည်တော်တို့ကို လွှတ်တော်မူလျက် ထင်ရှားတိတိ မြင်သိအပ်သော ရုပ်သဏ္ဍာန်တော်ဖြင့် ဤဂါထာကို ဟောတော်မူလေ၏။

ကုမ္ဘူပမံ ကာယမိမံ ဝိဒိတွာ၊
နဂရူပမံ စိတ္တမိဒံ ဌပေတွာ။
ယောဓေထ မာရံ ပညာဝုဓေန၊
ဇိတဉ္စ ရက္ခေ အနိဝေသနော သိယာ။
ဓမ္မပဒပါဠိတော်

**အနက်ကား။** ။ဣမံကာယံ၊ ဤဆံ အစရှိသည်တို့၏ အပေါင်းအစုဖြစ်သော ခန္ဓာကိုယ်ရုပ် အကောင်ပုပ်ကို။ ကုမ္ဘူပမံ၊ အိုးနှင့်တူစွာ၊ မကြာမရှည်ပျက်တတ်သည်ဟု။ ဝိဒိတွာ၊ဉာဏ်ပညာဖြင့် ကောင်းစွာသိ၍။ ဣဒံစိတ္တံ၊ ဤမိမိ၏ ဝိပဿနာစိတ်ကို။ နဂရူပမံ၊ ရန်မဝင်နိုင် ကြံ့ခိုင်ပြီးစီး မြို့ကြီးသဘွယ်။ ဌပေတွာ၊ မသွေစင်စစ် ဖြစ်စေပြီးလျှင်။ ပညာဝုဓေန၊ ဝိပဿနာဉာဏ်, မဂ်ဉာဏ် တည်းဟူသော ပညာလက်နက်ဖြင့်။ မာရံ၊ ကိလေသာမာရ် ကိုယ်တွင်း ရန်ကို။ ယောဓေထ၊မနိုင်နိုင်အောင် စစ်ထိုးရာ၏။ ဇိတဉ္စ၊ အောင်မြင်သောအားဖြင့် ဖြစ်စေအပ်ပြီးသော နုသော ဝိပဿနာဉာဏ်ကိုလည်း။ရက္ခေ၊ အမြဲမကွာစောင့်ရှောက် ပေရာ၏။ အနိဝေသနော၊သမာပတ်၌ သာယာကပ်ငြိခြင်း မရှိသည်လည်း။သိယာ၊ဖြစ်ရာ၏။

ဒေသနာတော်၏အဆုံး၌ ငါးရာသော ရဟန်းတို့သည် နေမြဲတိုင်းသော နေရာအရပ်၌ သီတင်းသုံး နေကြကုန် လျက်ပင် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက် ၍မြတ်စွာဘုရား၏ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ကိုယ်တော်ကို ချီးမွမ်းထောမနာ ရှိခိုးပူဇော်ကုန်လျက်ကြွ လာကြလေကုန်၏။

## မေတ္တာဘာဝနာ၏အကျိုး

"သုခံသုပတိသုတ္တောစ၊ ပါပံကိဉ္စိနပဿတိ" ဟူသော ပါဌ်တို့ဖြင့် မေတ္တာ ဘာဝနာ၏ တစိတ်တဒေသသော အကျိုးကိုပြတော်မူ၏၊ ဝေမာဒိ၌အာဒိသဒ္ဒါဖြင့် သိမ်းကျုံး

၍ယူအပ်သော ကြွင်းသော အကျိုးတို့နှင့်တကွ မေတ္တာ အကျိုးတဆယ့်တပါးဖြစ်ကုန်၏။

### မေတ္တာအကျိုး၁၁-ပါး

၁။ ချမ်းချမ်းသာသာအိပ်ရခြင်း။
၂။ ချမ်းချမ်းသာသာနိုးရခြင်း။
၃။ မကောင်းသောအိပ်မက်ကိုမမြင်မက်ခြင်း။
၄။ လူတို့ချစ်မြတ်နိုးခြင်း။
၅။ နတ်တို့ချစ်မြတ်နိုးခြင်း။
၆။ နတ်တို့စောင့်ရှောက်ခြင်း။
၇။ မီးမလောင်, အဆိပ်မသင့်, လက်နက်မစူးမရှခြင်း။
၈။ စိတ်လျင်မြန်စွာတည်ကြည်ခြင်း။
၉။ မျက်နှာအဆင်းကြည်လင်ခြင်း။
၁၀။ မတွေမဝေသေရခြင်း။
၁၁။ သေသောအခါ ဗြဟ္မာ့ပြည်သို့ရောက်တတ်ခြင်း။

ဤကား မေတ္တာအကျိုးတဆယ့်တပါးတည်း၊ ဤအကျိုး များသည် အင်္ဂုတ္တိုရ်ပါဠိတော် ဧကာဒသကနိပါတ်၌ လာ သည်ဟုမှတ်လေ။

### မေတ္တာအကျိုး၁၁-ပါးဆောင်ပုဒ်လင်္ကာ

အိပ်,နိုးချမ်းသာ၊ ယုတ်မာမမက်၊ နှစ်သက်လူနတ်၊ စောင့်မှတ်နတ်များ၊ အိပ်ကားမနှိပ်၊ စိတ်ပြန့်တည်ကြည်၊ ဆင်သည်မျက်နှာ၊ သေခါမတွေ၊ လားလေဗြဟ္မာ၊ ဆယ့် တပါးဟု၊ မေတ္တာနိသင်၊ ကျိုးဆက်ထင်သည်၊ ရှင်လူအများ ကျင့်ရာသောင်။

ဤမေတ္တာအကျိုးတဆယ့်တပါးတို့တွင်

၁။ **ချမ်းချမ်းသာသာအိပ်ရခြင်း** ဆိုသည်ကား- မေတ္တာတရား မပွါးကုန်သော သူတို့သည် တပြောင်းပြန်ပြန် လူးလည်းကုန်လျက်, ဟောက်သံကိုပြုကုန်လျက် ဆင်းရဲငြိုငြင်စွာ အိပ်ရကုန်၏၊ ဤသို့ ဆင်းဆင်းရဲရဲ ငြိုငြိုငြင်ငြင် မအိပ်ရမူ၍ ချမ်းချမ်းသာသာ အိပ်စက်ရ၏၊ အိပ်ပျော်သော အခါလည်း သမာပတ်ဝင်စားသော ပုဂ္ဂိုလ်ကဲ့သို့ ဖြစ်၏။

၂။ **ချမ်းချမ်းသာသာနိုးရခြင်း** ဆိုသည်ကား- မေတ္တာတရား မပွါးကုန်သော သူတို့သည် ညည်းတွားကုန်လျက်, တဆန့်ကျင်ကျင် လိမ်ကော့ ကောက်ကွေးကြကုန်လျက်,ထက်ဝန်းကျင်လူးလည်းကုန်လျက် ဆင်းရဲငြိုငြင်စွာ နိုးကြားကြကုန်၏၊ဤသို့ဆင်းဆင်းရဲရဲ ငြိုငြိုငြင်ငြင်မနိုးမူ၍ ကောင်းစွာပွင့်သော ပဒုမာကြာကဲ့သို့ ချမ်းချမ်းသာသာ ကိုယ်၏ဖောက်ပြန်ခြင်းကင်းလျက်နိုးရ၏။

၃။ **မကောင်းသောအိပ်မက်ကိုမမြင်မက်ခြင်း** ဆိုသည်ကား-မေတ္တာတရား မပွါးကုန်သောသူတို့သည် မိမိကိုယ်ကို ခိုးသားဓားပြတွေ ဝိုင်းရံကုန်သကဲ့သို့ဧင်း, ခြင်္သေ့သစ်ကျားသားရဲတို့ နှိပ်စက်ညှဉ်းဆဲကုန်သကဲ့သို့ဧင်း, ကမ်းပါး ပြတ်၌ကျသကဲ့သို့ဧင်း မြင်မက်ကြကုန်၏၊ မေတ္တာတရား နှင့် နေလေ့ရှိသော မေတ္တာဝိဟာရီပုဂ္ဂိုလ်သည်ကား ဤကဲ့သို့ ယုတ်မာသောအိပ်မက်ကို မမြင်မက်၊ အိပ်မက်ကိုမြင်မက်သော်လည်း စေတီတော်ကို ရှိခိုးရဘိသကဲ့သို့ဧင်း, ပူဇော်ခြင်းကို ပြုရဘိသကဲ့သို့ဧင်း, တရားတော်ကို နာရဘိသကဲ့သို့ဧင်း ကောင်းမြတ်သောအိပ်မက်ကိုသာမြင်မက်၏။

၄။ **လူတို့ချစ်မြတ်နိုးခြင်း** ဆိုသည်ကား- ရင်၌, လည်၌ စွပ်ဆွဲသော ပုလဲသွယ်ကဲ့သို့၎င်း, ဦးခေါင်း၌ ပန်ဆင်အပ်သော ပန်းကဲ့သို့၎င်း လူအပေါင်းတို့သည် ချစ်မြတ်နိုး အပ်၏။

၅။ **နတ်တို့ချစ်မြတ်နိုးခြင်း** ဆိုသည်ကား-လူတို့ချစ်မြတ်နိုးဘိသကဲ့သို့နတ်, လူးတို့သည်လည်းချစ်မြတ်နိုးကြကုန်၏၊ အဘယ်ကဲ့သို့နည်းဟူမူ စိတ္တလတောင်၌ သီတင်းသုံးတော်မူသော ပါဋလိပုတ်ပြည်သား ဝိသာခ မထေရ်ကို နတ်တို့ ချစ်ခင်မြတ်နိုးကြကုန်ဘိသကဲ့သို့တည်း၊ ထို ဝိသာခမထေရ် ဝတ္ထုအကျယ်ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ လာ၏။

၆။ **နတ်တို့စောင့်ရှောက်ခြင်း** ဆိုသည်ကား— မိဘ တို့သည် သား,သမီးကို စောင့်ရှောက်ကုန်ဘိသကဲ့သို့ နတ်တို့သည် စောင့်ရှောက်ကြကုန်၏။

၇။ **မီးမလောင်,အဆိပ်မသင့်,လက်နက်မထိမရှခြင်း** တို့တွင် မီးမလောင်ဆိုသည်ကား— သိရိမာမည်သော ပြည့်တန်ဆာမသည် ဥတ္တရာသူဌေးသမီး၏ဦးခေါင်းကို ကျိုက်ကျိုက်ဆူသော ဆီပူထောပတ်ဖြင့် လောင်းချရာ ကြာပြင်းဘေးမြ ရေကဲ့သို့ဖြစ်ရလေ၏၊ မေတ္တာ၏အာနုဘော်ကြောင့် မလောင် မကျွမ်းဟူလို။ ။အဆိပ်မသင့် ဆိုသည်ကား— သံယုတ္တဘာဏက စူဠသိဝမထေရ်၏ ရှေးမယား ဟောင်းသည် စားဘွယ်မုံ့တွင် လတ်တလော သေစေတတ်သော အဆိပ်ကိုခပ်၍ မထေရ်အား ပေးလေ၏၊ မထေရ်သည် အဆိပ်ဘေးမဲ့ပျောက် ချမ်းသာစွာ စားသောက်လေ၏၊ မေတ္တာ၏ အာနုဘော်ကြောင့် အဆိပ်မသင့်ဟူလို။ ။

လက်နက်မစူးမရှ ဆိုသည်ကား သံကိစ္စ သာမဏောသည် သုံးကိုပ်မျှလောက်သော ရဟန်းတို့နှင့်တကွ တရားကိုအား ထုတ်၍နေစဉ် ခိုးသူဒါးမြတို့ဆွဲငင်ယူသွားသန့်လျက်ဓားဖြင့် ခုတ်သော်လည်း မပြတ်၊ မေတ္တာလျှင် အာရုံရှိသော စတုတ္ထဈာန်ကို ဝင်စား၍ နေသောကြောင့် သန်လျက်ဓား သည် ပြေ့ပျောင်း ခွေညွတ်လျက် ထန်းရွက်ကဲ့သို့ဖြစ်သွား လေ၏၊ မေတ္တာ၏အာနုဘော်ကြောင့် လက်နက် မစူးဝင် မရှနိုင် ဟူလို။

ဤသို့ မေတ္တာဝိဟာရီပုဂ္ဂိုလ်၏ကိုယ်၌ မီး, အဆိပ်, လက်နက်တို့သည် မလောင်, မသင့်, မစူးဝင်, မရှနိုင်ကုန်၊ ထို မေတ္တာဝိဟာရီပုဂ္ဂိုလ်၏ ကိုယ်ကို မနှိပ်စက် မဖျက်ဆီး နိုင်ဟု ဆိုလိုသည်။

ဤအရာ၌ သားငယ်ရှိသော နွားမဝတ္ထုကိုလည်း ဆိုကြ ကုန်၏၊ မုဆိုးတယောက်သည် သားငယ်နို့တိုက်၍နေသော နွားမကို အရိုးရှည်သောလှံနှင့် ထိုးလိုက်ရာ လှံသည် နွားမ၏ကိုယ်ကိုထိပြီးလျှင် မစူးဝင်မရှမူ၍ ထန်းရွက်ကဲ့သို့ ခွေလိပ်လျက် သွားလေ၏၊ ထိုသို့ဖြစ်ရခြင်းမှာ ဥပစာရ- မေတ္တာ၏သော်၎င်း, အပ္ပနာ၏သော်၎င်း အစွမ်းအားဖြင့် ဖြစ်သည်မဟုတ်၊စင်စစ်သော်ကား သားငယ်ပေါ်၌ရှိသော ချစ်စိတ်၏ လွန်ကဲခြင်းကြောင့်ပင် ဖြစ်၏၊ မေတ္တာ အတုမျှ သည်ပင် ဤမျှလောက်တန်ခိုးအာနုဘော်ကြီးလျှင် မေတ္တာ အစစ်မှာကား ဆိုဖွယ်ရာမရှိတော့ပြီဟူလို။

၈။ **စိတ်လျင်မြန်စွာတည်ကြည်ခြင်းဆိုသည်ကား**-မေတ္တာ- ဝိဟာရီပုဂ္ဂိုလ်၏စိတ်သည် လျင်လျင်မြန်မြန် တည်ကြည်

တတ်၏၊ စိတ်၏တည်ကြည်ခြင်း၌ နှောင့်နှေးသော အဖြစ်မည်သည် မရှိချေ။

၉။ **မျက်နှာအဆင်းကြည်လင်ခြင်း** ဆိုသည်ကား– အညှာမှကြွေခါနီး ထန်းသီးမှည့်ကဲ့သို့ ထို မေတ္တာဝိဟာရီ ပုဂ္ဂိုလ်၏မျက်နှာသည် အထူးသဖြင့် ကြည်လင်သော အဆင်းရှိ၏။

၁၀။ **မတွေမဝေ သေရခြင်း** ဆိုသည်ကား– မေတ္တာ ဝိဟာရီ ပုဂ္ဂိုလ်အား တွေဝေလျက် သေရခြင်းမည်သည်မရှိ၊ အိပ်ပျော်ခြင်းသို့ ရောက်သကဲ့သို့ မတွေမဝေဘဲ သ္မလျှင် သေရ၏။

၁၁။ **သေသောအခါ ဗြဟ္မာ့ပြည်သို့ ရောက်တတ်ခြင်း** ဆိုသည်ကား-မေတ္တာသမာပတ်မှအထက်အမြင့်ကြီးဖြစ်သော အရဟတ္တဖိုလ်ကိုရ[illegible]င်း၄ါ မစွမ်း[illegible]ိုင်မူ ဤဘဝမှစုတေ၍အိပ်သောယောကျ်ား [illegible]ိုးသောလားသို့ ဗြဟ္မာ့ပြည်၌ ဖြစ်ရ၏။

ဤတဆယ့်တပါးသောအကျိုးတို့တွင်နောက်ဆုံးအကျိုးကား အပ္ပနာသို့ရောက်မှသာ ရကောင်းသည်၊ ကြွင်းသော အကျိုးဆယ်ပါးကား အ[illegible]နာ၏ရှေ့အဘို့ ကာမာဝစရ-မေတ္တာ၌လည်း အဟိုက်အ[illegible]ျောက် ရကောင်း၏ ဟု မှတ်လေ။

မေတ္တာသုတ်အဖွင့်ပြီး၏။

# မေတ္တသုတ် အနက် အဓိပ္ပါယ်

## ''ကရဏီယမေတ္တ''ဟု ဆိုအပ်သော
## သိက္ခာ ၃–ပါး

ယခုအခါ၌ တောကျောင်းနေကုန်သော ငါးရာသော ရဟန်းတို့အား နတ်တို့သည် ပြုအပ်သော ကြောက်မက်ဘွယ်သော အာရုံကို ပယ်ဖျောက်နိုင်သော ပရိတ် အရံအတား အလို့ငှါလည်းကောင်း, ကမ္မဋ္ဌာန်း အလို့ငှါလည်းကောင်း, မေတ္တသုတ်ပရိတ်တော်ကို ဟောတော်မူလို၍ကရဏီယမတ္ထကုသလေန–အစရှိသော ဂါထာကို မိန့်တော်မူ၏။

၁။ ကရဏီယ မတ္ထကုသလေန၊
ယန္တ သန္တံ ပဒံ အဘိသမေစ္စ။
သက္ကော ဥဇူ စ သုဟုဇူ စ၊
သုဝစော စဿ မုဒု အနတိမာနီ။

၁။ သန္တံ၊ ငြိမ်သက်သော။ ပဒံ၊ နိဗ္ဗာန်ကို။ အဘိသ–မေစ္စ၊ ဉာဏ်ဖြင့် သက်ဝင်၍။(ဝိဟရိတုကာမေန၊ နေခြင်းငှါ အလိုရှိသော။)အတ္ထကုသလေန၊ အကျိုးစီးပွား၌ လိမ္မာသော အမျိုးသားသည်။ ယံသိက္ခာတ္တယံ၊ အကြင်သိက္ခာသုံးပါးသည်။ အတ္ထိ၊ ရှိ၏။ တံသိက္ခာတ္တယံ၊ ထိုသိက္ခာသုံးပါးအပေါင်းကို။ ကရဏီယံ၊ဖြည့်ကျင့်အပ်၏။ သက္ကော စ၊ ကိုယ်နှင့်အသက်ကို မငဲ့မညှာ ကျင့်ခြင်းငှါစွမ်းနိုင်သည်လည်း။ အဿ၊ ဖြစ်ရာ၏။ ဥဇု စ၊ကိုယ်,နှုတ်နှစ်ပါး ဖြောင့်မှန်ရိုးသားသည်လည်း။ အဿ၊ ဖြစ်ရာ၏။ သုဟုဇု စ၊ စိတ်နေ စိတ်ထား ဖြောင့်မှန်ရိုးသားသည်လည်း။ အဿ၊ ဖြစ်ရာ၏။ သုဝစော စ၊ ဆိုဆုံးမလွယ်သည်လည်း။ အဿ၊

ဖြစ်ရာ၏။ မုဒုစ၊နူးညံ့သိမ်မွေ့သည်လည်း။အသေ၊ဖြစ်ရာ၏။ အနတိမာနီစ၊ အလွန်မော်ကြွား ထောင်လွှားခြင်း မရှိသည်လည်း။ အသေ၊ ဖြစ်ရာ၏။

ဤသို့ မြတ်စွာဘုရားသည် အချို့သော ပြုအပ်သော ကိစ္စကို မိန့်တော်မူပြီးလျှင်၊ တဖန် ထိုထက်အလွန်ဟောပြတော်မူလိုသည်ဖြစ်၍၊ **သန္တုဿကော စ-စ**သော ဂါထာကို မိန့်တော်မူ၏။

၂။ သန္တုဿကော စ သုဘရော စ၊
အပ္ပကိစ္စော စ သလ္လဟုကဝုတ္တိ။
သန္တိန္ဒြိယော စ နိပကော စ၊
အပ္ပဂဗ္ဘော ကုလေသွ နနုဂိဒ္ဓေါ။

၂။ သန္တုဿကော စ၊ နှစ်သက်ရောင့်ရဲ လွယ်သည်လည်း။ အသေ၊ ဖြစ်ရာ၏။ သုဘရောစ၊ မွေးမြူ လွယ်သည်လည်း၊ အသေ၊ ဖြစ်ရာ၏။အပ္ပကိစ္စော စ၊ နည်းပါးသော အမှုကိစ္စရှိသည်လည်း။ အသေ၊ဖြစ်ရာ၏။ သလ္လဟုကဝုတ္တိစ၊ ပေါ့ပါးသော အဖြစ်မျိုးရှိသည်လည်း။ အသေ၊ ဖြစ်ရာ၏။ သန္တိန္ဒြိယော စ၊ငြိမ်သက်သော ဣန္ဒြေရှိသည်လည်း။ အသေ၊ ဖြစ်ရာ၏။နိပကော စ၊အရာရာ၌ လိမ်မာမြင်သိ ဉာဏ်ပညာ ရှိသည်လည်း။ အသေ၊ ဖြစ်ရာ၏။ အပ္ပဂဗ္ဘောစ၊ကိုယ်,နှုတ်, နှလုံး ကြမ်းကြုတ်ခြင်း မရှိသည်လည်း။ အသေ၊ ဖြစ်ရာ၏။ ကုလေသု၊ အမျိုးတို့၌။ နနုဂိဒ္ဓေါစ၊ တပ်မက်မောခြင်း မရှိသည်လည်း။ အသေ၊ ဖြစ်ရာ၏။

ဤသို့ မြတ်စွာဘုရားသည် ပြုအပ်သောကိစ္စကိုမိန့်တော်မူပြီးလျှင်၊ ယခုအခါ၌ မပြုအပ်သောကိစ္စကိုရင်း, မေတ္တာ

ဘာဝနာကိုငင်း ဟောပြတော်မူလိုသည်ဖြစ်၍ န စ ခုဒ္ဒ မာ-စရေကိဉ္စိ–စသော ဂါထာကို မိန့်တော်မူ၏။

၃။ န စ ခုဒ္ဒ မာစရေကိဉ္စိ၊
ယေန ဝိညူ ပရေ ဥပဝဒေယျုံ။
သုခိနော ဝ ခေမိနော ဟောန္တု၊
သဗ္ဗ သတ္တာ ဘဝန္တု သုခိတတ္တာ။

၃။ ယေန၊ အကြင်အကုသိုလ်စု ဒုစရိုက်မှု ဟူသော ယုတ်မာသော အကျင့်ကြောင့်။ ပရေ ၊ တပါးကုန်သော။ ဝိညူ၊ လိမ္မာသိမြင် ပညာရှင်တို့သည်။ ဥပဝဒေယျုံ၊ ကဲ့ရဲ့ ရှုတ်ချ ပြောဆိုကြကုန်ရာ၏။ ခုဒ္ဒံ၊ ဖျင်းသိမ်ယုတ်ညံ့သော။ ဘံ၊ ထိုအကုသိုလ်စု ဒုစရိုက်မှုဟူသော အကျင့်ယုတ်ကို။ ကိဉ္စိ၊ စိုးစဉ်းမတ္တ အနည်းငယ်မျှပင် ဖြစ်သော်လည်း။ နစ-အာစရေ၊ မပြုမကျင့်ရာ။ သဗ္ဗ သတ္တာ၊မကြွင်းဥဿုံအလုံးစုံ ကုန်သော သတ္တဝါတို့သည်။ သုခိနောဝါ၊ ချမ်းသာသော ကိုယ် ရှိကုန်သည်ငင်း။ ခေမိနော ဝါ၊ ဘေးကင်းကုန်သည် ငင်း။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ သုခိတတ္တာ၊ ချမ်းသာခြင်းသို့ရောက်သော စိတ်ရှိကြကုန်သည်။ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

၁။၂။၃။ ပြဆိုခဲ့ပြီးသော သုံးဂါထာတို့တွင် ပဌမ ဂါထာဝယ် **ကရဏီယ-လ-အဘိသမေစ္စ-** ဟူသော ပါဌ်ကား ကျင့်ကြံအားထုတ်ရမည့်တရားဟု ဆိုအပ်သော ‘‘ကရဏီ-ယမေတ္တ’’ကို အကျဉ်းအားဖြင့် ပြဆိုတော်မူသည့် သင်္ခေပ-ဒေသနာတည်း၊ ဤသင်္ခေပ ဒေသနာဖြင့် ပြဆိုတော်မူသည့် ‘‘ကရဏီယမေတ္တ’’ဟူသည်ကား သိကြ သုံးပျိုးပုံ ဖြစ်သည်။ ရေး၊ဦး၊ခိ၊ဌ

စာ ပြ ည့် ထို က်
၂၁၇၉၁
ထ ဋ္ဌာ ၈ ဆ ၊ - ရှ န် ထု န် ။

တတ္တ သခေ်ပတော သိက္ခာတ္တယံကရဏီယံ၊ (သုတ္တနိပါတ် အဋ္ဌကထာစသည်။)

သိက္ခာ ၃-ပါးဟူသည်ကား

၁။ "အဓိသီလသိက္ခာ"ဟူသော သီလ
၂။ "အဓိစိတ္တသိက္ခာ"ဟူသော သမာဓိ
၃။ "အဓိပညာသိက္ခာ"ဟူသောပညာ

ဤကား သိက္ခာသုံးပါးတည်း။

ဤသိက္ခာသုံးပါးဟူသည် အခြားမဟုတ် မဂ္ဂင်ရှစ်ပါး ပင်ဖြစ်သည်၊ မဂ္ဂင်ရှစ်ပါးကို သိက္ခာသုံးပါးဖြင့် သိမ်းယူ သင်္ဂြိုဟ်၍ ယူရသည်၊ ယူပုံကား—

| | | |
|---|---|---|
| ၁။ | သမ္မာဒိဋ္ဌိ | ပညာ။ |
| ၂။ | သမ္မာသင်္ကပ္ပ | |
| ၃။ | သမ္မာဝါစာ | သီလ။ |
| ၄။ | သမ္မာကမ္မန္တ | |
| ၅။ | သမ္မာအာဇီဝ | |
| ၆။ | သမ္မာဝါယာမ | သမာဓိ။ |
| ၇။ | သမ္မာသတိ | |
| ၈။ | သမ္မာသမာဓိ | |

ဤ၌ ကုသိုလ်တရားတို့တွင် အကြီးအမှူးဖြစ်သော ကြောင့် သမ္မာဒိဋ္ဌိပညာကို အဦးထား၍ ဟောကြားတော် မူသည်၊ လောကုတ္တရာ၏ ရှေးအဘို့ ကျင့်စဉ်အားဖြင့်ကား သီလကို ရှေးဦးစွာ ကျင့်ရမည်၊ သီလကို စောင့်ပြီးလျှင် သမာဓိ၌ရပ်တည်၍ ဝိပဿနာပညာကို အကြိမ်ကြိမ် ပွါး များနိုင်မှသာ မဂ်,ဖိုလ်,နိဗ္ဗာန် ဝင်စံနိုင်မည်။

**အဓိသီလသိက္ခာ၌** ''သီလ'' ဟူသည် ကာယဒုစရိုက်, ဝစီဒုစရိုက်တို့မှ ကြဉ်ရှောင်မှုဟူသော ဝိရတိသဘောပင် ဖြစ်ရကား သီလမျိုးသက်သက်ဖြစ်သော သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဟူသော ဝိရတိမဂ္ဂင်သုံးပါး သည် ''သီလ''၌ဝင်သည်ဟု မှတ်အပ်၏။

**အဓိစိတ္တသိက္ခာ၌** ''သမာဓိ''ဟူသည် သမထ,ဝိပဿနာ အာရုံတခုခု၌ ရပ်တည်၍ နေမှု,အာရုံတပါးသို့ စိတ်မသွား မှုပင် ဖြစ်သည်၊ အာရုံတခုခု၌ ရပ်တည်၍ နေမှုလည်း ဝီရိယဖြင့် နှိုးဆော်ပါမှ, အာရုံတပါးသို့ စိတ်မသွားမှု လည်း သတိဖြင့်စောင့်ကြပ်မှသာ ဖြစ်နိုင်လေသည်။

ဥပမာသော်ကား—အဆွေခင်ပွန်း သုံးယောက်တို့သည် ပန်းကိုပန်ဆင်လို၍ ဥယျာဉ်သို့လှည့်လည်ရာ ပွင့်လျက်ရှိ သော စကားပင်တခုကိုမြင်၍ တယောက်ကလက်ဖြင့်လှမ်း ၍ပန်းကို ဆွတ်ယူမည့်ပြုသည်တွင် မမှီနိုင်ရှိ၍ တယောက်က ကုန်း၍ကျောကိုပေး၏၊ ထိုအခါ ထိုသူ၏ ကျောပေါ်သို့တက် ၍ပန်းကိုခူးယူမည့်ပြုသော်လည်းကျောပေါ်၌မြဲမြဲမရပ်နိုင်၊ တုန်တုန်လှုပ်လှုပ် ရှိသောကြောင့် မတုန်မလှုပ် မြဲရအောင် တယောက်က ပခုံးဖြင့် ဝင်၍ အကိုင်ခံရလေ၏၊ ထိုအခါ မြဲစွာရပ်၍ အလိုရှိသောပန်းတို့ကို ရွေးယူဆွတ်ခူး ပန်ဆင်ရဘိသကဲ့သို့ သမာဓိသည် မိမိချည်း သက်သက် သမထ,ဝိပဿနာ အာရုံ၌ ရပ်၍မတည်နိုင်၊ ဝီရိယသည် ကုန်း၍ခံသောအဆွေခင်ပွန်းကဲ့သို့ အာရုံတခုခု၌ ရပ်တည် ၍ နေရအောင် ထောက်ပင့်အပ်သည်ဖြစ်၍ သတိသည် ပခုံးဖြင့်ဝင်၍ အကိုင်ခံသော အဆွေခင်ပွန်းကဲ့သို့ အာရုံ

တပါးသို့ မသွားရအောင် စောင့်ကြပ်မှုသာ သမာဓိသည် ပန်းကိုဆွတ်ခူးသော အဆွေခင်ပွန်းကဲ့သို့ ငြိမ်သက် တည်ကြည်ခြင်း သမာဓိကိစ္စကို ပြီးစီးနိုင်လေသည်။

ယင်းသို့ သမ္မာဝါယာမနှင့်သမ္မာသတိသည် သမ္မာသမာဓိ၏ အသင်းအပင်းဖြစ်ရကား သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဟူသော ဤမဂ္ဂင်သုံးပါးသည် "သမာဓိ"၌ ဝင်သည်ဟု မှတ်အပ်၏။

**အဓိပညာသိက္ခာ၌** "ပညာ"ဟူသည် သစ္စာ လေးပါးကို လင်းလင်းထင်ထင် သိမြင်မှုပင်ဖြစ်သည်၊ ထိုသို့ သိမြင်မှုလည်း ဝိတက်ဖြင့် သိမြင်ကွက်ပေါ်အောင် အချက်တွေကို ရှာကြံ၍ ပေးမှုသာ ဖြစ်နိုင်သည်။

ဥပမာသော်ကား– ပန်းထိမ်ဆရာသည် ရွှေငွေ အသပြာကို လက်၌ထား၍ သေချာစွာ,ကြည့်ရှုလိုသော်လည်း မျက်စိသက်သက်ဖြင့် ပြောင်းပြန်လှန်ကာ ကြည့်ရှုခြင်းငှါ မစွမ်းနိုင်၊ လက်ဆစ်တို့ဖြင့် ထိုမှဤမှ လှည့်၍ ပေးမှုသာ အလိုရှိတိုင်း ကြည့်ရှုနိုင်သကဲ့သို့ ပညာသည် သင်္ခါရအာရုံကို မိမိချည်း သက်သက် ယှဉ်ဆုံးဖြတ်ခြင်းငှါ မစွမ်းနိုင်၊ ဝိတက်ဖြင့် ကြံစည်ဆင်ခြင်၍ ပေးမှုသာ ပညာသည် အာရုံကို အနိစ္စစသည်၏အစွမ်းဖြင့် သိမြင်ဆုံးဖြတ်နိုင်လေသည်၊ သမ္မာသင်္ကပ္ပမဂ္ဂင် အချက်ပေးကောင်းမှ သမ္မာဒိဋ္ဌိ မဂ္ဂင် ပွင့်လင်းနိုင်မည်ဟု ဆိုလိုသည်။

ယင်းသို့ သမ္မာသင်္ကပ္ပသည် ပညာ၏ရှေ့သွားဖြစ်ရကား သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ ဟူသော ဤ မဂ္ဂင်နှစ်ပါးသည် "ပညာ"၌ ဝင်သည်ဟု မှတ်အပ်၏။

ယခု ပြဆိုခဲ့ပြီးသော ဥပမာတို့ကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ စသည် တို့၌ မိန့်ဆိုတော်မူ၏။

ပိဋကတ်သုံးပုံတို့တွင် ဝိနည်း ပိဋကတ်ကို အဓိသီလ သိက္ခာဖြင့် သိမ်းယူသဂြိုဟ်ရသည်၊ သုတ္တန် ပိဋကတ်ကို အဓိစိတ္တသိက္ခာဖြင့် သိမ်းယူ သဂြိုဟ်ရသည်၊ အဘိဓမ္မာ ပိဋကတ်ကို အဓိပညာ သိက္ခာဖြင့် သိမ်းယူ သဂြိုဟ်ရသည်၊ ထို့ကြောင့် သိက္ခာသုံးပါး ဟူသည်,မဂ္ဂင်ရှစ်ပါးဟူသည်, ပိဋကတ်သုံးပုံဟူသည်အရအတူတူပင်ဖြစ်သည်ဟုမှတ်ရာ၏။

## အချုပ်မှတ်ရန်မှာ

လူတို့မှာ မဂ်ဖိုလ်နိဗ္ဗာန်ကိုတောင့်တရည်မှတ်၍ကျင့်အပ် ဆောက်တည်အပ်သော ငါးပါးသီလ,ဆယ်ပါးသီလသည် "အဓိသီလသိက္ခာ"မည်၏၊ရဟန်းသံဃာများမှာ ပါတိ- မောက္ခသံဝရ သီလသည် "အဓိသီလသိက္ခာ"မည်၏။

သစ္စာနုလောမိက ဝိပဿနာဉာဏ်၏ အခြေပါဒဖြစ်စေ ခြင်းငှါ အားထုတ်အပ်သော ဈာန်သမာပတ် တရားသည် "အဓိစိတ္တသိက္ခာ"မည်၏။

လေးတန်ကုန်သော မဂ်ဉာဏ်တို့၏ အခြေပါဒ မူလ အကြောင်းရင်းစစ် ကေန်ဖြစ်သော"ခန္ဓာငါးပါး ရုပ်နာမ် တရားမှတပါး ပုဂ္ဂိုလ်သတ္တဝါဟူ၍မရှိ၊ယင်း ခန္ဓာငါးပါး ရုပ်နာမ်တရားလည်း အနိစ္စသာ ကေန်, ဒုက္ခသာ ကေန်, အနတ္တသာကေန် မုချမှန်သည်"ဟု သိနိုင် မြင်နိုင်သော သစ္စာနုလောမိက ဝိပဿနာဉာဏ်သည်"အဓိပညာသိက္ခာ" မည်၏၊ ဤသို့ တိုတိုနှင့် လိုရာကိုမှတ်လေ။

ဝဋ်ကို တောင့်တ၍ ပြုလုပ်အားထုတ်အပ်သော သီလ, စိတ္တ,ပညာ တရားတို့ထက် ဝဋ်မှထွက်မြောက်လို၍ ပြုလုပ်အားထုတ်အပ်သော သီလ,စိတ္တ,ပညာ တရားတို့သည် လွန်မြတ်သောကြောင့် အဓိသဒ္ဒါနှင့်တကွ အဓိသီလ,အဓိစိတ္တ, အဓိပညာဟု ဟောတော်မူသည်၊ ဘုရားတဆူတဆူ ပွင့်တော်မူမှသာ နိဗ္ဗာန်ပြီးမြောက် ရောက်စေခြင်း အကျိုးငှါ ဖြစ်လာ ပေါ်လာသော သီလ, စိတ္တ, ပညာ ဖြစ်သောကြောင့် လွန်မြတ်သော သီလ, လွန်မြတ်သော စိတ္တ, လွန်မြတ်သော ပညာဖြစ်သည် ဟူလို။

## မေတ္တာပုဗ္ဗဘာဂပဋိပဒါတရား ၁၅-ပါး

ပဉ္စမဂါထာ သင်္ကေပုဒ်မှစ၍ တတိယ ဂါထာဝယ် န စ ခုဒ္ဒံ သမာစရေ ကိဉ္စိ ယေန ဝိညူ ပရေ ဥပဝဒေယျုံ တိုင်အောင်သော ပါဌ်တို့ကား အကျဉ်းသင်္ခေပ ဒေသနာဖြင့် မသိကြကုန်သော ရဟန်းတို့အား သိစိမ့်သောငှါ အကျယ်ဝိတ္ထာရအားဖြင့် ပြတော်မူသည့် ဒေသနာတည်း၊ ထိုအကျယ် ဝိတ္ထာရဒေသနာဖြင့် မေတ္တာမပွါးမီ ရှေးအဘို့၌ ပြည့်စုံစေရာသော "မေတ္တာပုဗ္ဗဘာဂ ပဋိပဒါတရား" တဆယ့်ငါးပါးတို့ကို ပြတော်မူ၏။

### ၁၅-ပါးသရုပ်ကား

၁။ သက္ကော - [illegible]စွမ်းနိုင်ရမည်။
၂။ ဥဇူ - [illegible]ဖြောင့်မတ်ရမည်။
၃။ သုဟုဇူ - အလွန်ဖြောင့်မတ်ရမည်။
၄။ သုဝစော - ဆိုဆုံးမလွယ်ရမည်။

၅။ မုဒု-နူးညံ့သိမ်မွေ့ရမည်။
၆။ အနတိမာနီ-မာနမကြီးရ။
၇။ သန္တုဿကော-နှစ်သက်ရောင့်ရဲရမည်။
၈။ သုဘရော-အမွေးအမြူလွယ်ရမည်။
၉။ အပ္ပကိစ္စော-အမှုကိစ္စနည်းရမည်။
၁၀။ သလ္လဟုကဝုတ္တိ-ပေါ့ပါးသောအဖြစ်မျိုးရှိရမည်။
၁၁။ သန္တိန္ဒြိယော-ငြိမ်သက်သောဣန္ဒြေရှိရမည်။
၁၂။ နိပကော-ရင့်သန်သောဉာဏ်ပညာရှိရမည်။
၁၃။ အပ္ပဂဗ္ဘော-ကြမ်းတန်းသော အမူအရာများ မရှိစေရ။
၁၄။ ကုလေသွနနုဂိဒ္ဓေါ-အမျိုးတို့၌ စွဲလမ်းခြင်း မရှိစေရ။
၁၅။ န စ ခုဒ္ဒမာစရေကိဉ္စိယေနဝိညူပရေဥပဝဒေယျုံ-ပညာရှိများ ကဲ့ရဲ့ကြမည့်အမှုမှန်က အနည်းငယ်မျှမပြုမကျင့်ရ။

ဤကား မေတ္တာပုဗ္ဗဘာဂပဋိပဒါတရား တဆယ့်ငါးပါးသရုပ်တည်း။

ဤ မေတ္တာပုဗ္ဗဘာဂပဋိပဒါအကျင့်ရှိသော သူတို့မှာ မေတ္တာတရားပွားများပို့သရန် လွယ်ကူ၍ ဒေါသတရားဖြစ်ပွါးကျူးလွန်ရန်ခဲယဉ်း၏၊ ထို့ကြောင့် မေတ္တာဘာဝနာ ပွါးလိုသောသူတို့သည် ရှေးဦးစွာ ဤမေတ္တာပုဗ္ဗဘာဂပဋိပဒါအကျင့်တရားတို့နှင့်ပြည့်စုံအောင်ကျင့်ဆောင်ကြကုန်ရာ၏။

## ၁။ သက္ကော-ပြုစွမ်းနိုင်ရမည်

“ပြုစွမ်းနိုင်ရမည်”ဆိုသည်ကား မိမိပြုလုပ်မည့်အလုပ်ကို တတ်မြောက်နားလည်ပြီး၍ ပြုလုပ်ရန် စွမ်းနိုင်သူဖြစ်ရမည်၊ ပြုလုပ်သည့်အခါ၌လည်း ကိုယ်နှင့်အသက်ကို မငဲ့မကွက် မဖြစ်ဖြစ်အောင်ကြိုးဆောင်ကြိုးကုတ် အားထုတ်လုပ်ကိုင်နိုင်သူဖြစ်ရမည်ဟု ဆိုလိုသည်။

စီးပွားဥစ္စာကိုရှာဖွေသော လောကီအလုပ်ကိုဖြစ်စေ, မဂ် ဖိုလ်ရကြောင်းတရားကိုအားထုတ်သောလောကုတ္တရာအလုပ်ကိုဖြစ်စေ ပြုလုပ်သည့်အခါ မတတ်မလိမ်မာသေးဘဲ ပြုလုပ်ပါလျှင် “ရေကူးမတတ်ဘဲ- ရေကူးသောသူ” ကဲ့သို့ ဆုံးရှုံးနစ်နာခြင်းသို့ပင် ရောက်တတ်လေသည်၊ ထို့ကြောင့် မည်သည့်အလုပ်ကိုမဆို မပြုလုပ်မီ ရှေးအဘို့က ပင် မိမိကိုယ်တိုင် ရေရေလယ်လယ် တတ်မြောက်နားလည်ပြီးမှ ပြုလုပ်ရမည်၊ ပြုလုပ်ရာတွင်လည်း ရုတ်တရက်အကျိုးကို မမြင်သော်လည်းစိတ်ပျက်လက်ပျက်ခြင်းမရှိဘဲ ဉာဏ်ပညာရှေ့သွားသော ဝီရိယတရားဖြင့် စိတ်ရှည်လက်ရှည် စွမ်းနိုင်သမျှ ကြိုးစားအားထုတ်ပြုလုပ်သင့်၏။

ဤလောက၌ ယောကျ်ားတို့၏ စွမ်းရည်သတ္တိဖြင့်ပြုလုပ် ထမြောက်မည့် အရာမှန်လျှင် “မဖြစ်တန်ဘူး” ဟူ၍ အားလျှော့အားကျနေခြင်းကိုမပြုထိုက်ချေ၊ “တနေ့နေ့ကေန် ဖြစ်ရမည်”ဟု ဝီရိယဓာတ်တက်သန်စွာနှင့် မနေမနား ကြိုးစားရမည်ဟု ဆိုလိုသည်၊ “ယခုရေတွင်းတူး–ယခုရေကြည်သောက်” ဆိုသောစကားကဲ့သို့ အလျင် အမြန်

လည်း အကျိုးကိုမလိုလားရာ၊ ရှိုညွှန်၍ စိုက်အပ်သော တိုင်ကဲ့သို့ မခိုင်မမြဲ ယိုင်လည်းဆုတ်နစ်၍လည်းမသွားရာ၊ သည်းခံအောင့်အဉ်းကာ ဇွဲကောင်းကောင်းနှင့် ပြုလုပ်ရ မည်ဟု ဆိုလိုသည်၊ မဖြစ်လျှင်မနေဟု ကိုယ်နှင့်အသက် ကိုပင် ငဲ့ကွက်ခြင်းမရှိဘဲ ရဲရဲဝံ့ဝံ့စွန့်စွန့်စားစား စွဲစွဲမြဲမြဲ လုံ့လဝီရိယနှင့် ပြည့်စုံမှုကို ''ဇွဲကောင်းသည်''ဟု ဆိုသည်၊ ဇွဲကောင်းသောသူသည် အလုပ်ကိုပြုလုပ်ရာတွင် မယိမ်း မယိုင် ကျောက်စာတိုင်ကဲ့သို့ ခိုင်မြဲတည်တံ့လေ့ရှိ၏၊ သူတ ပါးကိုမှီခိုလိုသော စိတ်ဆန္ဒမျိုးကိုမွေးမြူလေ့မရှိချေ၊ မိမိ သည် သူတပါး၏ မှီခိုအားထားရာဖြစ်အောင်သာ ကြိုး ဆောင်လေ့ရှိ၏၊ ထိုကဲ့သို့သောပုဂ္ဂိုလ်သည်နှုတ်ကမေတ္တာ မပို့သော်လည်း အများအကျိုးဆောင်ပုဂ္ဂိုလ်ဖြစ်၍ မေတ္တာ ပွါးများပြီးသားပင် ဖြစ်ချေသည်။

ရဲဝံ့စွန့်စား၍ ပြုလုပ်ကြိုးပမ်းလျက်နှင့် အကယ်၍အထမ မြောက်သည်ဖြစ်အံ့၊ အကျိုးမပြီးရှိသာဖြစ်၏၊ တစုံတရာအ ပြစ်မဆိုသာချေ၊ ထို့ကြောင့် ကိုယ်နှင့်အသက်ကို မငဲ့ကွက်မ ညှာတာဘဲ မပေါ့တန်သောသဘောဖြင့်ကြိုးစားအားထုတ် သင့်၏၊ ထိုသို့အားထုတ်သဖြင့် ထမြောက် အောင်မြင်လာ သောအခါ ''ကမ္ဘာကြေသော်လည်း-ဥဒါန်းမကြေ'' ဆို သည့်အတိုင်း ကြီးကျယ်စွာသောအကျိုးထူးများကို ခံစားနိုင် ခွင့် ရရှိလေသတည်း။

နိပ္ဖန္နသောဘနော အတ္တော။
ခန္တျာ ဘိယျော နဝိဇ္ဇတိ။
(သဂါထာဝဂ္ဂသံယုတ်ပါဠိတော်)

အတွေ့၊ အကျိုးစီးပွါးမည်သည်။ နိပ္ပန္နသောဘနော၊ ဖြစ်မြောက်ပါက တင့်တယ်လှပေ၏။ခန္တျာ၊ မဖြစ်ဖြစ်အောင် ကြံဆောင်ရာဝယ် ဇွဲသန်သန်နှင့်သည်းခံခြင်းထက်။ ဘိယျော၊ အလွန်အမင်း။ နဝိဇ္ဇတိ၊ ပြုလုပ်ဘွယ်မရှိတော့ချေ။

## ၂။ ဥဇု ဖြောင့်မတ်ရမည်

''ဖြောင့်မတ်ရမည်'' ဆိုသည်ကား- ကိုယ်,နှုတ်နှစ်ပါး ဖြိုးသားဖြောင့်မတ်ရမည်ဟု ဆိုလိုသည်။

ဤ''ဥဇုဂုဏ်'' နှင့်ပြည့်စုံသောသူသည် ကိုယ်ဖြင့်ပြုလုပ်ရာတွင် မရိုးမဖြောင့် လှည့်ဖြားသောအမှု,ကောက်ကျစ်စဉ်းလဲသောအမှုတို့ကို မပြုမလုပ်မူ၍ ပြုသင့်သမျှအကွက်ကျကျ ပွင့်ပွင့်လင်းလင်း ပြုလုပ်တတ်၏၊ နှုတ်ဖြင့် ပြောဆိုရာတွင်လည်း မရိုးမဖြောင့် လှည့်ဖြားသောစကား, ကောက်ကျစ်စဉ်းလဲသောစကားတို့ကို မပြောမဆိုမူ၍ ပွင့်လင်းကြီးပြောဆိုတတ်၏၊ နှုတ်ထွက်သောအတိုင်း ကိုယ်ကပြုလုပ်တတ်၏၊ ကိုယ်ပြုလုပ်သောအတိုင်း နှုတ်ကထွက်တတ်၏၊ ထိုကဲ့သို့သောသူတို့ကို ''ယဟာဝါဒီ တထာကာရီ- ယထာကာရီ တဟာဝါဒီဂုဏ်''နှင့် ပြည့်စုံသည်ဟု ဆိုကြကုန်၏၊ ''ပြုတိုင်းပြော- ပြောတိုင်းပြု'' ဆိုသော ပုဂ္ဂိုလ်မျိုးပေတည်း။

ဤ ''ဥဇုဂုဏ်''နှင့်မပြည့်စုံသောသူသည်ကား မိမိ၌ထင်ရှားမရှိသော ဂုဏ်များကိုပင် ဂုဏ်ယောင်ဆောင်၍ ပလွှားပါးလွှားတတ်၏၊ အသွယ်တကာလည်း နှုတ်ကိုဖွင့်လှစ်ကာ ပြောဆိုဝန်ခံတတ်၏၊ မိမိပြောဆိုဝန်ခံသော ကတိအတိုင်း မပြုလုပ်တတ်ချေ၊ ပြုမှုလုပ်ကိုင်သောအခါ တမျိုးတမည်ကို

လုပ်ကိုင်ဆောင်ရွက်တတ်၏၊ ထိုကဲ့သို့သောသူတို့ကိုရည်၍ “ကတိခံလွယ်၏-အကယ်မဟုတ်”ဟု ဆိုကြကုန်၏။

သမာဓိနှင့်ပြည့်စုံ၍ ဥဇုဂုဏ်ရှိသောသူတို့သည်ကား အလွယ်တကူဝန်ခံမှုကိုမပြုလုပ်ကြကုန်၊ ဝန်ခံချက်များကိုမပျက်မကွက်စေရန် ကြိုးစားတတ်ကြကုန်၏၊ ထို့ကြောင့် မိမိ၏ကတိသစ္စာများကို မပျက်မကွက်စေရန် “ဆိုခဲစေ-မြဲစေ” ဆိုသည့်အတိုင်း မည်သည့်အရာကိုဖြစ်စေ ဝန်ခံမည့်အခါ ရုတ်တရက်ဝန်မခံသေးဘဲ စဉ်းစားနှိုင်းချိန်၍ မိမိဆောင်ရွက်မည့်အရာ မှန်ပါမှ ဝန်ခံမိအောင် အထူးသတိပြုသင့်ပေ၏။

## ၃။ သုဟုဇု-အလွန်ဖြောင့်မတ်ရမည်

“အလွန်ဖြောင့်မတ်ရမည်”ဆိုသည်ကား အရာရာမှာ သိတတ်စွာနှင့် အတွင်းစိတ် သဘောထား ရိုးသားဖြောင့်မတ်ရမည်ဟု ဆိုလိုသည်။

ဤ“သုဟုဇုဂုဏ်”နှင့်ပြည့်စုံသောသူတို့မှာ မိမိ၏အပြစ်များကိုပင် ဖုံးဘိ၍ထားလိုသော စိတ်ဆန္ဒမျိုးမရှိနိုင်ချေ၊ လောက၌ စိတ်သဘော ဖြူဖြောင့်၍ သုဟုဇုဂုဏ်ရှိသောပုဂ္ဂိုလ်များချည်းသာဖြစ်ခဲ့ပါလျှင်အချင်းချင်း ယုံကြည်စိတ်ချနိုင်၍ဘေးရန်အန္တရာယ်အရှက်မရှိဘဲ ချမ်းသာကြည်အေးစွာ နေထိုင်ကြဘို့ရန်သာ အကြောင်းရှိ၏၊ ထို့ကြောင့် ထိုကဲ့သို့သော သူတို့သည် နှုတ်က အထူးမေတ္တာမပို့သော်လည်း မေတ္တာပွါးများပြီးသားပင် ဖြစ်ချေသည်။

ဤလောက၌ လူတို့၏အသွင်အပြင်နှင့် စကားသံများကို မြင်သောအတိုင်း,ကြားသောအတိုင်း ဟုတ်လှပြီဟု ယုံ

ကြည်စိတ်ချနိုင်ရန် ခဲယဉ်းလှ၏၊ အချို့သူတို့သည်အတွင်းက ဆိုးဝါးကောက်ကျစ်လျက် ဟန်ဆောင်သော အသွင်အပြင် စကားသံတို့ဖြင့် လူများကို သွေးဆောင် ဖြားယောင်းတတ်ကြကုန်၏၊ ထိုသူတို့နှင့် ပေါင်းသင်းဆက်ဆံမိက ဘေးရန် အနှောင့်အရှက် အမျိုးမျိုးနှင့် တွေ့ကြုံတတ်လေသည်၊ထိုကဲ့သို့သော ဝမ်းတွင်းကောက်ပုဂ္ဂိုလ်တို့ကိုရည်၍ "အပြောက များသကာ- မနောကခါးပမာ" ဟု ဆိုကြကုန်၏၊ ထို့ကြောင့် အပြင်ဗန်းရုပ်သွင်ကောင်း၍ စကားသံ ချိုရုံမျှနှင့် ခါတ်ရင်းသဘောကိုမသိဘဲ အလျင်တဆောယုံကြည်စိတ်ချခြင်းကိုမပြုလုပ်ထိုက်ချေ။

အချို့သူတို့သည်လည်း ပြုတန်သောအရာ, ပြောသင့်သောအရာတို့၌ အားနာခြင်းသဘောဖြင့် ဝတ်ကြေဝတ်ကုန် မရှက်ဆောင်ကြဘဲ ချွင်းချန်၍ ထားတတ်ကြကုန်၏၊ ထိုသူတို့၌ ကောက်ကျစ်စဉ်းလဲလိုသော သဘောဆိုးမျိုး မရှိသော်လည်း ထိုအားနာတတ်ခြင်း သဘောရှိသောသူကို သုဟုဇုဂုဏ်နှင့် ပြည့်စုံပေသည်ဟု မဆိုသာချေ၊ "အားနာလျှင်- အားပါတတ်သည်" ဆိုသည့်အတိုင်း အားနာနေခြင်းအားဖြင့် ရံခါမိမိအကျိုးစီးပွားများ ဆုံးပါးနစ်နာတတ်လေသည်၊ ရံခါသူတပါး အကျိုးစီးပွားများလည်း ပျက်ပြားတတ်လေသည်၊ "နှလုံးကောင်းဝန်ကြီး" ဆိုသည့်အတိုင်း အားနာတတ်ခြင်းဟူသော နှလုံးကောင်းခြင်းသဘောအားဖြင့် မိမိအပေါ်မှာ တာဝန် များပြားစွာနှင့် အနှောင့်အရှက် ဒုက္ခကိုပေးသော အရာများကိုလည်း တွေ့ကြုံရတတ်လေသည်၊ ထို့ကြောင့် အရာအားလျော်စွာ အားမနာသင့်က အားနာခြင်းကို မပြုဘဲ

ဝတ်ကြေဝတ်ကုန်ရှုက်ဆောင်ရာ၏၊ ထိုသို့ရှုက်ဆောင်ခြင်း အားဖြင့်မိမိအပေါ်မှာဝန်မတင်ဘဲရှင်းလင်း၍သွားလေ၏။

ထို့ကြောင့် အရာရာမှာ ဆင်ခြင်စဉ်းစား၍ ကိုယ်နှုတ်နှလုံး သုံးပါးကို တသားတည်းကျအောင် ဖြောင့်စင်းညီညွတ်စွာ ဆောင်ရွက်လုပ်ကိုင်ရန် အထူး သတိပြုသင့်၏၊ ထိုကဲ့သို့သောပုဂ္ဂိုလ်မျိုးမှ ''ဥဇုဂုဏ် ,သုဟုဇုဂုဏ်'' တို့နှင့်ပြည့်စုံ၍ မိမိအကျိုး သူတပါးအကျိုးတို့ကို တိုးတက်စေအောင်ရွက်ဆောင်နိုင်လေသည်။

## ၄။ သုဝစော-ဆိုဆုံးမလွယ်ရမည်

''ဆိုဆုံးမလွယ်ရမည်'' ဆိုသည်ကား- တရားသဖြင့် ဆိုဆုံးမသည်ကို အလွယ်တကူနာယူလျက် ဆိုဆုံးမသည့်အတိုင်း တသဝေမတိမ်းဘဲ လိုက်နာကျင့်ကြံ ပြုလုပ်ရမည်ဟုဆိုလိုသည်။

အကြင်သူသည် ဤအမှုကိုမပြုသင့်ဟု ဆိုဆုံးမသည်ကို သို့လောသို့လော တွေးတောပြန်လှန် ဆင်ခြေကန်တတ်၏၊ မိမိအား ဆုံးမစကား ပြောကြား လာသည်ကိုမူလည်း မကြိုက်မနှစ်သက်တတ်၊ ဆုံးမသောအခါ လိုက်နာပါမည်ဟု ဝန်ခံလျက်လည်း ထိုဆုံးမသည့်အတိုင်း လိုက်နာ၍မပြုကျင့်တတ်၊ ထိုကဲ့သို့သောသူကို အပြောခက် အဆိုခက် ဖြစ်ရကား မည်သူကမျှ သတိပေးဆုံးမစကား ပြောကြားခြင်းငှါ အလိုမရှိကြပေ၊ ထို့ကြောင့် ထိုသူမှာ လောကီ လောကုတ္တရာ နှစ်ဖြာအကျိုး မတိုးမပွါး ပျက်ပြားဘို့သာ အကြောင်းရှိ၏။

အကြင်သူကား ဆိုဆုံးမသည်ရှိသော်“ကောင်းလှပါပြီ၊ မိမိအပြစ်ကို မိမိမြင်နိုင်ခဲ၏၊ နောင်ကိုလည်း ဤကဲ့သို့ မသင့်မတော်သည်ကို တွေ့မြင်ခဲ့ပါမူ သနားသဖြင့် ဆိုဆုံးမပါ၊ အရှင်တို့ထံမှ အကျွန်ုပ်အဆုံးအမကို ကြာမြင့်မှ ရပါပေသည်”ဟု ကျေးဇူးတင်ကာ အရိုအသေနာခံမှတ်ယူတတ်၏၊ ဆိုဆုံးမတိုင်းလည်း တသဝေမတိမ်းဘဲလိုက်နာ၍ ကျင့်ကြံအားထုတ် ပြုလုပ်တတ်၏၊ ထိုကဲ့သို့သော သူသည် သက်ကြီး,မိဘ,ဆရာသမားစသည်တို့ထံမှ ဆုံးမပဲ့ပြင် သွန်သင်စကားရနိုင်ရကား တနေ့တခြား တက်နေ့လားသို့ ကြီးပွါးခြင်းသို့သာ ရောက်တတ်လေ၏။

ဤ“သုဝစဂုဏ်”အင်္ဂါ၌ လူငယ်ကလူကြီး၏ စကားကို နားထောင်ရမည်ကိုသာ ဆိုလိုသည်ဟု မမှတ်လင့်၊လူကြီးကလည်း လူငယ်က ပြောကြားလာသည်ကို အကြောင်းယုတ္တိနှင့် ပြည့်စုံ၍ အကျိုးရှိလျှက် လိုက်နာသင့်သောစကား ဖြစ်မူ ပယ်ရှားခြင်းငှါ မသင့်လျော်ချေ၊ ရွှေငွေဥစ္စာ ရတနာကိုပေးလာသော သူကိုကဲ့သို့ မှတ်ယူကာ လိုက်နာသင့်ပေသည်။

ထို့ကြောင့် ကိုယ်တော်မြတ်သည်ပင် ထိုနေ့ရှင်ပြုပေးသော ခုနစ်နှစ်ရွယ်သား ရှင်သာမဏေငယ်၏ စကားကိုပင် မြတ်နိုးတနာလိုက်နာပြုကျင့်ဘူးသော တရားစစ်သူကြီး အရှင်သာရိပုတြာ မထေရ်၏ထုံးကို၎င်း, ဆုံးမသြဝါဒကို အရိုအသေ လိုက်နာပြုကျင့်လျှက် နှစ်ရက် သုံးရက်ဖြင့် အရဟတ္တဖိုလ်သို့ ရောက်သော အရှင်ရာဓမထေရ်၏ထုံးကို ၎င်း,နံနက်စောစော လက်တော်ဖြင့် သဲစုကိုယူတော်မူပြီး

လျှင် ''ယနေ့အဘို့ ဤသဲစုံနှင့်အမျှ ဆုံးမဩဝါဒများကို ရပါစေသား''ဟု တောင်းဆိုလေ့ရှိသော အရှင်ရာဟုလာ မထေရ်၏ ထုံးကိုရင်း နှလုံးပြုကာ မိမိအားဆုံးမစကား ပြောကြားလာသောအခါ တခွန်းတည်းသော စကားဖြင့် ပင် စိတ်မဆိုးဘဲ ''ကောင်းလှပါပြီ''ဟု လိုက်နာပြုကျင့်နိုင် သော ''သုဝစဂုဏ်'' နှင့်ပြည့်စုံအောင် အထူးသတိပြုသင့် ပေသည်။

## ၅။ မုဒု–နူးညံ့သိမ်မွေ့ရမည်

''နူးညံ့သိမ်မွေ့ရမည်'' ဆိုသည်ကား- ကောင်းသော အရာဌာနတို့၌ တောင့်တင်း ခက်မာ၍မနေဘဲ ကိုင်းညွတ် လိုက်ပါနိုင်သော သဘောရှိရမည်ဟု ဆိုလိုသည်။

ဤ''မုဒုဂုဏ်''နှင့်ပြည့်စုံသောသူသည် ဆွဲဆောင်တိုင်း ညွတ်ကိုင်း၍လိုက်ပါလေ့ရှိသော အညစ်အကြေး ကင်းစင် ပြီးသော ရွှေစင်ပမာ ထိုထိုမိမိဆိုင်ရာ ကျင့်ဝတ်ပဋိပတ်၌ ၎င်း, မြတ်စွာဘုရား၏အဆုံးအမတော်၌၎င်း တောင့်တင်း ခက်မာခြင်းမှ လွတ်ကင်း၍ နူးညံ့စွာ လိုက်ပါတတ်၏၊ ပစ္စုပ္ပန်တမလွန် နှစ်တန်သော ကြီးပွါးရေးနှင့် စပ်သော မည်သည့် အမှုကိစ္စမျိုး၌မဆို ချထားရန် လွယ်ကူသော သဘောရှိ၏၊ ထိုထိုအရာဌာနတို့၌ မျက်မှောင် တကြုတ် ကြုတ်မရှိ၊ ဘော်ရွှေရွှင်လန်းသော မျက်နှာရှိ၏၊ နားချမ်း သာသောစကား အပြောအဆိုရှိ၏၊ မိမိထံ ရောက်လာ သော သူတို့အား စိတ်ကြေနပ်အောင် အစေ့အစပ်ပြုခြင်း ဟူသော ''ပဋိသန္ထာရ''နှင့်ပြည့်စုံ၏၊ အလွန်သာယာသော ဆိပ်ကမ်းကဲ့သို့ လွယ်ကူချမ်းသာစွာ ပေါင်းသင်းဆက်ဆံ

နိုင်သော သဘောရှိ၏၊ ထိုကဲ့သို့သော "မုဒုဂုဏ်"နှင့်ပြည့်စုံသော သူသည် နှုတ်က အထူးမေတ္တာ မပို့သော်လည်း မေတ္တာတရား ပွါးများပြီးသားပင် ဖြစ်ချေသည်၊ထို့ကြောင့် သံချောင်းကို မျိုထားသော စပါးကြီးမြွေကဲ့သို့ အရာရာ၌ တောင့်တင်းခက်ထန် မာန်မူခြင်းတို့မှ လွတ်ကင်း၍ ကောင်းသော အရာတို့၌ နူးညံ့စွာ လိုက်ပါ ရွက်ဆောင်ခြင်း "မုဒုဂုဏ်"နှင့်ပြည့်စုံအောင် အထူးသတိပြုသင့်၏။

ဤ၌ ကောင်းသော အရာဌာနတို့၌ ကိုင်းညွတ်လိုက်ပါခြင်းကိုသာ မုဒုဂုဏ်ဟု မှတ်ရမည်၊ ကောက်ကျစ် စဉ်းလဲသောသူတို့၏ သွေးဆောင် ဖြားယောင်းခြင်း မျိုး၌၎င်း, ရဟန်းဖြစ်လျက် လူတို့က အစေအပါးခိုင်းခြင်း စသည်တို့၌၎င်း, ကိုင်းညွတ်လိုက်ပါခြင်းကို "မုဒုဂုဏ်"ဟူ၍ မမှတ်လင့်၊ ထိုကဲ့သို့သော အရာဌာနမျိုးဖြစ်က တောင့်တင်းခြင်းခက်မာခြင်းဟူသော"ဖရုသဂုဏ်"ကို အသုံးပြုရမည်၊ ဤအဓိပ္ပါယ်မျိုးကိုရည်၍ လောကီကျမ်းဆရာတို့သည်–

မုဒုဖရုသဂုဏာ ယောဇနီယာ စ ကာလေ၊

ဟု ဆိုကြကုန်၏။ ။ကာလေ၊ သင့်လျော်သောအခါ၌။ (ဝါ)အခွင့်အခါအားလျော်စွာ။မုဒုဖရုသဂုဏာ၊မုဒုဂုဏ်, ဖရုသဂုဏ်တို့ကို။ ယောဇနီယာ၊ ခွဲခြားသတ်မှတ် ယှဉ်စပ်အပ်ကုန်၏။

ထိကရုံးနွယ်သည် အသာအယာ ကိုင်ကြည့်သောအခါကြို့၍ သွားတတ်သော်လည်း အလွန်ဖိညှပ်သော အခါမှုဆူးဖြင့်ထိုးသကဲ့သို့ ဆရာမိဘစသော သူမြတ်တို့အား မုဒုဂုဏ်ဖြင့် ညွတ်ကိုင်းသင့်သော်လည်း ကောက်ကျစ်စဉ်းလဲ

သောသူယုတ်မာတို့အားမှု မညွတ်မကိုင်းမူ၍ တောင့်တင်းခက်မာရမည်ဟု ဆိုလိုသည်။

### ၆။ အနတိမာနီ– မာနမကြီးရ

''မာနမကြီးရ''ဆိုသည်ကား အမျိုးအနွယ်-စသည်တို့ဖြင့် မာန်မာနထောင်လွှားခြင်း, သူတပါးတို့ကို မထီမဲ့မြင်ပြုခြင်းတို့မှ လွတ်ကင်းရမည်ဟု ဆိုလိုသည်။

ဤမာန တရားသည် အမြတ်, အလတ်, အယုတ် သုံးယောက်လုံး၌ပင်ဖြစ်တတ်သည်၊ မြတ်သောသူအား ငါမြတ်သည်,ငါတူမျှသည်,ငါယုတ်သည်ဟု မာန်မူခြင်းသုံးမျိုး၊ တူမျှသောသူအားရင်း,ယုတ်သောသူအားရင်း, ထို့အတူ ငါမြတ်သည်,ငါတူမျှသည်, ငါယုတ်သည်ဟု မာန်မူခြင်း သုံးမျိုးစီ ဖြစ်တတ်ရကား မာန်မူခြင်းသည် ကိုးပါးရှိ၏။

ငါစသည်ခေါ်ဆိုစရာ ပုဂ္ဂိုလ်သတ္တဝါဟူ၍ပင် ကောင်းမရှိဘဲလျက် ငါမြတ်သည်,ငါတူမျှသည်,ငါယုတ်သည်ဟု မာန်မူစရာအကြောင်း အဘယ်မှာရှိနိုင်တော့အံ့နည်း၊ ယင်းသို့မရှိငြားသော်လည်း ဤမာန်မာနသည် အချို့သူတို့အား မိမိသန္တာန်တွင် ထင်ရှားရှိသောဂုဏ်ကို အစွဲပြု၍ဖြစ်လာတတ်၏၊ စိတ်ဓာတ်မခိုင်မြဲ၍ သဘောထားသေးသိမ်သော အချို့သူတို့လည်း အနည်းငယ် မပြောပလောက်သော ဂုဏ်ဖြင့်ပင် မိမိကိုယ်ကိုအထင်ကြီးခြင်း, သူတပါးအပေါ်မှာ အထင်အမြင်သေးသိမ်ခြင်းတို့ကို ဖြစ်စေတတ်ကြကုန်၏၊ ဝိဒေဟရာဇ်မင်းကြီး၏ ပုတ်သင်သည် ပဲဝက်မျှ ဖြစ်သောဥစ္စာကို ဝတ်ဆင်ပေးရုံမျှနှင့် ဝိဒေဟရာဇ်မင်းကြီးကိုပင် မထီမဲ့မြင်ပြု

သည်ဟု မဟောသဇောတ်တော်၌လာ၏၊အချို့သူတို့မူကား မိမိတို့မှာ မာန်မာနတက်ကြွလောက်သော ဂုဏ်သိမ်ကြက်သရေ တစုံတရာမရှိပါဘဲလျက် အချောက်တိုက် မာန်တက်ကြွကြကုန်၏။

မာနကြီးသောသူသည် ကိုယ်အမူအရာ, နှုတ်အမူအရာတို့ဖြင့် တက်ကြွလျက်ရှိသောမာန်မာနကို တံခွန်ထူ၍ပြတတ်လေ့ရှိ၏၊ ယင်းသို့ မာန်မူတတ်သောသူကို လူအများ မနှစ်မသက် စက်ဆုပ်ရွံရှာကြကုန်၏၊ အနေအထိုင် အသွားအလာ မောက်ကြွားသောအားဖြင့် ကိုယ်အပြုအမူတက်ကြွလျှင် လူတိုင်း၏မျက်စိမှာ အမြင်ကပ်၏၊ နားမခံသာအောင် လေခပ်ထွားထွားနှင့် စကားအပြောအဆိုတက်ကြွလျှင် လူတိုင်း၏နားမှာအကြားရကပ်၏၊ထို့ကြောင့်''မာနထောင်လွှား-အများလူမုန်း-မေတ္တာတုံး''ဟု ပညာရှိများမိန့်ဆိုကြကုန်၏၊ မနေခက် အမူအရာတက်ကြွ၍နေသည်ကို လူများမသိကြ၍ အပြစ်မဆိုသာသော်လည်း အတွင်းစိတ်ဓာတ်၏တက်ကြွခြင်းကို ကိုယ်အမူအရာ,နှုတ်အမူရာတို့ကို ထောက်ဆ၍ ပညာရှိများ သိနိုင်လေသည်။

သမာဓိဓာတ်ခံရင့်သန်၍ သဘောထားကြီးသော သူတို့ကား မိမိ၌ထင်ရှားရှိသော ဂုဏ်အတန်းအဆင့်များကြောင့် မာန်မာနမတက်သည့်အပြင် အသီးအနှံစည်ကားလေလေ အောက်သို့ညွတ်ကိုင်းလေလေသာဖြစ်သော သစ်ပင်ကြီးပမာ ဂုဏ်သိမ်ကြက်သရေ တိုးတက်လေလေ မာန်မာန နှိမ့်ချလေလေသာ ဖြစ်တတ်ကြကုန်၏၊ ထိုကဲ့သို့သော

ပုဂ္ဂိုလ်များမှာ အခြံအရံ စည်းစိမ်ချမ်းသာ အကျော်အစောများ တနေ့တခြားတိုးပွါး၍ လာတတ်လေသည်။

ပဏ္ဍိတော သီလသမ္ပန္နော၊
သဏှော စ ပဋိဘာနဝါ။
နိဝါတဝုတ္တိ အတ္ထဒ္ဓေါ၊
တာဒိသော လဘတေ ယသံ။
(သိင်္ဂါလောဝါဒသုတ် ပါဠိတော်)

ယော၊ အကြင်သူသည်။ ပဏ္ဍိတော၊ လိမ္မာမြော်သိ ပညာရှိ၏။ သီလသမ္ပန္နော၊ သီလနှင့်ပြည့်စုံ၏။ သဏှော စ၊ သိမ်မွေ့နူးညံ့သော စကားလည်းရှိ၏။ ပဋိဘာနဝါ၊ အရာအားလျော်စွာ ကောင်းစွာသိတတ်သော ဉာဏ်ပဋိဘာန်ရှိ၏။ နိဝါတဝုတ္တိ၊ နှိမ့်ချသော ဖြစ်ခြင်းရှိ၏။ အတ္ထဒ္ဓေါ၊ ခိုင်မာခြင်းကင်း၏။ တာဒိသော၊ ထိုသို့သဘောရှိသော သူသည်။ ယသံ၊ အခြံအရံ စည်းစိမ်ချမ်းသာ အကျော်အစောကို။ လဘတေ၊ ရနိုင်၏။

ထို့ကြောင့် သူတပါးအပေါ်မှာ မထီမဲ့မြင် ပြုခြင်းတို့မှ လွတ်ကင်း၍ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး ကဲ့သို့ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးနှင့် ချိုကျိုးသောနွား ဒွန်းစဏ္ဍားတူမျှ မာန်မာနကို နှိမ့်ချနိုင်အောင် ကြိုးဆောင်အားထုတ်ကြကုန်ရာ၏။

## ၇။ သဏှော-နှစ်သက်ရောင့်ရဲရမည်

''နှစ်သက် ရောင့်ရဲရမည်'' ဆိုသည်ကား- ကြောင့်ကြဗျာပါရမများဘဲ အခန့်သင့်ရှိနေဆဲ ပစ္စည်းဖြင့် နှစ်သက်

ရောင့်ရဲနိုင်သော သန္တောသ တရားနှင့် ပြည့်စုံရမည်ဟု ဆိုလိုသည်။

ပစ္စည်းအသုံးအဆောင်တို့၌ ကောင်းနိုးရာရာ ရွေးချယ်လေ့ရှိလျှင် နှစ်သက်ရောင့်ရဲခြင်း သန္တောသတရားမဖြစ်နိုင်၊ တွေ့ရာမြင်ရာ မတောင့်တဘဲ မိမိကိုယ်ပိုင်ဥစ္စာဖြင့် နှစ်သက်ရောင့်ရဲနိုင်ခြင်း, အပိုအမိုကို မတောင့်တဘဲ အခန့်သင့်ထင်ရှားရှိနေသမျှဖြင့် နှစ်သက်ရောင့်ရဲနိုင်ခြင်း,အရာရာမှာ ကြေးမများဘဲ ငြိမ်ငြိမ်သက်သက် စိတ်အေး လက်အေး နှစ်သက်ရောင့်ရဲနိုင်ခြင်း သဘောများကို သန္တောသ တရားဟု ဆိုသည်။

ထိုသန္တောသတရားသည် ယထာလာဘသန္တောသ, ယထာဗလသန္တောသ, ယထာသာရုပ္ပ သန္တောသ ဟူ၍ သုံးပါး အပြားရှိ၏၊ ထိုသုံးပါးတို့တွင် ''ယထာလာဘ သန္တောသ''ဆိုသည်ကား ရရသမျှသော ပစ္စည်းဖြင့်သာ နှစ်သက်ရောင့်ရဲသည်ကိုဆိုသည်၊''ယထာဗလသန္တောသ'' ဆိုသည်ကား-မိမိရသော ပစ္စည်းတို့တွင် မိမိနှင့်မလျောက်ပတ်သော ပစ္စည်းဖြင့် သူတပါးရသော လျောက်ပတ်သော ပစ္စည်းကိုလဲလှယ်၍ မိမိအားနှင့်တန်ရုံသောပစ္စည်းဖြင့်သာ နှစ်သက်ရောင့်ရဲသည်ကိုဆိုသည်၊''ယထာသာရုပ္ပသန္တောသ''ဆိုသည်ကား–မိမိရသော ပစ္စည်းတို့တွင် ကောင်းနိုးရာရာကို သူတပါးအား ပေးကမ်းလှူဒါန်း၍ မိမိမှာမူ သင့်တော်ရုံမျှသော ပစ္စည်းဖြင့်သာ နှစ်သက် ရောင့်ရဲသည်ကို ဆိုသည်၊ထိုသန္တောသတရားသုံးပါးတို့တွင် အမြတ်အမြတ်

ဖြစ်သော ပစ္စည်းကို သူတပါးအား ပေးကမ်းလှူဒါန်း၍ ယုတ်ညံ့ ယုတ်ညံ့သော ပစ္စည်းဖြင့်သာ နှစ်သက်ရောင့်ရဲနိုင်သော ဤ''ယထာသာရုပ္ပသန္တောသ''သည် မင်္ဂဖိုလ် ရှာသော သူတို့အား အတိုင်းထက်အလွန် သင့်မြတ်သောကြောင့် အမြတ်ဆုံးဟု မှတ်လေ။

ဤပြဆိုအပ်ခဲ့ပြီးသော သန္တောသတရားများနှင့် မပြည့်စုံသည့်အတွက် မိမိတို့ရသင့်ရထိုက်သမျှဖြင့် မနှစ်သက်နိုင် မရောင့်ရဲနိုင်သူတို့မှာ အဘယ်အခါမှအလိုဆန္ဒပြည့်ဝသည် ဟူ၍ မရှိနိုင်ချေ၊ တယောက်သော သူကြွယ်ဒါယကာသည် သုံးဆယ်မျှလောက်သော ဘိက္ခုနီမတို့ကို ပင့်ဘိတ်၍ မုံ့နှင့်တကွသော ဆွမ်းကို လှူဒါန်းရာ သံဃထေရ် ဖြစ်သော ဘိက္ခုနီမသည် တပါးသော ဘိက္ခုနီမတို့၏ သပိတ်၌ မုံ့ကို ထူးခြားသည့်အထင်နှင့် လဲလှယ်၍ နောက်ဆုံးလဲဘို့ မရှိသောအခါမှ မထူးခြားမှန်းသိရသဖြင့် မိမိရသောမုံ့ကိုပင် စားရလေသော ဝတ္ထုတခုသည် ဝိဘင်း အဋ္ဌကထာ–ခုဒ္ဒကဝတ္ထုဝိဘင်း၌ လာရှိ၏။

''တင်းတိမ်လျှင်–မြိန်ရှက်၏'' ဆိုသည့်အတိုင်း ဤသန္တောသ တရားများနှင့် ပြည့်စုံပါမူ အရာရာတိုင်းမှာပင် မြိန်ရှက်စွာ ဖြစ်နိုင်လေသည်၊ ''ရောင့်ရဲတင်းတိမ်– လူ့စည်းစိမ်''ဆိုသည့်အတိုင်းလည်း အလိုရမ္မက် စည်းကမ်းသတ်၍ ဖြစ်တတ်သမျှ ရတတ်သမျှနှင့် နှစ်သက်ရောင့်ရဲနိုင်သောသူတို့မှာ ရောက်လေရာရာ ဆင်းရဲနိုင်ဘွယ်အကြောင်းမရှိ၊ စိတ်ဧးလက်ဧးနေနိုင်သည်သာ ဖြစ်လေသည်။

လူ့ရွာလောက၌ ဆင်းရဲခြင်း, ကြောင့်ကြဗျာပါရများ ခြင်းတို့၏အကြောင်းရင်းကို လိုက်ရှာသော် ရသင့်ရထိုက်သမျှနှင့် နှစ်သက်ရောင့်ရဲခြင်းကို မဖြစ်စေနိုင်ဘဲ လိုချင်မျက်စိကျယ်သည့်အတွက် အလိုဆန္ဒ မပြည့်ဝ နိုင်ခြင်းပင် ဖြစ်ကြောင်းကိုတွေ့ရှိရ၏။ ။ဦနော လောကော အတိတ္တော-တဏှာဒါသော-ဟု ပဋ္ဌိသမ္ဘိဒါမဂ်ပါဠိတော်၌ လာရှိသည့်အတိုင်း တဏှာ၏ကျွန်ဖြစ်သော ပုထုဇ္ဇန်၏အလိုဆန္ဒသည် ပြည့်ဝဘို့ခဲယဉ်းလှစွ၊ အဘယ်အခါမှ မပြည့်ဝနိုင်ဟူလို။

လိုချင်မျက်စိအားကြီးလှ၍ အလိုဆန္ဒမပြည့်ဝလေလေ ကိုယ်မောစိတ်ပန်းနှင့် ချမ်းသာခွင့်ကို မရဘဲ စည်းစိမ်ချမ်းသာ ဝေးကွာလေလေသာ ဖြစ်တတ်၏၊ ထို့ကြောင့် မိမိတို့ ရသင့်ရထိုက်သော ပစ္စည်းဖြင့် နှစ်သက်ရောင့်ရဲနိုင်ရမည်၊ ထို့ထက် အလွန်ကို မတောင့်တအပ်၊ အလိုမကြီးအပ်ဟု ဆိုလိုသည်။

ယံ လဒ္ဓံ တေန တုဋ္ဌဗ္ဗံ၊
အတိလောဘော ဟိ ပါပကော။
(ကေကနိပါတ်-ဟံသဇာတ်ပါဠိတော်)

ယံ၊ အကြင်ပစ္စည်းကို။ လဒ္ဓံ၊ ရအပ်၏။ တေန၊ ထိုရသမျှဖြစ်သော ပစ္စည်းဥစ္စာဖြင့်။ တုဋ္ဌဗ္ဗံ၊ နှစ်သက်ရောင့်ရဲအပ်၏။ ဟိ၊ မှန်၏။ အတိလောဘော၊ လွန်၍ဖြစ်သော လောဘသည်။ ပါပကော၊ ယုတ်မာ၏။

ဂ။ သုဘရော–အမွေးအမြူလွယ်ရမည်

"အမွေးအမြူလွယ်ရမည်" ဆိုသည်ကား–မည်သူကိုမှ အပူမရှာဘဲ အလိုနည်း၍ အလိုက်သိလျက် အမွေးအမြူလွယ်သူ ဖြစ်ရမည်ဟု ဆိုလိုသည်။

အလိုရမ္မက်ကြီးသောသူသည်ကား မိမိရသည်ကို အရနည်းသေးသည်ဟူ၍ အမြဲမှတ်ထင်ကာ ထိုရရှိသည်ထက်အလွန်တောင့်တောင့်တတ ရှိတတ်၏၊ မီးပုံကြီးသည် ထင်းဖြင့် မရောင့်ရဲနိုင်သကဲ့သို့၎င်း၊ မဟာသမုဒ္ဒရာကြီးသည် ရေဖြင့် မရောင့်ရဲနိုင်သကဲ့သို့၎င်း၊ အလိုကြီးသောသူသည် မိမိရသမျှသော ပစ္စည်းဖြင့် အဘယ်အခါမှ အားရတင်းတိမ်လိမ့်မည်မဟုတ်ဟူလို။

အလိုရမ္မက် နှိပ်စက်သည်ဖြစ်၍ လိုချင်မှု အတောမသတ်နိုင်သည့်အတွက် မိမိရသမျှနှင့် အားရတင်းတိမ်ခြင်းမရှိဘဲ အမြဲတောင့်တ ပူဆာတတ်သောသူကို မည်သူကမှ သနားကြင်နာခြင်းရှိနိုင်မည်မဟုတ်ချေ၊ ထိုကဲ့သို့သောသူကို မွေးမြူဘို့ရန် အလွန်ဝန်လေးလှသဖြင့် မိမိ၏မိခင်ဘခင်တို့ကပင် မမွေးချင်အောင် ရှိတတ်၏၊ မုံ့ကိုကြိုက်နှစ်သက်တတ်သော ရဟန်းငယ်တပါး၏ မိခင်သည် "အကယ်၍ငါ့သားသည် ပစ္စည်းကို ခံခြင်း၌ အတိုင်း အရှည်ကိုသိပါလျှင် တဝါတွင်းလုံးပင် လှူမည်"ဟု ကြံစည်လျက်သား၏အကျင့်ကို စုံစမ်းလိုရကား ဝါဆိုနေ့၌ ရှေးဦးစွာ မုံ့တရက်ကို ကပ်လေ၏၊ ထိုမုံ့ကို စားပြီးသည့်အခါ ဒုတိယတဖန် ထပ်မံ၍ မုံ့တရက်ကို ကပ်လေ၏၊ ထိုမုံ့ကိုလည်း စားပြီးသည့်အခါ တတိယတဖန် ထပ်မံ၍ မုံ့တရက်ကိုကပ်လေ၏၊ ရဟန်းငယ်သည်"တန်ပြီ"ဟုမဆိုဘဲ ထိုမုံ့ကိုလည်း စားပစ်လိုက်၏၊မိခင်သည် ထိုရဟန်းငယ်၏ အတိုင်းအရှည်မသိတတ်သည့်အဖြစ်ကို သိရှိရဖြင့် "ငါ့သားသည် တဝါတွင်းလုံး စားရမည့်မုံ့ကို ယနေ့ပင် အကုန်စားပစ်လေခြင်း"ဟု ဒုတိယနေ့မှစ၍ တရက်သော မုံ့ကိုမျှလည်းမလှူ

လေ၊ ဤ၀တ္ထုသည် ဝိဘင်းအဋ္ဌကထာ- ခုဒ္ဒကဝတ္ထုဝိဘင်း၌ လာ၏။

အလိုနည်း၍ အလိုက်သိတတ်သောသူမှုကား များစွာ ပေးလျှင် အနည်းငယ်ခံယူတတ်၏၊ အနည်းငယ် ပေးလျှင် အလွန်အနည်းငယ်မှုလည်းခံယူတတ်၏၊ မခံယူဘဲမှုလည်း နေတတ်၏၊ မချွင်းမချန်ဘဲ ယူခြင်းကိုမှုကား မပြုတတ်ချေ၊ ကောင်းသည်,ဆိုးသည်,နည်းသည်,များသည်ဟူ၍ ရွေးချယ် ခြင်းကိုလည်း မပြုတတ်ချေ၊ ထိုကဲ့သို့သော သူကို ''သုဘရ ဂုဏ်''နှင့် ပြည့်စုံ၍ အမွေးအမြူလွယ်ကူရကား ရဟန်းရှင် လူ ခပ်သိမ်းသူတို့ပင် ကြည်ဖြူနှစ်သက်ကြကုန်၏။

ထို့ကြောင့် သူတပါးကိုမှီ၍ အသက်မွေးသူဖြစ်မှု သူတ ပါး သဒ္ဓါကြည်ဖြူ ပေးလှူသမျှဖြင့် မျှတ ရောင့်ရဲရမည်၊ ''အချိုရလျှင် အချဉ်၊ အချဉ်ရလျှင် အချို''ဆိုသလို အပို အမို နားပူအောင် မတောင်းမခံရ၊မိမိတို့အလိုအလျောက် အသက်မွေးသူ ဖြစ်ကလည်း မိမိရသမျှသော ပစ္စည်းအင် အားနှင့် နှိုင်းချိန်၍ ဝတ်စားသုံးစွဲရမည်၊ ထိုကဲ့သို့ အသက် မွေးခဲ့လျှင် အသက်မွေးမခက် အသက်မွေးလွယ်၍''သုဘ- ရဂုဏ်''နှင့် ပြည့်စုံတော့သည်သာ ဖြစ်လေသည်။

## ၉။ အပ္ပကိစ္စော–အမှုကိစ္စ နည်းရမည်

''အမှုကိစ္စ နည်းရမည်'' ဆိုသည်ကား–မိမိအား အ ကျိုးမများမည့်အလုပ်များကို ပယ်ရှား၍ အကျိုးများမည့် အလုပ်မျှကိုသာ ပြုလုပ်ရမည်ဟုဆိုလိုသည်။

ရဟန်းသံဃာများမှာ"ကမ္မာရာမတာ"ဟူသော အမှုကြီး,အမှုငယ်၌ မွေ့လျော်ခြင်း, "သင်္ဂဏိကာရာမတာ" ဟူသော အပေါင်းအဖေါ်၌ မွေ့လျော်ခြင်း, "ဘဿာ-ရာမတာ"ဟူသော စကားဟောပြောခြင်း၌မွေ့လျော်ခြင်း, စသော များစွာသော အမှုကိစ္စတို့၌ ကြောင့်ကြမရှိဘဲ မိမိဆံမုတ်ဆိတ်ကို ရိတ်ပယ်ခြင်း, ခြေသည်း လက်သည်း လှီးဖြတ်ခြင်း, သပိတ်ဖုတ်ခြင်း, သင်္ကန်းချုပ်ခြင်း စသော ကြောင့်ကြငယ်မျှနှင့် ရဟန်း တရားကို အားထုတ်လို့လ ပြုခြင်းသည် "အပ္ပကိစ္စ"မည်၏။

လူများမှာလည်း ဟိုအလုပ်က တပိုင်းတစ, သည်အလုပ်က တပိုင်းတစအားဖြင့် အလုပ်ရှုပ်အောင် မပြုလုပ်ဘဲ မိမိတို့အကျိုးကျေးဇူးများမည့် အလုပ်ကိုသာပြုလုပ်ရမည်။ အလုပ်များလျှင် အရာမထင်ဘဲ ရှိတတ်၏၊ အလုပ်အရာ မထင်လျှင် စိတ်ပျက်၍ အလုပ်တပါး ပြောင်းရသော် ကောင်းနိုးနိုး ထင်တတ်၏၊ တပိုင်းတစကျန်၍နေသော အလုပ်များသည် ပင်ပန်းရုံသာ ရှိ၍ အကျိုးကျေးဇူးများ ခံစားခွင့်မရှိနိုင်ချေ၊ ထို့ကြောင့် ကောက်ရိုး ကုန်သည် အလား ဝန်ကြီး၍ အကျိုးမများမည့် အမှုအလုပ် အရှုပ်ရှုပ်တို့ကို မပြုလုပ်ဘဲ စိန်ကုန်သည် ကျောက်ကုန်သည်အလား ဝန်သေး၍ အကျိုးဖြစ်ထွန်းမည့်အလုပ်မျိုးကိုသာ ရွေးချယ်စိစစ်၍ ပြုလုပ်သင့်၏၊ အလုပ်နည်းပါးလျှင် မိမိအလုပ်ကို မိမိနိုင်နင်းစွာပြုလုပ်နိုင်၍ အကျိုးစီးပွါးလည်း ဖြစ်ထွန်း၏၊ လောကအလိုက် မိတ်ဆွေဉာတကာများအား ပေါ်ပေါက်လာသော အရေးကိစ္စတို့၌ ပါဝင်ကူညီနိုင်ခွင့်ရ၍ မေတ္တာရှိရာလည်း ရောက်၏။

ထို့ကြောင့် များလှထိုထို အလုပ်ပို အလုပ်ရှုပ်တို့ကို မလုပ်ကြဘဲ မိမိတို့အကျိုးဖြစ်ထွန်းမည့်အလုပ် တခုကောင်း နှစ်ခုကောင်းတို့ကိုသာ လုပ်ကိုင်မိကြအောင် သတိမူ သင့်ပေသတည်း။

### ၁၀။ သလ္လဟုကဝုတ္တိ–ပေါ့ပါးသောအဖြစ်မျိုး ရှိရမည်

''ပေါ့ပါးသောအဖြစ်မျိုး ရှိရမည်''ဆိုသည်ကား– အသွားအလာ အနေအထိုင် အဝတ်အစား ဟူသမျှ၌ သင့်တော်ရုံသာ ဖြစ်စေရမည်ဟု ဆိုလိုသည်။

ရဟန်းသံဃာတော်များဖြစ်က တခုသော တောတောင်သစ်ပင်မှ တခုသော တော တောင် သစ်ပင်သို့ ပျံသွား ပြောင်းရွှေ့သော ငှက်သည် မိမိအတောင်သာလျှင် ဝန်ရှိသကဲ့သို့ အကြင်ရဟန်းသည်အရပ်တပါးသို့ ကြွသွားသည့်အခါ မိမိအသုံးအဆောင်ပရိက္ခရာသာလျှင် ဝန်ရှိ၏၊ ထိုရဟန်းသည် ''သလ္လဟုကဝုတ္တိဂုဏ်''နှင့် ပြည့်စုံသည်မည်၏။

လူများမှာလည်း အသွားအလာ အနေအထိုင်တို့၌ ကိန်းကြီးခန်းကြီးမလုပ်ဘဲ ကုပ်ကုပ်ရိုးရိုးသာ သွားလာနေထိုင်ခြင်း,အဝတ်တန်ဆာများကိုလည်း သင့်လျော်ရုံထက် ပိုမို၍ မဝတ်မဆင်ခြင်း, အစားအစာတို့၌လည်း အတိုင်းအရှည်ကိုသိ၍ မျှမျှတတစားသုံးခြင်း- ဤသို့ အရာရာမှာပင် ဝန်ပေါ့အောင် ပြုမူလေ့ရှိသောသူသည် ''သလ္လဟုကဝုတ္တိဂုဏ်''နှင့် ပြည့်စုံသောသူမည်၏။

''သလ္လဟုကဝုတ္တိဂုဏ်'' ကင်းမဲ့သောသူတို့သည်ကား စိတ်အထက်တန်းရောက်၍ ကိန်းကြီးခန်းကြီး ဂုဏ်ကြီးသိမ်

ကြီးနှင့် လှလှငွေသုံးတတ်သော နည်းလမ်းတို့ကိုသာ လိုက်တတ်ကြကုန်၏၊ ထိုသူတို့မှာ တနေ့တခြား ရေနည်းငါးသို့ ပျက်ပြားဆုတ်ယုတ်ဘို့သာ အကြောင်းရှိ၏။

အချို့သူတို့ကလည်း ဆင်းရဲသားဖြစ်ကုန်လျက် မိမိတို့ထက် အထက်တန်း ကျသူများကိုသာ မျှော်ရှုကြပြီးလျှင် ''အတုမြင်-အတတ်သင်''ဆိုသည့်အတိုင်းအတုလိုက်ကုန်၍ မိမိတို့အခြေအနေထက် ပိုလွန်အောင် အကျယ်ချဲ့ကာ ပြုလုပ်တတ်ကြကုန်၏၊ ထိုသူတို့မှာ ''မတူလျှင်-မတုနှင့်'' ဆိုသည့်အတိုင်း အကျယ်ချဲ့လေလေ ကိုယ်စိတ်ပင်ပန်းကြကုန်လျက် ချမ်းသာခွင့်ကိုမရနိုင်ကြဘဲ ''ရပြီးပြန်ရှင်း-လိုပြန်ရှင်း''ဆိုသကဲ့သို့ မည်မျှလောက်ရှာကြံ၍ ရလမ်းဝင်လမ်းရှိသော်လည်း ပစ္စည်းဥစ္စာသုံး၍ မလောက်နိုင်ဘဲရှိတတ်၏၊ ဤ၌ မိမိဂုဏ်သိမ်နှင့်မတန်အောင် ကိန်းခမ်းလုပ်သောသူကိုသာ ဆိုလိုရင်းဖြစ်သည်၊ မိမိဂုဏ်သိမ်အားလျော်စွာ ''လူချင်းတူတူ- သူချင်းမျှမျှ''ဆိုဘိသကဲ့သို့ လူတန်းစေ့စွာနှင့် လူရာဝင်အောင် ကိန်းခန်းလုပ်သောသူကိုမူကား အပြစ်တစုံတရာမဆိုသာချေ။

ထို့ကြောင့် မိမိအခြေအနေထက်ပိုမို၍ ကိန်းကြီးခန်းကြီးမလုပ်ဘဲ မိမိနှင့်သင့်တော်အောင် သွားလာ နေထိုင်ဝတ်ရုံ စားသောက် သောအားဖြင့် ဤ''သလ္လဟုကဝုတ္တိ ဂုဏ်''နှင့်ပြည့်စုံအောင် အထူးသတိပြုသင့်ပေ၏။

### ၁၁။ သန္တိန္ဒြိယော–ငြိမ်သက်သောဣန္ဒြေရှိရမည်

''ငြိမ်သက်သော ဣန္ဒြေရှိရမည်'' ဆိုသည်ကား- ဣန္ဒြေ, အနိဋ္ဌအာရုံဟူသမျှ၌ ရာဂ-စသောအယုတ်တရားတို့ဖြင့် တုန်

လှုပ်ဖေါက်ပြန် ရောက်ရက်ဆန်မဖြစ်စေဘဲ ဆေးလေးငြိမ်ဆိမ်စွာ နေရမည်ဟု ဆိုလိုသည်။

မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်-ဟူသော ဒွါရ ခြောက်ပါးကို စွဲမြဲခိုင်ကြည်သော သတိတရားဖြင့် လုံခြုံအောင်စောင့်ခဲ့လျှင်,ထိန်းသိမ်းခဲ့လျှင် ငြိမ်သက်သောဣန္ဒြေနှင့်ပြည့်စုံလေသည်။

ဒွါရခြောက်ပါးကို အဘယ်သို့စောင့်ရ,ထိန်းသိမ်းရမည်နည်းဟူမူ၊ ရူပါရုံကိုမြင်သည့်အခါ ရာဂကို, ဒေါသကို, မောဟကို မဖြစ်စေခြင်းငှါ စောင့်ရ,ထိန်းသိမ်းရမည်၊ ထို့အတူ သဒ္ဒါရုံကိုကြားသည့်အခါ, ဂန္ဓာရုံကိုတွေ့သည့်အခါ, ရသာရုံကိုတွေ့သည့်အခါ, ဖေါဋ္ဌဗ္ဗာရုံကို တွေ့သည့်အခါ, ဓမ္မာရုံကိုတွေ့သည့်အခါ ရာဂကို, ဒေါသကို, မောဟကို မဖြစ်စေခြင်းငှါ စောင့်ရ,ထိန်းသိမ်းရမည်၊ အဘယ်တရားကို စောင့်ရ,ထိန်းသိမ်းရမည်နည်းဟူမူ၊ စိတ်ကိုစောင့်ရ, ထိန်းသိမ်းရမည်၊ အဘယ်သို့စိတ်ကိုစောင့်ရ, ထိန်းသိမ်းရမည်နည်းဟူမူ၊ ရာဂကိုမဖြစ်စေခြင်းငှါ "အသုဘသညာ"ကို ပွါးစေ၍, ဒေါသကို မဖြစ်စေခြင်းငှါ "အနိစ္စသညာ" ကို ပွါးစေ၍, မောဟကိုမဖြစ်စေခြင်းငှါ"နာမ်ရုပ်"ကိုပိုင်းခြားလျက် "နိယတ္တနိဗ္ဗာဝ"ကို စိတ်၌ထင်စေ၍ စိတ်ကိုစောင့်ရ, ထိန်းသိမ်းရမည်၊ ဤသို့ ရာဂကို,ဒေါသကို,မောဟကို မဖြစ်စေခြင်းငှါ စိတ်ကိုစောင့်မှ, စိတ်ကိုထိန်းမှ, စိတ်ကိုသိမ်းမှ လျှပ်ပေါ်လော်လည်ခြင်း-စသည် လွတ်ကင်းလျက် ငြိမ်သက်သောဣန္ဒြေနှင့် ပြည့်စုံမှုကိုစွ ပြီးစီးနိုင်လေသည်။

သမာဓိ ဓာတ်ခံရင့်သန်၍ စိတ်နေစိတ်ထား ကြီးမားသောသူတို့သည် အနေအထိုင် အပြုအမူ အပြောအဆို

အရာရာမှာပင် ဣန္ဒြေများ တည်တံ့ခန့်ညားတတ်ကြကုန်၏၊ ဝမ်းမြောက်ဘွယ်ဣဋ္ဌာရုံနှင့် တွေ့ကြုံလေသော်လည်း အဆောတလျင် ရွှင်လန်းသောအမူအရာကိုမပြဘဲ မတုန်မလှုပ်နေတတ်ကြကုန်၏၊စိတ်နှလုံးမနှစ်သက်ဘွယ်-ကြောက်လန့်ဘွယ် အနိဋ္ဌာရုံတို့နှင့် တွေ့ကြုံသော်လည်း ဣန္ဒြေပျက်လောက်အောင် လှုပ်လှုပ်ရှားရှားမရှိ၊ ပကတိ နေမြဲအတိုင်း တည်တည်တံ့တံ့ အခန့်စားနေတတ်ကြကုန်၏၊စိတ်သဘော သေးသိမ်သောသူတို့မူကား "အရွယ်နှင့်မလိုက်"ဟု ဆိုရလောက်အောင် အနေအထိုင်မှစ၍ ဣန္ဒြေပျက်ကွက်ပြီး မခန့်မညားဖြစ်တတ်ကြကုန်၏၊ အနည်းငယ် မပြောပလောက်သော ဝမ်းမြောက်ဘွယ်ကလေးနှင့်ပင် ရွှင်လန်းသောအမူအရာကို များစွာဖော်ပြကာ တုန်လှုပ် တတ်ကြလေသည်၊ စိတ်နှလုံးမနှစ်သက်ဘွယ်-ကြောက်လန့်ဘွယ်တို့နှင့်တွေ့ကြုံလျှင်လည်း ပြာရီးပြာရာနှင့် ဣန္ဒြေပျက်အောင် လွန်စွာလှုပ်ရှားတတ်ကြကုန်၏။

လှုပ်ရှားလွယ်ခြင်းသည် မိမိကိုယ်ကို အောက်တန်းကျ၍ အဘိုးမတန်အောင် ပြုသည်မည်၏၊ ကိုယ်အမူအရာနှုတ်အမူအရာအခိုင်အခံ့ ဆောက်တည်၍ ဣန္ဒြေရရ နေနိုင်ပါလျှင်သူတပါးတို့ အရောတဝင် မပြုဝံ့ကြကုန်၊ ယင်းသို့ခန့်ညားသော ဣန္ဒြေရှိခြင်း,ဣန္ဒြေကို စောင့်စည်းခြင်းများသည်မိမိကိုယ်ကို အဘိုး ထိုက်တန်အောင်,ပြုခြင်းပင် ဖြစ်လေသည်။

ထို့ကြောင့် မိမိအခြေ အနေနှင့် မသင့်မလျော်သော ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်ထားနှလုံးထားတို့ကို

ပယ်ရှား၍ "လူရှိသေ-နတ်ရှိသေ" ဆိုဘိသကဲ့သို့ ဣန္ဒြေ မပျက် အဘိုးထိုက်တန်စွာ နေနိုင်အောင် အထူးသတိ ပြုသင့်ပေသည်။

### ၁၂။ နိပကော—ရင့်သန်သော ဉာဏ်ပညာ ရှိရမည်

"ရင့်သန်သော ဉာဏ်ပညာ ရှိရမည်" ဆိုသည်ကား သီလသီတင်းစောင့်ခြင်း စသည့်မိမိတို့ ဆိုင်ရာဖြစ်သော လုပ်ငန်းဟူသမျှ၌ မှားယွင်းတိမ်းချော်ခြင်းသို့ မရောက်နိုင်အောင်"ဆင်ခြင်တုံတရား"နှင့်ပြည့်စုံရမည်ဟု ဆိုလိုသည်။

မိမိတို့နှင့် သက်ဆိုင်သည့် မည်သည့်အမှုကိစ္စမျိုးမဆို ပြုလုပ်မည့်ရှိရာ ဆင်ခြင်တုံတရားကို စွဲစွဲမြဲမြဲ လက်ဆုပ် လက်ကိုင်ထား၍ ပြုလုပ်ရမည်၊ ဆင်ခြင်တုံတရား ကင်းမဲ့၍ ပြုလုပ်ခဲ့ပါလျှင် မှားယွင်းတိမ်းချော်ခြင်းသို့ ရောက်တတ်၏၊ အရမ်းမဲ့ပြုလုပ်ခြင်းသည် အဆုံးသို့ကျလျှင် ဒုက္ခနှင့် မကင်းတတ်သည်သာများ၏၊ ထို့ကြောင့် လောကီရေးမှာ ဖြစ်စေ, လောကုတ္တရာရေးမှာဖြစ်စေ ရှေးဦးစွာ ဆင်ခြင် တုံတရားကို စေလွှတ်၍ လမ်းမှန်လမ်းကောင်းကို ရှာဖွေ သင့်၏၊ ဆင်ခြင်တုံတရား ဆိုသည်ကား ဆင်ခြင်စဉ်းစား နိူင်းချိန်တတ်သော"သမ္ပဇဉ်တရား"ကို ဆိုသည်၊ထိုသမ္ပဇဉ် တရားသည် လေးပါးရှိ၏။

သမ္ပဇဉ်တရား ၄—ပါးကား

၁။ သာတ္ထကသမ္ပဇဉ်
၂။ သပ္ပါယသမ္ပဇဉ်
၃။ ဂေါစရသမ္ပဇဉ်
၄။ အသမ္မောဟသမ္ပဇဉ်

ဟူသော ဤလေးပါးတည်း၊ ထိုလေးပါးတို့တွင် ၁- သာတ္ထကသမ္ပဇဉ်ဆိုသည်ကား ပြုလုပ်မည့်အလုပ်၌ အကျိုးရှိ,မရှိကိုစုံစမ်း၍ အကျိုးရှိရန် ဆင်ခြင်ဉာဏ်ကြီးမှုကို ဆိုသည်။ ၂- သပ္ပါယသမ္ပဇဉ် ဆိုသည်ကား လျောက်ပတ်, မလျောက်ပတ်ကို စုံစမ်း၍ သင့်လျော်လျောက်ပတ်ဘွယ်ဖြစ်ရန် ဆင်ခြင်ဉာဏ်ကြီးမှုကို ဆိုသည်။ ၃-ဂေါစရသမ္ပဇဉ်ဆိုသည်ကား လုပ်ငန်းဆောင်တာ၌ မလစ်ဟင်းရစေဘဲ ရွက်ဆောင်ရန် ဆင်ခြင်ဉာဏ်ကြီးမှုကိုဆိုသည်။ ၄-အသံမ္မောဟသမ္ပဇဉ်ဆိုသည်ကား အရာရာမှာ မှောက်မှားတွေဝေမှုဘက်သို့ ယိမ်းယိုင်တိမ်းလည်း၍မသွားစေရန် ဆင်ခြင်ဉာဏ်ကြီးမှုကို ဆိုသည်။

ဆင်ခြင်တုံတရားဖြင့် ဆင်ခြင်စဉ်းစား၍ ပြုလုပ်အပ်သော အမှုကိစ္စများသည် မှောက်မှား တိမ်းချော်နိုင်ဘွယ် အကြောင်းမရှိ၊ များသောအားဖြင့် လမ်းမှန်လမ်းကောင်းကို ရလျက် ကြီးပွါးခြင်းသို့သာ ရောက်တတ်လေ၏။

ဆင်ခြင်တုံတရားဖြင့် ဆင်ခြင်စဉ်းစားပုံကို **မဇ္ဈိမပဏ္ဏာသ ပါဠိတော်–အမ္ဗလဋ္ဌိကရာဟုလောဝါဒသုတ်၌** မြတ်စွာဘုရား အကျယ် ဟောကြားတော်မူ၏၊ ဤ၌အကျဉ်းသဒ္ဒိတ္တမျှကို ထုတ်နုတ်၍ ပြဆိုပေအံ့။ ။တံကိံမညသိ ရာဟုလ ကိမတ္ထိယော အာဒါသောတိ–''ချစ်သားရာဟုလာ....မှန်ကြေးမုံသည် အဘယ်အကျိုး ရှိသနည်း''ဟု သားတော်ရှင်ရာဟုလာကို မြတ်စွာဘုရား မေးတော်မူ၏။ **ပစ္စဝေက္ခဏတ္ထော ဘန္တေတိ–**မျက်နှာ-စသည်မှာ အပြစ်ရှိ, မရှိ ကြည့်ရှုဆင်ခြင်ရခြင်း အကျိုးရှိပါသည်ဘုရားဟု သား

တော်ရှင်ရာဟုလာကလျှောက်ထားလေ၏။ ။ဧဝမေဝခေါ ရာဟုလ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ ကာယေန ကမ္မံ ကတ္တဗ္ဗံ။ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ ဝါစာယကမ္မံကတ္တဗ္ဗံ။ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ မနသာ ကမ္မံ ကတ္တဗ္ဗံ။ချစ်သား ရာဟုလာ.... မှန်ကြေးမုံသည် ကြည့်ရှုရမှသာလျှင် အကျိုး ရှိ၍ မကြည့်မရှုအလွတ်စားထားလျှင် အကျိုးမထင်သကဲ့ သို့ ထို့အတူ အသိအလိမ်မာ ပညာဟူသည်လည်း အကျိုး ရှိ,မရှိကို ကြည့်ရှု ဆင်ခြင်မှသာလျှင် အသိအလိမ်မာ ပညာရှိကျိုးခံရမည်၊မကြည့်မရှုမဆင်မခြင်လျှင်အသိအလိမ် မာ ပညာရှိကျိုးမခံရပြီ၊ထို့ကြောင့်ဆင်ခြင်၍ ဆင်ခြင်၍သာ ကိုယ်ဖြင့် ပြုလုပ်ရမည့်အမှုကိစ္စ ဟူသမျှကို ပြုလုပ်အပ်၏၊ ဆင်ခြင်၍ ဆင်ခြင်၍သာ နှုတ်ဖြင့်ပြောဆိုရမည့်အမှုကိစ္စ ဟူသမျှကို ပြုလုပ်အပ်၏၊ဆင်ခြင်၍ ဆင်ခြင်၍သာ စိတ်ဖြင့် တွေးတောကြံစည်ရမည့်အမှုကိစ္စဟူသမျှကို ပြုလုပ်အပ်၏ ဟု မြတ်စွာဘုရားမိန့်တော်မူလေ၏။

ကြည့်ရှုဆင်ခြင်၍ အပြစ်ရှိသည်ဟုသိလျှင်လည်း ကြဉ် ရှောင်ပါမှ ဘေးရန်လွတ်ငြိမ်းမည်၊အကျိုးရှိသည်ဟုသိလျှင် လည်း သိသည့်အလျောက် အားထုတ်ပါမှ ကိုယ်ကျိုးရှိ ချိမ့်မည်၊ထို့ကြောင့်မည်သည့်အမှုကိစ္စမျိုးမဆိုပြုလုပ်သည့် အခါ အရမ်းမဲ့မပြုလုပ်ဘဲ သမ္မာဒိဋ္ဌိတရားနှင့်အညီ ဆင်ခြင် စဉ်းစား၍ အကျိုးမရှိသော အမှုအရာအကျင့်ဖြစ်မူ ကိုယ် ဖြင့်, နှုတ်ဖြင့်,စိတ်ဖြင့်ရှောင်ရမည်–ကြဉ်ရမည်၊ အကျိုးရှိ သောအရာဖြစ်လျှင်လည်း ကြပ်ကြပ်မြဲမြဲ အစဉ်ခဲ၍ အား ထုတ်ရမည်ဟု ဆိုလိုသည်။

## ၁၃။ အ-ပ္ပဂဗ္ဘော-ကြမ်းတမ်းသောအမူအရာများမရှိစေရ

''ကြမ်းတမ်းသောအမူအရာများ မရှိစေရ'' ဆိုသည်ကား ကိုယ်ကြမ်း, နှုတ်ကြမ်း, စိတ်ကြမ်းဟု ဆိုအပ်သော ရိုင်းစိုင်းသော အမူအရာမျိုးမှ ကင်းလွတ်ရမည် ဟုဆိုလိုသည်။

"ကိုယ်ကြမ်း"ဆိုသည်မှာ အသွားအလာ အနေအထိုင် ဝတ်ပုံစားပုံ-စသော ကိုယ်အမူအရာ ကြမ်းတမ်း၍ ကြည်ညိုဘွယ်မရှိသည်ကိုဆိုသည်၊ "နှုတ်ကြမ်း" ဆိုသည်မှာ စကားအသုံးအနှုန်း အပြောအဆို- စသော နှုတ်အမူအရာ ကြမ်းတမ်း၍ ကြည်ညိုဘွယ်မရှိသည်ကိုဆိုသည်၊ ''စိတ်ကြမ်း''ဆိုသည်မှာ အလိုဆိုးရှိခြင်း, သူတပါးအား မကောင်းကြံခြင်း-စသော စိတ်အမူအရာ ကြမ်းတမ်း၍ ကြည်ညိုဘွယ်မရှိသည်ကိုဆိုသည်၊ ကြည်ညိုဘွယ် မရှိသော အမူအရာများကို လူတို့၏နားမျက်စိနှင့် စိတ်နှလုံးထည်း၌ ကန့်လန့်ကျ၍ ရိုင်းစိုင်းသည်ဟုခေါ်ကြကုန်၏။

ပြုမူပုံ, ပြောဆိုပုံ, နှလုံးသွင်းပုံ မကြမ်းတမ်း၍ အလေ့စရိုက် ကောင်းမွန်သဖြင့် ကြည်ညိုဘွယ်ရှိသည်ကို "ယဉ်ကျေးသည်" ဟု ခေါ်၏၊ မြတ်စွာဘုရားသည် အရဟတ္တဖိုလ်တိုင်အောင် ယဉ်ကျေးမှုအဆင့်ဆင့်ကို ဟောပြတော်မူ၏၊ သီလ, သမာဓိ, ပညာဟူ၍ သိက္ခာသုံးပါးရှိရာ သီလလုပ်ငန်းသည် ကိုယ်နှုတ်တို့၏ ယဉ်ကျေးမှုနှင့်သက်ဆိုင်၍ သမာဓိ, ပညာဟူသော ဘာဝနာ လုပ်ငန်းသည် စိတ်နှလုံးယဉ်ကျေးမှုနှင့်သက်ဆိုင်လေသည်။

**သိင်္ဂါလောဝါဒသုတ္တန်တော်**သည် လူများအဘို့ ယဉ်ကျေးစေရန် ဟောကြားတော်မူသော သုတ္တန်တော်မြတ်ဖြစ်လေသည်၊ **သေခိယသိက္ခာပုဒ်တော်**များသည် ယဉ်ကျေးမှုအတွက် သက်သက် ဟောပြတော်မူသော သိက္ခာပုဒ်တော်များဖြစ်ကုန်၏၊ "ယဉ်ကျေးခြင်း" ဟူသည်လောက၌ ကြက်သရေမင်္ဂလာနှင့် ပြည့်စုံစွာ အမြင့်ဆုံးတန်းသို့ ရောက်ခြင်းပင်ဖြစ်လေသည်။

ထို့ကြောင့် ကြည်ညိုဘွယ်ရှိသော ကိုယ်အမူအရာနှင့် ပြည့်စုံခြင်း,နှုတ်ကို ဖွင့်သောအခါလည်း ကြည်သာချိုမြသော စကားကိုသာ ပြောဆိုခြင်း, နှလုံးသွင်းသော အခါလည်း စိတ်ထားပြေ့ပျောင်း၍ ကောင်းသော အရာများကိုသာ နှလုံးသွင်းခြင်းအားဖြင့် ကိုယ်,နှုတ်, နှလုံးသုံးပါး ကြမ်းတမ်းခြင်း မရှိစေဘဲ ယဉ်ကျေးနိုင်သမျှ ယဉ်ကျေးအောင် အားထုတ်သင့်လှပေသတည်း။

## ၁၄။ ကုလေသွနနုဂိဒ္ဓေါ–အမျိုးတို့၌ စွဲလမ်းခြင်းမရှိစေရ

"အမျိုးတို့၌ စွဲလမ်းခြင်း မရှိစေရ"ဟူသော ဂုဏ်ပုဒ်သည် ရဟန်းသံဃာတော်များနှင့် အထူးသက်ဆိုင်လေသည်၊ထို့ကြောင့် ရဟန်းတော်များဖြစ်က ဒါယကာ ဒါယိကာမတို့၌ ပစ္စည်းလေးပါးကို တပ်မက်သောအားဖြင့်စွဲလမ်းခြင်း, မလျော်ကပ်သော ရောယှက်ခြင်း အမျိုးမျိုးအားဖြင့် စွဲလမ်းခြင်းဟူသော အစွဲအလမ်းမျိုးတို့မှ ကင်းလွတ်ရမည်ဟု ဆိုလိုသည်။

ဒါယကာ ဒါယိကာမများနှင့် တကွစိုးရိမ်ခြင်း, တကွနှစ်သက်ခြင်း, ဒါယကာ ချမ်းသာလျှင် မိမိချမ်းသာခြင်း,

ဒါယကာဆင်းရဲလျှင် မိမိဆင်းရဲခြင်း,ဒါယကာဒါယိကာမ တို့ ပြဘွယ်ကိစ္စပေါ်ပေါက်လာသောအခါ ကိုယ်တိုင်လုံ့လ ပြုခြင်းဟူသော အပြစ်တို့မှ ကင်းလွတ်၍''လသည်မင်းအိမ် ဒွန်းစဏ္ဍားအိမ် ခွဲခြားခြင်းမရှိ-အိမ်တိုင်းသာ၍ သွားဘိ သကဲ့သို့'' ရဟန်းဖြစ်သော သူသည်လည်း ငါတို့ဆွမ်း ဒါယကာ ငါတို့ကျောင်းဒါယကာ-စသည်ဖြင့် စွဲလမ်းခြင်း မရှိမူ၍ အလုံးစုံသောသတ္တဝါတို့၌ အမျှသနားကြင်နာသော သဘောရှိလျှင် ဤ''ကုလေသုအနနုဂိဒ္ဓေါ'' ဟူသော ဂုဏ် အင်္ဂါနှင့် ပြည့်စုံလေ၏။

လူတို့မှာလည်း အမျိုးဇာတ် စသောအားဖြင့် ပုဂ္ဂိုလ် တပါး၌ ခင်မင်စွဲလမ်းတတ်သော စိတ်မျိုးမရှိစေဘဲ မိမိ ကိုယ်ပိုင် အစွမ်းသတ္တိကို ထိထိရောက်ရောက် အသုံးပြုရ မည်ဟူသော အဓိပ္ပါယ်မျိုးကို ဤ၌ ယူသင့်၏။

ယခုခေတ်ကာလ၌ အရာရာမှာပင် ပုဂ္ဂိုလ်ကို လွန်စွာ စွဲလမ်းတတ်ကြကုန်၏၊စိတ်သဘောထား သေးသိမ်သောသူ တို့သည် မိမိတို့ကိုယ်ပိုင်အစွမ်းသတ္တိများကို အားကိုးအား ထားမပြုဘဲ ပုဂ္ဂိုလ်တပါးကို မှီခိုအားထားကာသာ နေလို သော စိတ်ဆန္ဒရှိကြကုန်၏၊ ထိုသူတို့သည် မိမိတို့ကိုယ်ပိုင် အစွမ်းသတ္တိများကို အကျိုးမဲ့ ဖြုန်းတီးပစ်ကြကုန်သော သူတို့မည်ကုန်၏၊ အချို့သူတို့လည်း မိဘဆွေမျိုး- စသည် တို့ကို ခင်မင်တွယ်တာသဖြင့် အတတ်ပညာ တတ်မြောက် ရာ တတ်မြောက်ကြောင်း, ပစ္စည်းဉစ္စာ ရှာဖွေရာ ရှာဖွေ ကြောင်း ကိစ္စများနှင့်သော်လည်း တရပ်တရွာ နယ်ခြား တပါးသို့ မသွားနိုင်ကြသည့်အတွက် မိမိတို့ ကြီးပွါးသင့် သလောက် မကြီးပွါးနိုင်ကြကုန်၊ ''ပုဂ္ဂိုလ်ခင်မှ-တရားမင်

သည်''ဟု တရားဓမ္မကိုရှာဖွေ အားထုတ်ရာ၌ပင်သော်လည်း ပုဂ္ဂိုလ်စွဲမကင်းကြသည့်အတွက် အလွဲလွဲ အမှားမှား ဖြစ်တတ်ကြကုန်၏၊ ဤသို့အရာရာမှာပင် ပုဂ္ဂိုလ်ကို ခင်မင်စွဲလမ်းခြင်းသည် ဤ''ကုလေသုအနနုဂိဒ္ဓေါ'' ဟူသော ဂုဏ်အင်္ဂါနှင့် ဆန့်ကျင်ဘက် ဖြစ်ရကား မိမိတို့အကျိုးစီးပွါး ပျက်ပြားဆုတ်ယုတ်ခြင်း၏ အကြောင်းသာ ဖြစ်ချေသည်။

ထို့ကြောင့် မည်သည့်အရာမျိုးမှာမဆို ကြီးပွါးလိုသောသူသည် ''ပုဂ္ဂလာဓိဋ္ဌာန်''အားဖြင့် ပုဂ္ဂိုလ်တပါးကို ခင်မင်စွဲလမ်းခြင်းပုဂ္ဂိုလ်စွဲ မရှိစေဘဲ''ဓမ္မာဓိဋ္ဌာန်'' အားဖြင့် တရားလမ်းကြောင်းကိုသာ ရွေးချယ် စိစစ်သင့်လှပေသတည်း။

### ၁၅။ န စ ခုဒ္ဒ မာစရေ ကိဉ္စိ ယေန ဝိညူ ပရေ ဥပဝဒေယျုံ–
### ပညာရှိများ ကဲ့ရဲ့ကြမည့်အမှုမှန်က
### အနည်းငယ်မျှ မပြုကျင့်ရ

''ပညာရှိများ ကဲ့ရဲ့ကြမည့်အမှုမှန်က အနည်းငယ်မျှ မပြုကျင့်ရ''ဆိုသည်ကား-ပညာမရှိသူတို့ အရာအထောင်ပင် ချီးမွမ်းသော်လည်း ပညာရှိတယောက် ကဲ့ရဲ့လျှင် ''သာဝဇ္ဇ''ဖြစ်သောကြောင့် ထိုပညာရှိများ ကဲ့ရဲ့ကြမည့်အမှုမျိုးကို အနည်းငယ်မျှပင် ဖြစ်သော်လည်း မပြုမကျင့်အပ်ဟုဆိုလိုသည်။

ဤ၌ ပညာမရှိသူတို့ကို ပမာဏမပြုသင့်၊ ထိုစကားသင့်စွ၊ ထိုပညာမရှိသောသူတို့သည် အပြစ်မရှိသည်ကို သော်

လည်း အပြစ်လုပ်၍ ကဲ့ရဲ့ပြစ်တင်တတ်ကြကုန်၏၊ အနည်းငယ်သောအပြစ်ကိုပင်သော်လည်း ရောမအပြစ်ကြီးပြုလုပ်၍ ကဲ့ရဲ့ပြစ်တင်တတ်ကြကုန်၏၊ ထို့ကြောင့် ထိုသူတို့ကိုပမာဏမပြုသင့်ပေ၊ ထိုသူတို့ ကဲ့ရဲ့မည့်အရာမှာ အခါအခွင့်အားလျော်စွာ ရှောင်ကြဉ်သင့်သော အရာဖြစ်မူ မပြုလုပ်ဘဲ ရှောင်ကြဉ်အပ်၏၊ မရှောင်သင့်သောအရာဖြစ်မူ မရှောင်ကြဉ်ဘဲပြုလုပ်အပ်သည်သာဖြစ်၏။

ပညာရှိတို့ကိုမူကား အချင်းခပ်သိမ်း ပမာဏပြုသင့်၏၊ ထို့ကြောင့် ထိုပညာရှိတို့ ကဲ့ရဲ့ကြမည့်အမှုမှန်လျှင် အနည်းငယ်အဏုမြူခန့်မျှ "အပ္ပသာဝဇ္ဇ" ဖြစ်သောအမှုကိုပင်သော်လည်း မည်သည့်အခါမှ မပြုသင့်မပြုထိုက်ချေ၊ ထိုစကားသင့်စွ၊ ထိုပညာရှိတို့သည် စိစစ်နှိုင်းချိန်၍ ဉာဏ်ဖြင့်သက်ဝင်၍ မချီးမွမ်းထိုက်သောသူ၏ ကျေးဇူးမဲ့ကိုကဲ့ရဲ့ပြစ်တင်ပြောဆိုတတ်ကြကုန်၏၊ ချီးမွမ်းထိုက်သောသူ၏ ကျေးဇူးဂုဏ်ကို ယုံကြည်လေးမြတ် ပြောဆိုတတ်ကြကုန်၏၊ ထို့ကြောင့် ပညာရှိတို့ကိုသာ-မြတ်စွာဘုရားကိုသာ အခါခပ်သိမ်းပမာဏပြုသင့်သည်-ပြုရမည်မှတ်လေ။

"ဘယ်သူကဲ့ရဲ့,ကဲ့ရဲ့-ဘုရားမကဲ့ရဲ့အောင်နေ" ဟု ဆရာတော်ဦးဖုမ်အတိုချုပ် ဆုံးမတော်မူလေ့ရှိသည်ဟူ၏၊ ထိုစကားအဓိပ္ပါယ်မှာ ဘုရားဆုံးမတော်မူသည့်အတိုင်းလိုက်နာ၍နေလျှင် ဘုရားကဲ့ရဲ့တော်မူမည်မဟုတ်၊ ဘုရားသော်မှ ကဲ့ရဲ့စရာမရှိလျှင် သူတပါးကဲ့ရဲ့စရာ အဘယ်မှာရှိနိုင်တော့အံ့နည်း၊ ကဲ့ရဲ့စေကာ အပြစ်တစုံတရာ ငြိစွန်းနိုင်ဘွယ်မရှိ၊ ထို့ကြောင့် ဘုရားဆုံးမတော်မူသည့်အတိုင်းသာ လိုက်နာကျင့်ကြံ၍နေရမည်ဟု ဆိုလိုသည်။

ပညာရှိများ ကဲ့ရဲ့မည့်အပြစ်မကင်းသော အရာဖြစ်မှု မျက်မှောက် တမလွန် နှစ်တန်သော ကာလ၌ အထူးထူးသော ဒုက္ခဒေါမနဿအပေါင်း မကောင်းသော အနိဋ္ဌဖလကို ပြီးစေတတ်သော သတ္တိရှိသောကြောင့် ထိုကဲ့သို့သောအရာမျိုးကို လောက၌ မစင်ဘင်ပုပ်ကို အနည်းငယ်မျှဖြစ်သော်လည်း စက်ဆုပ်ရွံရှာ အပ်သကဲ့သို့ရင်း, ရဲရဲတောက်သောမီးကို အနည်းငယ်ပင်ဖြစ်သော်လည်း မကိုင်ဝံ့ဘဲကြောက်အပ်သကဲ့သို့ရင်း ထို့ထက်မက စက်ဆုပ်ရွံရှာအပ်တော့သည်သာ-ကြောက်အပ်တော့သည်သာ ဖြစ်၏။

ထို့ကြောင့် ထိုဘုရားအစရှိသော ပညာရှိများ၏ အပြစ်တင်ခံရမည့်အမှုအရာ အကျင့်ဟူသမျှကို ကိုယ်ဖြင့်, နှုတ်ဖြင့်,စိတ်ဖြင့်မပြုမကျင့်ဘဲ အထူးသဖြင့် ရှောင်ကြဉ်ကြကုန်ရာ၏။

မေတ္တာပုဗ္ဗဘာဂပဋိပဒါတရား
၁၅-ပါးပြီး၏။

---

မေတ္တာဘာဝနာကိုပြဆိုခြင်း
(မေတ္တာ၏သဘောအဓိပ္ပါယ်)

တတိယဂါထာဝယ် **သုခိနော ဝ ခေမိနော ဟောန္တု၊ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ**– ဟူသော ပါဌ်ကား– ပြုအပ်, မပြုအပ်သည့်အပြားရှိသော ကမ္မဋ္ဌာနရူပစာရကို မိန့်တော်မူပြီး၍ ဘီလူးဘေးကို ပယ်ဖျောက်တားဆီးခြင်းအကျိုးငှါရင်း, ဝိပဿနာပါဒကစျာန်၏ အစွမ်းအားဖြင့် ကမ္မဋ္ဌာန်းအလို့ငှါရင်း မေတ္တာ ဘာဝနာ ပွါးများပုံကို

အကျဉ်း သခေ်ပအားဖြင့် ထုတ်ဆို မိန့်ကြားတော်မူသည့် ဒေသနာတော်တည်း။

ဤ၌"မေတ္တာ"ဆိုသည်ကား အဘယ်တရားကိုဆိုသည် ဟု ရှေးဦးစွာသိသင့်၏၊ "မေတ္တာ" ဟူသည်ပါဠိစကား တည်း၊ ၎င်းကို "ချစ်ခင်ခြင်း" ဟူ၍ ဆရာမြတ်တို့ အနက် မြန်မာပြန်ဆိုကြကုန်၏၊ ချစ်ခင်ခြင်းသည် တဏှာဖြင့်ချစ်ခင် ခြင်း, မေတ္တာဖြင့်ချစ်ခင်ခြင်းဟူ၍ နှစ်မျိုးနှစ်စားရှိ၏၊ ထို နှစ်မျိုးတို့တွင် "တဏှာဖြင့်ချစ်ခင်ခြင်း" သည် မောဟရှေ့ သွားခြင်း- မောဟပြဓာန်းခြင်းရှိ၏၊ လောဘတရား ဖြစ် သောကြောင့် စွဲစွဲလမ်းလမ်း တပ်စွန်းပြင်းစွာ သာယာ ခင်မင် လိုချင်စေးကပ်ငြိတွယ်တတ်၍ မခွဲချင်မခွါချင် အား ဖြင့် ချစ်ခင်သောသဘောရှိ၏၊ "မေတ္တာဖြင့် ချစ်ခင်ခြင်း" သည် ပညာရှေ့သွားခြင်း- ပညာပြဓာန်းခြင်းရှိ၏၊ဒေါသ ဂိုဏ်းနှင့်စပ်ဆိုင်ရာဖြစ်သော ပြစ်မှားရှုတ်ချ ဝန်တိုစောင်း မြောင်း ရန်ငြိုးဖွဲ့ယှက် အမျက်ထွက်ခြင်း-စသော အပူ အလောင်မျိုးတို့မှ ကင်းဝေးစင်ကြယ်တတ်သော သဘော ရှိ၏၊ အလောဘနှင့်ယှဉ်သောကြောင့် မတွယ်မတာ မငြိမ ကပ် ကျွတ်ကျွတ်လွတ်လွတ်အားဖြင့် ဧမြချစ်ကြည်သောသ ဘောရှိ၏၊ ထို့ကြောင့်သတ္တဝါတပါးကိုချမ်းသာစေလိုခြင်း, ကောင်းစေလိုခြင်းဟူသော အကျိုးစီးပွါးကို လိုလားတတ် သောသဘောမျှကိုသာ မေတ္တာဆိုသည်ဟုအချုပ်မှတ်လေ။

မေဇ္ဇတီတိမေတ္တာ၊ သိနိယှတီတိအတ္ထော၊ (ဝိသုဒ္ဓိမဂ် အဋ္ဌကထာ)။ ။ယာဓမ္မဇာတိ၊ အကြင် တရားသဘော သည်။ မေဇ္ဇတိ၊ ချစ်ခင်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။

သာဓမ္မဇာတိ၊ ထိုတရားသဘောသည်။ မေတ္တာ၊ မေတ္တာ
မည်၏။ သိနိယှတိ၊ ချစ်ခင်တတ်၏။ ဣတိအတ္တော၊ ဤကား
အနက်။

သိနိယှတီတိ တွေ့ သတ္တေသု ဗျာပဇ္ဇနဝသေန လူခဘာဝ-
ဿ ပဋိပက္ခဘူတံ ဉာဏပုဗ္ဗင်္ဂမံ ဟိတာကာရပ္ပဝတ္တိ ဝသေန
သိနေဟနံ ဒဋ္ဌဗ္ဗံ၊ န တဏှာယနဝသေန။ (ဝိသုဒ္ဓိမဂ်မဟာ
ဋီကာ)။ ။ သိနိယှတီတိ တွေ၊ သိနိယှတိဟူသော ဤပုဒ်၌။
သတ္တေသု၊ သတ္တဝါတို့၌။ ဗျာပဇ္ဇနဝသေန၊ ဖျက်ဆီးသည်၏
အစွမ်းဖြင့်။ လူခဘာဝဿ၊ ကြမ်းတန်းသွေ့ခြောက်သော
အဖြစ်၏။ ပဋိပက္ခဘူတံ၊ ဆန့်ကျင်ဘက် ဖြစ်၍ ဖြစ်သော။
ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ်ရှေ့သွားရှိသော။ ဝါ၊ ဉာဏ်ပြဓာန်းသော။
ဟိတာကာရပ္ပဝတ္တိဝသေန၊ အကျိုးစီးပွါးကို ကျင့်လိုသော
အချင်းအရာကို ဖြစ်စေခြင်း၏အစွမ်းဖြင့်။ သိနေဟနံ၊ ချစ်ခင်
ခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ တဏှာယနဝသေန၊ တဏှာ
ဖြစ်ခြင်း၏အစွမ်းဖြင့်။ န ဒဋ္ဌဗ္ဗံ၊ မမှတ်အပ်။

မိတ်ဆွေတယောက်သည် မိတ်ဆွေတယောက်၏ ဆုတ်
ယုတ်ပျက်စီးမှုကို အလိုမရှိ၊ စည်းစိမ်ချမ်းသာတိုးပွါးမှုကို
သာ လိုလား၏၊ ထို့ကြောင့် မိတ်ဆွေ၌ဖြစ်သောသဘော
မိတ်ဆွေဖြစ်မှုဟူသော အနက်တို့ကိုလည်း မေတ္တာသဒ္ဒါ
ဟောနိုင်သည်ဟုမှတ်လေ။

မိတ္တေဘဝါ ဝါ,မိတ္တဿ သော ပဝတ္တိတိပိ မေတ္တာ၊
(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)။ ။ ဝါ၊ တနည်းကား။ မိတ္တေ၊ အဆွေ
ခင်ပွန်း၌။ ဘဝါ၊ ဖြစ်သည်တည်း။ ဝါ၊ တနည်းကား။ မိတ္တဿ၊
အဆွေခင်ပွန်း၏။ သောပဝတ္တိ၊ ဤဖြစ်မှုတည်း။ ဣတိပိ၊ ထို့
ကြောင့်လည်း။ မေတ္တာ၊ မေတ္တာမည်၏။

ဤစကားဖြင့်လည်း တဏှာရာဂ၏ အစွမ်းဖြင့်ဖြစ်သော လိုချင်စေးကပ် ငြိတွယ်တတ်သော ချစ်ခင်ခြင်းမျိုးမဟုတ်ဘဲ အချင်းချင်း အကျိုးစီးပွါးလိုလားကြသော မိတ်ဆွေတို့၏ ချစ်ခင်ခြင်းမျိုးကဲ့သို့ ကျွတ်ကျွတ်လွတ်လွတ် သတ္တဝါတပါး အကျိုးစီးပွါး များအံ့သောအခြင်းအရာဖြင့်ဖြစ်သော ချစ်ခင်မှုမျိုးကိုသာ ဤ၌ လိုအပ်သည်ဟုသိနိုင်လေသည်၊

ဤ "မေတ္တာ" ဟူသည် ပါရမီဆယ်ပါးတို့တွင် ကိုးခုမြောက်သော ပါရမီပေတည်း၊ ယင်းသို့ဖြစ်စေကာ ရှေးဦးစွာကပင် အလိုရှိအပ်သော ပါရမီအစားမျိုးဟု မှတ်ယူသင့်၏၊ အဘယ့်ကြောင့်နည်းဟုဆိုသော်၊ ဘုရားအလောင်းတော်ကြီးတို့၏ အလုံးစုံသော ပါရမီတို့ကို ဖြည့်ကျင့်ရာ၌ မေတ္တာပုဗ္ဗင်္ဂမ ဖြစ်သောကြောင့်တည်း၊အကျွန်ုပ်တို့၏ မြတ်စွာဘုရားအလောင်းတော်သည် "သုမေဓာ" ရသေ့ဖြစ်စဉ် အခါက "ဒီပင်္ကရာ" မြတ်စွာဘုရား၏ ခြေရင်းတော်၌ လက်တော်သို့ရောက်လုဆဲသော နိဗ္ဗာန်ချမ်းသာကို စွန့်ပယ်တော်မူပြီးလျှင် သံသရာ၌ အတိုင်းမသိသော ဆင်းရဲဒုက္ခကို ခံယူလျက် သဗ္ဗညုတဉာဏ်တော်၏ အဆောက်အဦတို့ကို လုံ့လကြီးကုတ် အားထုတ်ဆည်းပူးမှုသည် အလုံးစုံသော သတ္တဝါများအပေါ်၌ ဖြစ်ပေါ်သော ညီမျှသောမေတ္တာတော်၏ အစွမ်းကြောင့်ပင် ဖြစ်ပေသည်၊ ထို့ကြောင့် ဤမေတ္တာကို ဦးစွာပဌမအလိုရှိအပ်သော ပါရမီအစားမျိုးဟု ဆိုသင့်ဆိုထိုက်ပေသည်။

ဤမေတ္တာကိုပင် မြတ်သော အပြစ်ဒေါသကင်းသော နေခြင်းမျိုးဖြစ်၍ "ဗြဟ္မဝိဟာရတရား" ဟူ၍၎င်း, မြတ်သော အပြစ်ဒေါသ ကင်းသော ကျင့်သုံးခြင်းမျိုး ဖြစ်၍

"ဗြဟ္မစိုရတရား"ဟူ၍ငှင်း,အတိုင်းမသိ အလုံးစုံသောသတ္တဝါတို့၌ ပွါးများအပ်သောကြောင့် "အပ္ပမညာတရား"ဟူ၍ငှင်း ခေါ်ဆိုအပ်၏။

အရကောက်သော်ကား။ ပရမတ္ထတရား လေးပါးတွင် အပါအဝင်ဖြစ်သော အဒေါသ စေတသိက်ပင် ဖြစ်သည်၊ ထို့ကြောင့် မေတ္တာဟူသည် ပရမတ္ထအားဖြင့် အဒေါသစေတသိက်ကို ဆိုသည်ဟုမှတ်လေ၊ ဒေါသကားမီးနှင့်တူ၍ အဒေါသကား ရေနှင့်တူသည်ဟူ၍လည်း သိတတ်စေ၊ မီးနှင့်တူသောဒေါသဖြင့် နှိပ်စက်သည်ဖြစ်၍ မိမိအထံသို့အကျိုးမဲ့ကိုပြုခြင်းငှါ လာသောရန်သူကို ရန်တုံ့မမူဘဲ ရေနှင့်တူသောမေတ္တာဖြင့်သာ ထိုသူတပါး၏ ဒေါသမီးကိုငှင်း, မိမိကိုယ်တွင်း၌ ဖြစ်ပေါ်မည့်ဒေါသမီးကိုငှင်း ပြေစေရမည်-ငြိမ်းစေရမည်- ငြိမ်းစေရမည်ဟု ဆိုလိုသည်။

### မေတ္တာ၏အပြား

မေတ္တာသည် ကာယကံမေတ္တာ, ဝစီကံမေတ္တာ, မနောကံမေတ္တာဟူ၍ သုံးပါးအပြားရှိ၏။

၁။ ထိုသုံးပါးတို့တွင် "ကာယကံမေတ္တာ" ဆိုသည်ကား ချမ်းသာစေလို- ကောင်းစေလိုသော စိတ်စေတနာဖြင့် သူတပါး၏ပြုဘွယ်ကိစ္စတို့ကို ကိုယ်ဖြင့်ဆောင်ရွက်မှုကို ဆိုသည်၊ ဤကာယကံမေတ္တာနှင့် ပြည့်စုံသောသူသည် သူတပါး၏ ဆောင်ရွက်ဘွယ်ကိစ္စရှိလျှင် လျစ်လျူရှု၍မနေဘဲ မိမိစွမ်းနိုင်သမျှ ပါဝင်ကူညီလုပ်ကိုင်၍ပေးတတ်၏၊ ယဉ်ကျေးသော ကိုယ်အမူအရာနှင့်ပြည့်စုံ၏၊ သူတပါး၏ အကျိုးမဲ့စီးပွါးမဲ့အလုပ်ကို မပြုလုပ်နိုင်ချေ။

၂။ "ဝစီကံမေတ္တာ"ဆိုသည်ကား ချမ်းသာစေလို—ကောင်းစေလိုသော စိတ်စေတနာဖြင့် နှုတ်မြွက်ဆိုခြင်းကို ဆိုသည်၊ ဤဝစီကံမေတ္တာနှင့် ပြည့်စုံသောသူသည် သတ္တဝါ တပါး အကျိုးစီးပွါးများအံ့သော စကားတို့ကိုသာ ပြောကြားတတ်၏၊ ယဉ်ကျေးသော နှုတ်အမူအရာနှင့် ပြည့်စုံ၏၊ အပြစ်ရှိသောသူကိုပင် ဖြစ်စေကာ ထိုအပြစ်ကိုဖယ်ရှား၍ ဂုဏ်ကျေးဇူးကိုသာရှာကြံလျက် ချီးမွမ်းတတ်၏၊ သူတပါး၏ အကျိုးယုတ်စေတတ်သော စကားတို့ကို မပြောကြားနိုင်ချေ။

၃။ "မနောကံမေတ္တာ"ဆိုသည်ကား- ချမ်းသာစေလို ကောင်းစေလိုသောအားဖြင့် စိတ်နေစိတ်ထား ဖြူစင်ခြင်းကိုဆိုသည်၊ ဤ မနောကံမေတ္တာနှင့် ပြည့်စုံသောသူသည် သတ္တဝါတပါး၏ အကျိုးစီးပွါးများမှုကိုသာ အလိုရှိ၏၊ ယဉ်ကျေးသော စိတ်အမူအရာနှင့်ပြည့်စုံ၏၊ ဒေါသဂိုဏ်းနှင့်စပ်ဆိုင်ရာဖြစ်သော အပူအလောင်မျိုးတို့မှကင်းရှင်းသဖြင့် သူတပါး၏ အကျိုးမဲ့ စီးပွါးမဲ့ဖြစ်စေတတ်သည့် အရာများကို မကြံစည်နိုင်ချေ။

ဤမေတ္တာသုံးပါးတို့တွင် မနောကံမေတ္တာသည် အရင်းမူလပဓာနဖြစ်၏၊ ထိုမနောကံမေတ္တာသန့်ရှင်းခိုင်မြဲ ထက်သန်ခဲ့ပါလျှင် ကာယကံမေတ္တာနှင့် ဝစီကံမေတ္တာတို့ကို လွယ်ကူစွာ ပြုလုပ်နိုင်လေ၏၊ ဤမေတ္တာသုံးပါးကို မျက်မှောက်,မျက်ကွယ် နှစ်ပါး၌ပင် အသီးအသီး ရအပ်သောကြောင့် သုံးပါးနှစ်လီဖြစ်၍ မေတ္တာခြောက်ပါးဖြစ်၏။

ဤလောကကြီးတခုလုံးသည် ဤမေတ္တာခြောက်ပါးနှင့်သာ ပြည့်စုံ၍နေခဲ့ပါမူ ဘေးခပ်သိမ်း ရန်ခပ်သိမ်း ကင်းငြိမ်းလျက် အလွန်ဝပြောသာယာပြီးလျှင် ပြုံးပြုံးပျော်ပျော်နေနိုင်သည့် နေရာဌာနကြီးတခု ဖြစ်နိုင်ဘွယ်အကြောင်းရှိလေသည်၊ ထို့ကြောင့် ပြဆိုခဲ့ပြီးသော မေတ္တာခြောက်ပါးနှင့်ပြည့်စုံရအောင် အထူးသတိပြု၍ အားထုတ် သင့်လှပေသတည်း။

### မေတ္တာ၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်

၁။ မေတ္တာသည် သတ္တဝါတို့၏အကျိုးစီးပွါးကို ကျင့်ဆောင်သော အခြင်းအရာဖြင့် ဖြစ်ခြင်း"သဘော လက္ခဏာ"ရှိ၏။

၂။ သတ္တဝါတို့ထံ အကျိုးစီးပွါးကိုကပ်၍ ဆောင်ခြင်း "ကိစ္စ"ရှိ၏၊အမျက်ဒေါသကို ဖျောက်ခြင်း "ကိစ္စ" သော်လည်း ရှိ၏။

၃။ နေ့မြဲ ငြိမ်းချမ်းသော စိတ်သဘောလျှင် "ဉာဏ်ဝယ် ရှေ့ရှုထင်လာတတ်သော အခြင်းအရာ"ရှိ၏။

၄။ သတ္တဝါတို့၏ နှစ်သက်ဘွယ်သော ဂုဏ်ကိုသာရှုမြင်တတ်သော ဖယောနိသော မနသိကာရ လျှင် "နီးစွာသောအကြောင်း"ရှိ၏။

ဟိတာကာရပ္ပဝတ္တိလက္ခဏာ မေတ္တာ၊ဟိတူပသံဟာရရသာ၊ အာဃာတဝိနယနရသာ ဝါ၊ သောမ္မဘာဝပစ္စုပဋ္ဌာနာ၊ သတ္တာနံ မနာပဘာဝဒဿနပဒဋ္ဌာနာ။ (စရိယာပိဋက အဋ္ဌကထာစသည်) မေတ္တာ၊ မေတ္တာသည်။ ဟိတာကာရပ္ပဝတ္တိလက္ခဏာ၊ သတ္တဝါတို့၏ အကျိုးစီးပွါးကို

ကျင့်ဆောင်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာ ရှိ၏။ဟိတူပသံဟာရရသာ၊ သတ္တဝါတို့ထံ အကျိုးစီးပွါးကို ကပ်၍ ဆောင်ခြင်း ကိစ္စရှိ၏။ ဝါ၊ တနည်းကား။အာဃာတ ဝိနယနရသာ၊ အမျက်ဒေါသကို ဖျောက်ခြင်းကိစ္စ ရှိ၏။ သောမ္မဘာဝပစ္စုပဋ္ဌာနာ၊ ဧးမြငြိမ်းချမ်းသော စိတ်သဘောလျှင် ဉာဏ်ဝယ်ရှေ့ရှုထင်လာတတ်သော အခြင်းအရာ ရှိ၏။ သတ္တာနံ၊ သတ္တဝါတို့၏။မနာပဘာဝဒဿနပဒဋ္ဌာနာ၊ နှစ်သက်ဘွယ်သောဂုဏ်ကိုသာ ရှုမြင်တတ်သော ယောနိ-သော မနသိကာရလျှင် နီးစွာသော အကြောင်းရှိ၏။

ဤလက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်တို့ကိုမေတ္တာပါရမီ၌ အထူးသိအောင် အားထုတ်လေ၊ သို့မှ မေတ္တာကိုပွါးများနိုင်မည်။

### မေတ္တာ၏ ရန်သူ

မေတ္တာတရားမှာ အနီးရန်သူ,အဝေးရန်သူဟူ၍ ရန်သူနှစ်မျိုးရှိ၏။

၁။ ထိုနှစ်မျိုးတို့တွင်“အနီးရန်သူ”ဆိုသည်ကားတဏှာရာဂကို ဆိုသည်၊ ရာဂသည် ဂုဏ်ကျေးဇူးကိုမြင်တတ်၏၊ မေတ္တာလည်း ဂုဏ်ကျေးဇူးကို မြင်တတ်၏၊ ယင်းသို့ ဂုဏ်ကျေးဇူးကို မြင်တတ်ခြင်းအားဖြင့် ရာဂသည် မေတ္တာနှင့် သဘောတူသောကြောင့် မေတ္တာ၏ အတုအယောင်ဖြင့် ပူးကပ်၍ ထိုမေတ္တာကို ဖျက်ဆီးတတ်သော အနီးရန်သူဖြစ်လေ၏၊ထို့ကြောင့် ထိုရာဂသည်အလွယ်တကူနှင့်မေတ္တာကို ဖျက်ဆီးတတ်ရကား ထိုရာဂတည်းဟူသောရန်သူမှ ကင်းလွတ်အောင် ကောင်းစွာ မေတ္တာကို စောင့်အပ်၏။

မေတ္တာမုခေန ဟိ ရာဂေါ ဝဉ္စေတိ။(ဝိသုဒ္ဓိမဂ်မဟာဋီကာ) ဟိသစ္စံ၊ မှန်၏။ မေတ္တာမုခေန၊ မေတ္တာကိုအကြောင်းပြု၍ ဖြင့်။ရာဂေါ၊တဏှာရာဂသည်။ဝဉ္စေတိ၊လှည့်ပတ်တတ်၏။ ။ တဏှာရာဂသည် မေတ္တာ၏အတုအစားပြု၍မေတ္တာယောင် ဆောင်လာသဖြင့် လိမ်လည်တတ်လေသည်၊ သတိကြီးစွာ ထား၍ရမည်ဟု ဆိုလိုသည်။

၂။ "အဝေးရန်သူဆိုသည်ကား- ဒေါသကို ဆိုသည်။ မေတ္တာသည် နူးညံ့ေးမြ၏၊ ဒေါသသည် ကြမ်းတန်း ပူလောင်၏၊ ယင်းသို့ မေတ္တာ၏သဘောနှင့် ဒေါသ၏ သ ဘော မတူ၍ ဆန့်ကျင်ဘက် ဖြစ်သောကြောင့် အဝေး၌ နေသော၊ ရန်သူကဲ့သို့ ဒေါသသည် မေတ္တာ၏ အဝေးရန်သူ ဖြစ်လေသည်၊မေတ္တာဓာတ် ကိန်းအောင်းသောသူ၌ ဒေါသ ဓာတ်များ မတည်နိုင်၊ ထို့ကြောင့် မေတ္တာကို ဒေါသသည် ဖျက်ဆီးခြင်းငှါ မလွယ်ကူရကား ကြောက်ဘွယ် မရှိပြီ၊ မေတ္တာကိုသာ စိတ်ချ၍ပွါးများလေဟု ဆိုလိုသည်။

**မေတ္တာဘာဝနာပွါး ပုံအကျဉ်း**

သဗ္ဗေ သတ္တာ သုခိနော ဟောန္တု၊
သဗ္ဗေ သတ္တာ ခေမိနော ဟောန္တု။
သဗ္ဗေ သတ္တာ သုခိတတ္တာ ဟောန္တု။

**အနက်ကား**

သဗ္ဗေ၊ မကြွင်းဥဿုံ အလုံးစုံကုန်သော။သတ္တာ၊သတ္တဝါ တို့သည်။ သုခိနော၊ ကိုယ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံကုန် သည်၊ ဟောန္တု၊ ဖြစ်စေကုန်သတည်း။

သဗ္ဗေ၊ မကြွင်းဥဿုံ အလုံးစုံကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ခေမိနော၊ ဘေးရန်ဥပဒ်မရှိ လွတ်ကင်းကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။

သဗ္ဗေ၊ မကြွင်းဥဿုံ အလုံးစုံကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ သုခိတတ္တာ၊ ချမ်းသာသော စိတ် ရှိကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။

**မေတ္တာဘာဝနာပွါးပုံ အကျယ်**

ဤသို့ ဥပစာရမှစ၍ အပ္ပနာအဆုံးတိုင်အောင်အကျဉ်းသခေ်ပ အားဖြင့် မေတ္တာဘာဝနာကိုပြပြီး၍ ယခုအခါ၌ အကျယ်ဝိတ္ထာရအားဖြင့်လည်း ထိုမေတ္တာဘာဝနာကို ပြတော်မူလို၍ **ယေကေစိပါဏဘူတတ္ထိ**-စသော နှစ်ဂါထာကို မိန့်တော်မူ၏။

၄။ ယေ ကေစိ ပါဏဘူတတ္ထိ၊
တသာ ဝါ ထာဝရာ ဝ’နဝသေသာ။
ဒီဃာ ဝါ ယေ ဝ မဟန္တာ၊
မဇ္ဈိမာ ရဿကာ အဏုကထူလာ။

၅။ ဒိဋ္ဌာ ဝါ ယေ ဝ အဒိဋ္ဌာ၊
ယေ ဝ ဒူရေ ဝသန္တိ အဝိဒူရေ။
ဘူတာ ဝ သမ္ဘဝေသီ ဝါ၊
သဗ္ဗ သတ္တာ ဘဝန္တု သုခိတတ္တာ။

၄။ ယေကေစိ၊ အလုံးစုံကုန်သော။ ပါဏဘူတာ၊ သတ္တဝါတို့သည်။ ဝါ၊ ပဥ္စဝေါကာရ, စတုဝေါကာရ, ဧကဝေါကာရသတ္တဝါတို့သည်။အတ္ထိ၊ ရှိကုန်၏။အနဝသေသာ၊

အကြွင်းမရှိကုန်သော။ တသာ၊ ကြောက်ထိတ် လန့်တတ်ကုန်သော။ ယေသတ္တာ ဝါ၊ အကြင်ပုထုဇ္ဇဉ်,သေက္ခပုဂ္ဂိုလ်တို့သည်ငှင်း။ ထာဝရာ၊ တည်ကြည် ငြိမ်သက်ကုန်သော။ ယေသတ္တာဝါ၊ အကြင်ရဟန္တာ ပုဂ္ဂိုလ်တို့သည်ငှင်း။ ဒီဃာ၊ ရှည်သောကိုယ်ရှိကုန်သော။ ယေသတ္တာဝါ၊ အကြင် မြွေ, နဂါး, ငါး, ဖွတ် အစရှိကုန်သော သတ္တဝါ တို့သည်ငှင်း။ မဟန္တာ၊ ကြီးသော ကိုယ်ရှိကုန်သော။ ယေသတ္တာဝါ၊ အကြင် ရေ၌ ငါး,ကုန်း၌ ဆင်,နတ်၌ အသုရိန်-အစရှိကုန်သော သတ္တဝါတို့သည်ငှင်း။ မဇ္ဈိမာ၊ အလယ်အလတ်ဖြစ်သော ကိုယ်ရှိကုန်သော။ ယေသတ္တာဝါ၊အကြင်မြင်း,နွား, ကျွဲ,ဝက်အစရှိကုန်သော သတ္တဝါတို့သည်ငှင်း။ ရဿကာ၊ ပု,တို, နိမ့်ငယ်သော ကိုယ်ရှိကုန်သော။ ယေသတ္တာဝါ၊ အကြင် ကြွက်,ငှက်-အစရှိကုန်သော သတ္တဝါတို့သည်ငှင်း။ အဏုကာ၊ မံသစက္ခုဖြင့် မမြင်စကောင်း-ဒိဗ္ဗစက္ခုဖြင့်သာ မြင်စကောင်းသော သိမ်မွေ့သော ကိုယ်ရှိကုန်သော။ယေ-သတ္တာဝါ၊ အကြင်ရေပိုး,ရေမွှား-စသော သတ္တဝါတို့သည် ငှင်း။ ထူလာ၊ ဝန်းဝိုင်းဆူဖြိုးသော ကိုယ်ရှိကုန်သော။ယေ-သတ္တာ ဝါ၊ အကြင်ငါး, လိပ်, ခရု, ယောက်သွား-စသော သတ္တဝါတို့သည်ငှင်း။ အတ္ထိ၊ ရှိကုန်၏။ တေသတ္တာ ဝါ၊ ထိုသတ္တဝါတို့သည်ငှင်း။

၅။ ဒိဋ္ဌာ၊ မြင်ဘူးကုန်သော။ ယေ သတ္တာ ဝါ၊အကြင် သတ္တဝါတို့သည်ငှင်း။ အဒိဋ္ဌာ၊ မမြင်ဘူးကုန်သော။ ယေ-သတ္တာ ဝါ၊ အကြင် သတ္တဝါတို့သည်ငှင်း။ ယေစ သတ္တာ၊ အကြင် သတ္တဝါတို့သည် လည်း။ ဒူရေ၊ အဝေး၌။ ဝသန္တိ၊ နေကုန်၏။ ယေ စ သတ္တာ၊ အကြင်သတ္တဝါတို့သည်လည်း။

အဝိဒူရေ၊ အနီး၌။ ဝသန္တိ၊ နေကုန်၏။ တေ သတ္တာဝါ၊ ထိုသတ္တဝါတို့သည်ငင်း။ ဘူတာ၊ ဖြစ်ပြီးကုန်သော။ ယေ-သတ္တာဝါ၊ အကြင်ရဟန္တာပုဂ္ဂိုလ်တို့သည်ငင်း။သမ္ဘဝေသီ၊ နောင်လည်း ဘဝသစ်ကို ဖြစ်စေတတ်သော ကံကို ရှာတတ်ကုန်သော။ ယေသတ္တာဝါ၊ အကြင်ပုထုဇ္ဇဉ်, သေက္ခပုဂ္ဂိုလ်တို့သည်ငင်း၊အတ္ထိ၊ရှိကုန်၏။ဣမေပိသဗ္ဗသတ္တာ၊ ဤအလုံးစုံကုန်သောသတ္တဝါတို့သည်လည်း။သုခိတတ္တာ၊ ချမ်းသာခြင်းသို့ရောက်သောစိတ်ရှိကြကုန်သည်။ဘဝန္တု၊ ဖြစ်စေကုန်သတည်း။

**မှတ်ချက်။** ။ဤ၌ အကျဉ်းမျှသာ အနက် ယောဇနာလိုက်သည်၊ အကျယ်သိလိုသူတို့အတွက် အဋ္ဌကထာပါဠိနှင့်တကွ အကျယ်ကိုပြဆိုဦးအံ့၊ အဋ္ဌကထာဟု သာမန်ဆိုသမျှ သုတ္တနိပါတ်အဋ္ဌကထာ,ခုဒ္ဒကပါဌအဋ္ဌကထာတို့ဟုမှတ်လေ။

ဤ၌ "ပါဏာဘူတာ" ဆိုသည်ကား သတ္တဝါတို့ကိုဆိုသည်၊ ပါဏာဧဝဘူတာ ပါဏာဘူတာ၊ (**အဋ္ဌကထာ**) တနည်း၊ "ပါဏ" ဆိုသည်ကား ထွက်သက်, ဝင်သက်နှင့်စပ်၍ ဖြစ်ကုန်သော ခန္ဓာငါးပါးရှိသော ပဉ္စဝေါကာရသတ္တဝါတို့ကိုဆိုသည်၊ "ဘူတ" ဆိုသည်ကား ခန္ဓာတပါးသာရှိသော ဧကဝေါကာရသတ္တဝါ,ခန္ဓာလေးပါးရှိသော စတုဝေါကာရ သတ္တဝါတို့ကိုဆိုသည်၊အထဝါ ပါဏန္တီတိ ပါဏာ၊ဧတေန အဿာသပဿာသပ္ပဋိဗဒ္ဓေပဉ္စဝေါကာရသတ္တေ ဂဏှာတိ၊ဘဝန္တီတိ ဘူတာ၊ ဧတေန ဧကဝေါကာ-ရ စတုဝေါကာရသတ္တေ ဂဏှာတိ၊(**အဋ္ဌကထာ**)။

“တသ” ပုဂ္ဂိုလ်ဆိုသည်ကား တဏှာတာသ, စိတ္တုတြာသ မကင်း၍ ထိတ်လန့်တတ်ကုန်သော ပုထုဇ္ဇဉ်ပုဂ္ဂိုလ်လေးယောက်, သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့ကိုဆိုသည်၊ တဏှာတသ န္တီတိတသာ၊သတဏှာနံ သဘယာနံ စေတံ အဓိဝစနံ၊ (အဋ္ဌကထာ) “ထာဝရ” ပုဂ္ဂိုလ်ဆိုသည် တဏှာတာသ စိတ္တုတြာသနှစ်ပါးကို ပယ်ရှားတွန်းလှန်၍ မြဲမြံတည်ကြည် ကုန်သော ရဟန္တာပုဂ္ဂိုလ်တို့ကို ဆိုသည်၊ တိဋ္ဌန္တီတိထာဝရာ၊ ပဟီနတဏှာဘယာနံ အရဟတံ စေတံ အဓိဝစနံ၊(အဋ္ဌကထာ)။

“ဒီဃပုဂ္ဂိုလ်ဆိုသည်ကား အလံတရာ အလံတထောင် ယူဇနာတရာ ယူဇနာတထောင်ရှိသော မြွေ, နဂါး, ငါး, ဖွတ်–အစရှိသော ရှည်သောကိုယ်ရှိသော သတ္တဝါတို့ကို ဆိုသည်၊ ဒီဃာတိဒီဃတ္တဘာဝါ နာဂမစ္ဆဂေါဓာဒယော၊ (အဋ္ဌကထာ)။

“မဟန္တ” ပုဂ္ဂိုလ်ဆိုသည်ကား ကြီးသောကိုယ်ရှိကုန်သောရေ၌ငါး, ကုန်း၌ဆင်,နတ်၌ရာဟုအသုရိန်- စသော သတ္တဝါတို့ကို ဆိုသည်၊ မဟန္တာတိ မဟန္တတ္တ ဘာဝါ ဇလေကစ္ဆပါဒယောထလေဟတ္ထိနာဂါဒယောအမနုဿေ သုဒါနဝါဒယော၊(အဋ္ဌကထာ)။

“မဇ္ဈိမ” ပုဂ္ဂိုလ်ဆိုသည်ကား မြင်း, နွား, ကျွဲ,ဝက် အစရှိသော အလတ်သောကိုယ်ရှိသော သတ္တဝါတို့ကို ဆိုသည်၊ မဇ္ဈိမာတိအဿဂေါဏမဟိံသ သူကရာဒီနံ အတ္တဘာဝါ၊(အဋ္ဌကထာ)။

''ရဿ''ပုဂ္ဂိုလ်ဆိုသည်ကား ထိုထိုသော အမျိုးဇာတ်တို့၌ ပု,ကွ,နိမ့်,တိုသော ကိုယ်ရှိသည်ဖြစ်၍ရှည်သောကိုယ် အလတ်သောကိုယ်ရှိသော သတ္တဝါတို့မှ ယုတ်လျော့သော ကိုယ်ရှိသော သတ္တဝါတို့ကိုဆိုသည်၊ ရဿကာတိတာသု တာသု ဇာတီသု ဝါမနာဒယော ဒီဃမဇ္ဈိမေဟိ ဩမကပ္ပ-မာဏာ သတ္တာ၊(အဋ္ဌကထာ)။

''အဏုက''ပုဂ္ဂိုလ်ဆိုသည်ကား မံသစက္ခု၏ အာရုံ မဟုတ်၊ ဒိဗ္ဗစက္ခု၏အာရုံဖြစ်သော ရေစသည်တို့၌ ဖြစ်သော သိမ်မွေ့သော ကိုယ်ရှိသောသတ္တဝါတို့ကိုငင်း, သန်းစသည်တို့ကိုငင်းဆိုသည်၊တနည်းသော်ကားအကြင်သတ္တဝါ တို့သည် ထိုထိုသောအမျိုးဇာတ်တို့၌ အကြီး အလတ်—အဆူအလတ်တို့မှ ယုတ်လျော့သော ပမာဏ ရှိကုန်၏၊ ထိုသတ္တဝါတို့ကိုဆိုသည်၊အဏုကာတိမံသစက္ခုဿအဂေါ-စရာ ဒိဗ္ဗစက္ခုဝိသယာ ဥဒကာဒီသု နိဗ္ဗတ္တာ သုခုမတ္တ ဘာဝါ၊ ဦကာဒယောဝါ၊ အပိစ ယေတာသုတာသု ဇာတီသု မဟန္တမဇ္ဈိမေဟိ ထူလမဇ္ဈိမေဟိစ ဩမကပ္ပမာဏာ သတ္တာ တေအဏုကာတိဝေဒိတဗ္ဗာ၊(အဋ္ဌကထာ)။

''ထူလ'' ပုဂ္ဂိုလ်ဆိုသည်ကား ဝန်းသောကိုယ်ရှိသော ငါး, လိပ်, ခရု, ယောက်သွား-အစရှိသော သတ္တဝါတို့ကို ဆိုသည်၊ ထူလာတိ ပရိမဏ္ဍလတ္တဘာဝါ မစ္ဆကုမ္မ သိပ္ပိက သမ္ဗုကာဒယောသတ္တာ၊(အဋ္ဌကထာ)။

''ဒိဋ္ဌ''ပုဂ္ဂိုလ်ဆိုသည်ကား— မိမိမျက်စိဖြင့် မြင်ဘူးသော သတ္တဝါတို့ကို ဆိုသည်။ ဒိဋ္ဌာတိ ယေ အတ္တနော စက္ခုဿ အာပါထမာဂတဝသေန ဒိဋ္ဌပုဗ္ဗာ၊ (အဋ္ဌကထာ)

“အဒိဋ္ဌ”ပုဂ္ဂိုလ် ဆိုသည်ကား– သမုဒ္ဒရာ တဘက်, တောင်တဘက်, စကြဝဠာတပါးမှာ တည်နေသော မိမိ မျက်စိဖြင့် ကြည့်၍ မမြင်အပ်သော သတ္တဝါတို့ကို ဆိုသည်၊ အဒိဋ္ဌာတိယေ ပရသမုဒ္ဒပရသေလ ပရစက္ကဝါဠာဒီသု ဌိတာ၊(အဋ္ဌကထာ)

“ဒူရ”ပုဂ္ဂိုလ်ဆိုသည်ကား- မိမိကိုယ်မှ အပ၌တည် သော သတ္တဝါတို့ကို ဆိုသည်။ ဗဟိကာယတော ဝသန္တာ ဒူရေ၊(အဋ္ဌကထာ)

“အဝိဒူရ”ပုဂ္ဂိုလ်ဆိုသည်ကား–မိမိကိုယ်၌ နေသော သတ္တဝါတို့ကို ဆိုသည်၊ အတ္တနော ဟိ ကာယေ ဝသန္တာ သတ္တာ အဝိဒူရေ၊(အဋ္ဌကထာ)

တနည်း။ မိမိအရံတွင်း ဥပစာရ အတွင်း၌ တည်နေကြ ကုန်သော သတ္တဝါတို့သည် “အဝိဒူရ”ပုဂ္ဂိုလ်မည်ကုန်၏၊ မိမိအရံဥပစာရမှအပ၌ တည်နေကြကုန်သောသတ္တဝါ တို့ သည်“ဒူရ”ပုဂ္ဂိုလ်မည်ကုန်၏။ တထာ အန္တော ဥပစာရေ ဝသန္တာ အဝိဒူရေ၊ ဗဟိ ဥပစာရတော ဝသန္တာ ဒူရေ၊ (အဋ္ဌကထာ)

တနည်း။ မိမိတို့ ကျောင်း, အိမ်, ရွာ, ဇနပုဒ်, ကျွန်း, စကြဝဠာ၌ တည်နေကြကုန်သော သတ္တဝါတို့သည် “အဝိ- ဒူရ”ပုဂ္ဂိုလ်မည်ကုန်၏၊ စကြဝဠာ တပါး၌ တည်နေကြ ကုန်သော သတ္တဝါတို့သည် “ဒူရ” ပုဂ္ဂိုလ် မည်ကုန်၏။ အတ္တနော ဝိဟာရေ ဂါမေ ဇနပဒေ ဒီပေ စက္ကဝါဠေ ဝသန္တာ အဝိဒူရေ၊ ပရစက္ကဝါဠေ ဝသန္တာ ဒူရေ ဝသန္တီတိ ဝုစ္စန္တိ၊(အဋ္ဌကထာ)

"ဘူတ"ပုဂ္ဂိုလ် ဆိုသည်ကား— ဖြစ်ပြီးဖြစ်၍ နောက် ထပ်မဖြစ်လတ္တံ့ကုန်သော ရဟန္တာပုဂ္ဂိုလ်တို့ကို ဆိုသည်။ ဘူတာတိ ဇာတာ အဘိနိဗ္ဗတ္တာ၊ ယေ စ ဘူတာ န ပုန ဘဝိဿန္တီတိ သင်္ခံ ဂစ္ဆန္တိ တေသံ ခီဏာသဝါနံ စေတံ အဓိ-ဝစနံ၊(အဋ္ဌကထာ)

"သမ္ဘဝေသီ"ပုဂ္ဂိုလ်ဆိုသည်ကား—မပယ်အပ် သေး သော ဘဝသံယောဇဉ်ရှိသောကြောင့် နောင်လည်း ဘဝ သစ်ကိုဖြစ်စေတတ်သော ကံကို ရှာတတ်ကုန်သော သေက္ခ, ပုထုဇ္ဇဉ်ပုဂ္ဂိုလ်တို့ကို ဆိုသည်၊သမ္ဘဝမေသန္တီတိသမ္ဘဝေသီ၊ အပ္ပဟီနဘဝသံယောဇနတ္တာအာယတိမ္ပိ သမ္ဘဝံ ဧသန္တာ-နံ သေက္ခပုထုဇ္ဇနာနမေတံ အဓိဝစနံ၊(အဋ္ဌကထာ)

တနည်း။ ယောနိလေးပါးတို့တွင် အဏ္ဍဇ, ဇလာဗုဇ သတ္တဝါတို့သည် ဥခွံအတွင်း,သားအိမ်တွင်းမှ ဖေါက်ထွင်း ၍ မထွက်ကုန်သေးသမျှ "သမ္ဘဝေသီ" မည်ကုန်၏၊ ဥခွံ အတွင်း, သားအိမ်တွင်းမှ ဖေါက်ထွင်း၍ ထွက်ပြီးနောင် "ဘူတ"မည်ကုန်၏၊ အထဝါ စတူသု ယောနီသု အဏ္ဍဇ ဇလာဗုဇာ သတ္တာ ယာဝ အဏ္ဍကောသံ ဝတ္ထိကောသဉ္စ န ဘိန္ဒန္တိ တာဝ သမ္ဘဝေသီ နာမ၊ အဏ္ဍကောသံ ဝတ္ထိကော သဉ္စ ဘိန္ဒိတွာ ဗဟိ နိက္ခန္တာ ဘူတာ နာမ၊ (အဋ္ဌကထာ)

တနည်း။ ယောနိလေးပါးတို့တွင် သံသေဒဇ, ဩပပါ တိကသတ္တဝါတို့သည် ရှေးဦးစွာသော ပဋိသန္ဓိစိတ္တက္ခဏ၌ "သမ္ဘဝေသီ"မည်ကုန်၏၊ပဋိသန္ဓေစိတ်နောင် ပဌမဘဝင်

ဟု ဆိုအပ်သော ဒုတိယ စိတ္တက္ခဏမှ စ၍ ''ဘူတ'' မည်ကုန်၏၊ သံသေဒဇ ဩပပါတိကာ ဝ ပဌမစိတ္တက္ခဏေ သမ္ဘဝေသီ နာမ၊ ဒုတိယ စိတ္တက္ခဏတော ပဘုတိ ဘူတာနာမ၊(အဋ္ဌကထာ)

တနည်း။ သံသေဒဇ, ဩပပါတိကသတ္တဝါတို့သည် အကြင်ဣရိယာပုထ်ဖြင့် ပဋိသန္ဓေနေ၏၊ထိုဣရိယာပုထ်မှ တပါးသော ဣရိယာပုထ်သို့ မရောက်ကုန်သေးသမျှ''သမ္ဘဝေသီ''မည်ကုန်၏၊ ထိုမှ နောက်၌ ''ဘူတ'' မည်ကုန်၏၊ ယေန ဝါ ဣရိယာပထေန ဇာယန္တိ၊ ယာဝ တတောအညံ နပါပုဏန္တိ တာဝ သမ္ဘဝေသီ၊ တတော ပရံ ဘူတာတိ၊ (အဋ္ဌကထာ)

၄။ ၅။ ဤပါဠိတော်မြတ် ဂါထာနှစ်ရပ်သည်ကား ရှေး၌ ဟောဖော်ထုတ်ပြအပ်ပြီးသည့် သုခိနော ဝ ခေမိနော ဟောန္တု၊ သဗ္ဗ သတ္တာ ဘဝန္တု၊ သုခိတတ္တာ- ဟူသော မေတ္တာ ဘာဝနာကျဉ်းကို ဒုက်လေးဝါရ, တိက်သုံးဝါရတို့ဖြင့် အကျယ် ဖွင့်ပြသည့် စိတ္တာရဒေသနာတည်း။

ဒုက် ၄-ဝါရ သရုပ်ကား

၁။ တသ, ထာဝရဒုက်
၂။ ဒိဋ္ဌ,အဒိဋ္ဌဒုက်
၃။ ဒူရ,အဝိဒူရဒုက်
၄။ ဘူတ,သမ္ဘဝေသီဒုက်

ဤသို့အားဖြင့် ဒုက်လေးဝါရ ဖြစ်သတည်း။

တိက် ၃-ဝါရသရုပ်ကား

၁။ ဒီဃ,ရဿ,မဇ္ဈိမတိက်
၂။ မဟန္တ,အဏုက,မဇ္ဈိမတိက်
၃။ ထူလ,အဏုက,မဇ္ဈိမတိက်

ဤသို့အားဖြင့် တိက်သုံးဝါရဖြစ်သတည်း။

ဧင်းဒုက်,တိက်တို့ကို သဗ္ဗေ သတ္တာ ဘဝန္တု သုခိတတ္တာ ဟူသော ပုဒ်နှင့် အသီးအသီး စပ်၍ မေတ္တာပို့အပ်၏။

မေတ္တာပို့ပုံကား
(ဒုက် ၄-ဝါရ)

တသာ ဝါ ထာဝရာ ဝါ အနဝသေသာ၊ ဣမေပိ သဗ္ဗေ သတ္တာဘဝန္တု သုခိတတ္တာ။

ဒိဋ္ဌာ ဝါ အဒိဋ္ဌာ ဝါ အနဝသေသာ၊ ဣမေပိ သဗ္ဗေ သတ္တာ ဘဝန္တု သုခိတတ္တာ။

ဒူရေ ဝသန္တာ ဝါ အဝိဒူရေ ဝသန္တာ ဝါ အနဝသေသာ၊ ဣမေပိ သဗ္ဗေသတ္တာ ဘဝန္တု သုခိတတ္တာ။

ဘူတာဝါ သမ္ဘဝေသီဝါအနဝသေသာ ဣမေပိ သဗ္ဗေ သတ္တာ ဘဝန္တု သုခိတတ္တာ။

(တိက် ၃-ဝါရ)

ဒီဃာ ဝါ ရဿကာ ဝါ မဇ္ဈိမာ ဝါ အနဝသေသာ၊ ဣမေပိသဗ္ဗေ သတ္တာ ဘဝန္တု သုခိတတ္တာ။

မဟန္တာ ဝါ အဏုကာဝါ မဇ္ဈိမာ ဝါ အနဝသေသာ၊ ဣမေပိ သဗ္ဗေ သတ္တာ ဘဝန္တု သုခိတတ္တာ။

ထူလာ ဝါ အဏုကာ ဝါ မဇ္ဈိမာ ဝါ အနဝသေသာ၊
ဣမေပိ သဗ္ဗေ သတ္တာ ဘဝန္တု သုခိတတ္တာ။
(ဤကား မေတ္တာပို့နည်းပါဠိတည်း။)

**အနက်ကား**

အနဝသေသာ၊ အကြွင်း မရှိကုန်သော။ တသာဝါ၊ ကြောက်ထိတ်လန့်တတ်ကုန်သော ပုထုဇ္ဇဉ်, သေက္ခပုဂ္ဂိုလ်တို့သည်၎င်း။ ထာဝရာဝါ၊ တည်ကြည် မြဲမြံကုန်သော ရဟန္တာပုဂ္ဂိုလ်တို့သည်၎င်း။ အတ္ထိ သန္တိ၊ ရှိကုန်၏။ ဣမေပိ-သဗ္ဗေ သတ္တာ၊ ဤအလုံးစုံသော သတ္တဝါတို့သည်လည်း။ သုခိတတ္တာ၊ ချမ်းသာခြင်းသို့ ရောက်သော စိတ်ရှိကြကုန်သည်။ ဘဝန္တု၊ ဖြစ်စေကုန်သတည်း။

အနဝသေသာ၊....ကုန်သော။ ဒိဋ္ဌာဝါ၊ မြင်ဘူးကုန်သော သတ္တဝါတို့သည်၎င်း။ အဒိဋ္ဌာဝါ၊ မမြင်ဘူး ကုန်သော သတ္တဝါတို့သည်၎င်း။ အတ္ထိသန္တိ၊ ရှိကုန်၏။ ဣမေပိ သဗ္ဗေ-သတ္တာ၊....တို့သည်လည်း။ သုခိတတ္တာ၊..ကုန်သည်။ ဘဝန္တု-ကုန်သတည်း။

အနဝသေသာ၊..ကုန်သော။ ဒူရေ ဝသန္တာ ဝါ၊ အဝေး၌နေကြကုန်သောသတ္တဝါတို့သည်၎င်း။ အဝိဒူရေဝသန္တာ-ဝါ၊ အနီး၌ နေကြကုန်သော သတ္တဝါတို့သည်၎င်း။ အတ္ထိ-သန္တိ၊ ရှိကုန်၏။ ဣမေပိသဗ္ဗေ သတ္တာ၊.... တို့သည်လည်း။ သုခိတတ္တာ၊....ကုန်သည်။ ဘဝန္တု၊....ကုန်သတည်း။

အနဝသေသာ၊....ကုန်သော။ ဘူတာဝါ၊ ဖြစ်ပြီးကုန်သော ရဟန္တာပုဂ္ဂိုလ်တို့သည်၎င်း။ သမ္ဘဝေသီဝါ၊ နောင်လည်း ဘဝသစ်ကို ဖြစ်စေတတ်သောကံကို ရှာတတ်ကုန်

သော ပုထုဇ္ဇဉ်, သေက္ခပုဂ္ဂိုလ်တို့သည်၎င်း၊ အတ္ထိသန္တိ၊ ရှိကုန်၏။ ဣမေပိသဗ္ဗေသတ္တာ၊....တို့သည်လည်း။ သုခိ-တတ္တာ၊....ကုန်သည်။ ဘဝန္တု၊....ကုန်သတည်း။

အနဝသေသာ၊.... ကုန်သော။ ဒီဃာဝါ၊ ရှည်သော ကိုယ်ရှိကုန်သော မြွေ,နဂါး, ငါး, ဖွတ်-အစရှိကုန်သော သတ္တဝါတို့သည်၎င်း။ ရဿကာဝါ၊ ပု,တို, နိမ့်ငယ်သော ကိုယ်ရှိကုန်သော ကြက်ငှက်—အစရှိကုန်သော သတ္တဝါတို့ သည်၎င်း။ မဇ္ဈိမာဝါ၊ အလယ်အလတ်ဖြစ်သော ကိုယ်ရှိ ကုန်သော မြင်း,နွား,ကျွဲ,ဝက်-အစရှိကုန်သော သတ္တဝါ တို့သည်၎င်း။ အတ္ထိသန္တိ၊ရှိကုန်၏။ဣမေပိသဗ္ဗေသတ္တာ၊.. တို့သည်လည်း။ သုခိတတ္တာ၊.... ကုန်သည်။ဘဝန္တု၊.... ကုန်သတည်း။

အနဝသေသာ၊....ကုန်သော။ မဟန္တာဝါ၊ ကြီးသော ကိုယ်ရှိကုန်သော။ ရေ၌ငါး, ကုန်း၌ဆင်, နတ်၌အသုရိန်—အစရှိကုန်သော သတ္တဝါတို့သည်၎င်း။ အဏုကာဝါ၊ မံသ စက္ခုဖြင့် မမြင်စကောင်း ဒိဗ္ဗစက္ခုဖြင့်သာ ရှု၍ မြင်စ ကောင်းသော သိမ်မွေ့သောကိုယ်ရှိသော ရေပိုးရေမွှား-စသော သတ္တဝါတို့သည်၎င်း။ မဇ္ဈိမာဝါ၊ မကြီးမငယ် အလယ်အလတ် ကိုယ်ရှိသောသတ္တဝါတို့သည်၎င်း။ အတ္ထိ-သန္တိ၊ ရှိကုန်၏။ ဣမေပိသဗ္ဗေသတ္တာ၊.... တို့သည်လည်း။ သုခိတတ္တာ၊ ....ကုန်သည်။ ဘဝန္တု၊....ကုန်သတည်း။

အနဝသေသာ၊....ကုန်သော။ ထူလာဝါ၊ ဝန်းဝိုင်းဆူ ဖြိုးသော ကိုယ်ရှိသော ငါး, လိပ်, ခရု, ယောက်သွား-စသော သတ္တဝါတို့သည်၎င်း။အဏုကာဝါ၊ သိမ်မွေ့သော ကိုယ်ရှိသော သတ္တဝါတို့သည်၎င်း။ မဇ္ဈိမာဝါ၊ အလယ်

အလတ်သော ကိုယ်ရှိသော သတ္တဝါတို့သည်ငှင်း။ အတ္တိ-သန္တိ၊ ရှိကုန်၏။ ဣမေပိ သဗ္ဗေသတ္တာ၊....တို့သည်လည်း။ သုခိတတ္တာ၊....ကုန်သည်။ ဘဝန္တု၊....ကုန်သတည်း။

(ဤမေတ္တာပို့ပါဠိအနက်ကို နှုတ်တက်ဆောင်၍ မေတ္တာတရားပွါးများကုန်ရာ၏။)

ဤပြဆိုအပ်ခဲ့ပြီးသော မေတ္တာပို့နည်းသည် အရပ်ကို မညွှန်းဘဲပို့နည်းဖြစ်သည်၊ ထို့နောင် အရပ်ဆယ်မျက်နှာကိုအစဉ်အတိုင်းမှတ်၍—

၁။ ပုရတ္ထိမာယ ဒိသာယ တသာ ဝါ ထာဝရာ ဝါ အနဝသေသာ၊ဣမေပိသဗ္ဗေသတ္တာ ဘဝန္တု၊ သုခိ-တတ္တာ-ဟုမေတ္တာပို့ရာ၏၊ထို့အတူ—

၂။ ပစ္ဆိမာယ ဒိသာယ....

၃။ ဥတ္တရာယ ဒိသာယ....

၄။ ဒက္ခိဏာယ ဒိသာယ....

၅။ ပုရတ္ထိမာယ အနုဒိသာယ....

၆။ ပစ္ဆိမာယ အနုဒိသာယ....

၇။ ဥတ္တရာယ အနုဒိသာယ....

၈။ ဒက္ခိဏာယ အနုဒိသာယ....

၉။ ဟေဋ္ဌိမာယဒိသာယ....

၁၀။ ဥပရိမာယ ဒိသာယတသာ ဝါ ထာဝရာ ဝါ အနဝသေသာ၊ ဣမေပိ သဗ္ဗေသတ္တာဘဝန္တု၊ သုခိတတ္တာ။

(ဤသို့အရပ်ဆယ်မျက်နှာတို့ကို အစဉ်အတိုင်းလှည့်လည်၍မေတ္တာပို့ရာ၏၊ ကြွင်းသောဒုက်,တိက်တို့၌လည်း ဤတသ, ထာဝရဒုက်၌ကဲ့သို့ အရပ်ကိုမှတ်၍စေ့ငှအောင်မေတ္တာပို့လေ)။

## အနက်ကား

၁၊ ပုရတ္ထိမာယ ဒိသာယ၊ အရှေ့အရပ်၌။ အနဝ-
သေသာ၊ အကြွင်းမရှိကုန်သော။ တသာဝါ၊ ကြောက်
ထိတ်လန့်တတ်ကုန်သော ပုထုဇ္ဇဉ် သေက္ခပုဂ္ဂိုလ်တို့သည်
၎င်း။ ထာဝရာဝါ၊ တည်ကြည်ငြိမ်သက်ကုန်သောရဟန္တာ
ပုဂ္ဂိုလ်တို့သည်၎င်း။အတ္ထိသန္တိ၊ ရှိကုန်၏။ ဣမေပိသဗ္ဗေ-
သတ္တာ၊ ဤအလုံးစုံသော သတ္တဝါတို့သည်လည်း။ သုခိ-
တတ္တာ၊ချမ်းသာခြင်းသို့ ရောက်သော စိတ်ရှိကြကုန်သည်။
ဘဝန္တု၊ဖြစ်စေကုန်သတည်း။

၂။ ပစ္ဆိမာယ ဒိသာယ၊အနောက်အရပ်၌....

၃။ ဥတ္တရာယ ဒိသာယ၊မြောက်အရပ်၌....

၄။ ဒက္ခိဏာယ ဒိသာယ၊တောင်အရပ်၌....

၅။ ပုရတ္ထိမာယ အနုဒိသာယ၊ အရှေ့တောင်ထောင့်
အရပ်၌....

၆။ ပစ္ဆိမာယအနုဒိသာယ၊အနောက်မြောက်ထောင့်
အရပ်၌....

၇။ ဥတ္တရာယ အနုဒိသာယ၊ အရှေ့မြောက်ထောင့်
အရပ်၌....

၈။ ဒက္ခိဏာယအနုဒိသာယ၊အနောက်တောင်ထောင့်
အရပ်၌...

၉ ဟေဋ္ဌိမာယ ဒိသာယ၊ အောက်ဖြစ်သောအရပ်၌..

၁၀။ ဥပရိမာယ ဒိသာယ၊ အထက်ဖြစ်သောအရပ်၌။
အနဝသေသာ၊အကြွင်းမရှိကုန်သော။ တသာဝါ၊ကြောက်
ထိတ်လန့်တတ်ကုန်သော ပုထုဇ္ဇဉ်သေက္ခ ပုဂ္ဂိုလ်တို့သည်

ဂုဏ်း။ ထာဝရာဝါ၊ တည်ကြည်ငြိမ်သက်ကုန်သော ရဟန္တာ ပုဂ္ဂိုလ်တို့သည်ဂုဏ်း။ အဗ္ဗိသန္တိ၊ ရှိကုန်၏။ ဣမေပိသဗ္ဗေ သတ္တာ၊ ဤအလုံးစုံသော သတ္တဝါတို့သည်လည်း။ သုခိ တတ္တာ၊ ချမ်းသာခြင်းသို့ ရောက်သောစိတ်ရှိကြကုန်သည်။ ဘဝန္တု၊ဖြစ်စေကုန်သတည်း။

### တနည်းမေတ္တာဘာဝနာပွါးပုံ

(သူတပါးတို့၏ဒုက္ခကင်းခြင်းကိုတောင့်တနည်း)

ဤသို့မြတ်စွာဘုရားသည် သုခိနောဝါစသောနှစ်ဂါထာ ခွဲတို့ဖြင့် အထူးထူးအပြားပြားအားဖြင့် စီးပွါးချမ်းသာတို့ ၏ ဖြစ်ပေါ်လာရောက်ခြင်းကို တောင့်တသည်၏ အစွမ်း အားဖြင့် သတ္တဝါတို့၌ မေတ္တာဘာဝနာကိုပြပြီး၍ ယခု အခါ၌ စီးပွါးမဲ့ကင်း ဆင်းရဲခြင်းတို့၏ မဖြစ်ပေါ် မကျ ရောက်ခြင်းကို တောင့်တသည်၏ အစွမ်းအားဖြင့်လည်း ထိုမေတ္တာဘာဝနာကို ပြခြင်းငှါ **နပရော ပရံ နိကုဗ္ဗေထ** စသောဂါထာကိုမိန့်တော်မူ၏။

၆။ န ပရောပရံ နိကုဗ္ဗေထ၊
နာတိမညေထ ကတ္ထစိ နကဉ္စိ။
ဗျာရောသနာ ပဋိဃသညာ၊
နာညမညဿ ဒုက္ခမိစ္ဆေယျ။

၆။ ပရော၊ တယောက်သောသူသည်။ ပရံ၊တယောက် သောသူကို။ နနိကုဗ္ဗေထ၊ မလိမ်လည်မလှည့်ပတ် စေ လင့်။ (နနိကုဗ္ဗေထာတိနဝဥ္စေယျ) (**အဋ္ဌကထာ**)။ ကတ္ထစိ၊ တစုံ တခုသောအ ရပ်၌။ ကဉ္စိ၊ တစုံတယောက်သော။

နံ၊ထိုတပါးသောသူကို။ နာတိမညေထ၊ မထိမဲ့မြင်မပြုလုပ်ပါစေလင့်။ဗျာရောသနာ-ဗျာရောသနာယ၊ကိုယ်နှုတ်တို့ဖြင့် ညှဥ်းဆဲချုပ်ချယ်သောအားဖြင့်၎င်း။ ပဋိဃသညာ- ပဋိဃသညာယ၊ စိတ်ဖြင့် ရန်မျက်လိုသောအမှတ်အားဖြင့်၎င်း။ အညမညဿ၊ အချင်းချင်း၏။ (ဝါ)အညောသူတပါးသည်။ အညဿ၊ သူတပါး၏။ ဒုက္ခံ၊ ဆင်းရဲဒုက္ခကို။ နဣစ္ဆေယျ၊ အလိုမရှိပါစေလင့်။

၆။ ဤဂါထာပါဠ်ကား။ သူတပါးတို့၏ အကျိုးစီးပွါးမဲ့ကို မကပ်ရောက် စေလိုသည်၏ အစွမ်းအားဖြင့်လည်း မေတ္တာဘာဝနာပွါးများ ပုံသရပုံကိုပြသည့်ပါဠ်ရပ်တည်း။

ပွါးများပုံ့သပုံကား။ တယောက်သော သူသည် အခြားတယောက်သောသူကို လိမ်လည်လှည့်ပတ်ခြင်းမှ ကင်းပါစေ။

မည်သည့်အရပ်ဌာနမှာမဆို တယောက်သောသူသည် ကယောက်သောသူကို မာန်မူခြင်းဖြင့် မထိမဲ့မြင် မပြုပါစေလင့်။

ကိုယ်နှုတ်တို့ဖြင့် ညှဥ်းဆဲချုတ်ချယ်သောအားဖြင့်၎င်း, စိတ်ဖြင့် ခိုက်ရန်မျက်ပွါး ငြိုးထားသောအမှတ်ဖြင့်၎င်း, အချင်းချင်း၏ဆင်းရဲဒုက္ခကို အလိုမရှိပါစေလင့်။

ဤသို့ နှလုံးသွင်း၍လည်း မေတ္တာဘာဝနာ ပွါးများပုံ့သရမည်ဟူလို။

မေတ္တာစိတ်ဖြစ်ပွါးစေပုံ ဥပမာ

ယခုအခါ၌ ထိုမေတ္တာဘာဝနာကိုပင် ဥပမာအားဖြင့် ပြတော်မူလိုသော မြတ်စွာဘုရားသည် မာတာ ယထာ- စသောဂါထာကို မိန့်တော်မူ၏။

၇။ မာတာ ယထာ နိယံ ပုတ္တံ၊
မာယုသာ ဧကပုတ္တမနုရက္ခေ။
ဧဝမ္ပိ သဗ္ဗဘူတေသု၊
မာနသံ ဘာဝယေ အပရိမာဏံ။

၇။ မာတာ၊အမိသည်။ နိယံပုတ္တံ၊ မိမိရင်နှစ် သားရင်းဖြစ်သော။ ဧကပုတ္တံ၊ တယောက်ထည်းသောသားကို။ အာယုသာ၊ မိမိအသက်ဖြင့် မငဲ့ကွက်သဖြင့်လည်း။ အနုရက္ခေ ယထာ၊အစဉ်စောင့်ရှောက်သကဲ့သို့၊ ဧဝမ္ပိ၊ဤအတူသာလျှင်။ သဗ္ဗဘူတေသု၊ ရှိသမျှဥဿုံ အလုံးစုံသောသတ္တဝါတို့၌။ အပရိမာဏံ၊ အတိုင်းအရှည် ကင်းပ များပြားလှသော။ မာနသံ၊မေတ္တာနှင့်ယှဉ်သော စိတ်ကို။ ဘာဝယေ၊ ပွါးစေရာ၏။

၇။ **ဤဂါထာပါဌ်ကား။** မေတ္တာဘာဝနာကို ပွါးများပိုသသူတို့၏ မေတ္တာစိတ်ဖြစ်ရပုံကို ဥပမာဖြင့် တင်သဆုံးမသည့်ဒေသနာဩဝါဒတည်း။

**အဓိပ္ပါယ်ကား။** ဤမေတ္တာတရား ပွါးများသောသူသည် မိခင်ဖြစ်သောသူသည် မိမိရင်၌ ဖြစ်သည့် တယောက်ထည်းသောသားငယ်အပေါ်မှာ ဆင်းရဲဒုက္ခ မကျမရောက်စေရန် ထိုသားငယ်၏ အတွက် မိမိ၏အသက်ကိုသော်လည်း စွန့်၍ကြင်နာစောင့်ရှောက်ဘိသကဲ့သို့ ထို့အတူ အလုံးစုံသော သတ္တဝါတို့အပေါ်မှာ ဆင်းရဲကင်းကွာ ချမ်းသာလိုလားသည့် မေတ္တာစိတ်ကို မည်ရွေ့မည်မျှဟု အတိုင်းအရှည်မရှိအောင် ဖြစ်ပွါးစေရမည်။

သားငယ် တယောက်ထည်းသာရှိသော မိခင်သည် ထိုသားငယ်ကို မိမိ၏အသက်ထက်ပင် ပိုမို၍ ကြင်နာစောင့်ရှောက်သလို သတ္တဝါ အားလုံးတို့အပေါ်မှာ အတိုင်းမသိ ကြင်နာခြင်းသဘောကို ထားရမည်ဟု ဆိုလိုသည်။

မေတ္တာကို နှံ့အောင်ပွါးပုံ

ဤသို့ အလုံးစုံသော အခြင်းအရာအားဖြင့် မေတ္တာဘာဝနာကိုပြပြီး၍ ယခုအခါ၌ ထိုမေတ္တာဘာဝနာကိုပင် အထက်အောက်ဖီလာ အရပ်တို့၌ နှံ့အောင် ပွါးစေခြင်းကို ပြတော်မူလိုသော မြတ်စွာဘုရားသည် မေတ္တဉ္စ- စသော ဂါထာကို မိန့်တော်မူ၏။

၈။ မေတ္တဉ္စ သဗ္ဗလောကသ္မိံ၊
မာနသံ ဘာဝယေ အပရိမာဏံ။
ဥဒ္ဓံ အဓော စ တိရိယဉ္စ၊
အသမ္ဗာဓံ အဝေရ မသပတ္တံ။

၈။ ဥဒ္ဓံ၊ အရူပဘဝ အထက်လောက၌၎င်း။ အဓော၊ ကာမဘဝ အောက်လောက၌၎င်း။ တိရိယံ၊ ရူပဘဝ အလယ်လောက၌၎င်း။ သဗ္ဗလောကသ္မိံ၊ အလုံးစုံရှိသမျှ သုံးလောက၌။ အသမ္ဗာဓံ၊ ရန်သူကိုလည်းမချန်လှပ်ဘဲ နှံ့စပ်စေသောအားဖြင့် ကျဉ်းမြောင်းခြင်းမရှိသော။ အဝေရံ၊ အဇ္ဈတ္တဘေးဒဏ် ကိုယ်တွင်းရန်မရှိသော။ အသပတ္တံ၊ ဗဟိဒ္ဓဘေးဒဏ် အပရန်မရှိသော။ အပရိမာဏံ၊ အတိုင်းအရှည်ကင်းပ များပြားလှသော။ မေတ္တံ၊ မေတ္တာနှင့်ယှဉ်သော။ မာနသံ၊ စိတ်ကို။ ဘာဝယေ၊ ပွါးစေရာ၏။

၈။ ဤဂါထာပါဠိ၌သည်ကား။ ထိုမေတ္တာကိုတစိတ်တဒေသ၌သာ ပွါးစေရသည်မဟုတ်၊ ကာမ, ရူပ, အရူပဟူသော သုံးလောကစလုံး၌ ပွါးစေရ၏ဟု နှိုးဆော်ဆုံးမသည့် ဩဝါဒ ဒေသနာတည်း။

ဤဂါထာ၀ယ် "ဥဒ္ဓံ"ဟူသောပါဠိဖြင့် အထက် အရူပဘုံကို သိမ်းယူအပ်၏၊ "အဓော"ဟူသောပါဠိဖြင့် အောက် ကာမ တဆယ့်တဘုံကို သိမ်းယူအပ်၏၊ "တိရိယံ"ဟူသော ပါဠိဖြင့် အလယ်ဖြစ်သော ရူပတဆယ့်ခြောက်ဘုံကို သိမ်းယူအပ်၏၊ ထို့ကြောင့် မေတ္တာတရား ပွါးများသောအခါ၌ အထက်အဘို့ အရူပဘုံ, အောက်အဘို့ ကာမဘုံ, အလယ်အဘို့ ရူပဘုံအားဖြင့် အလုံးစုံရှိသမျှ သုံးလောကစလုံး၌ ရန်သူကိုချုန်လှပ်သောအားဖြင့် ကျဉ်းမြောင်းခြင်းလည်း မရှိစေရ၊ မိမိကိုယ်တွင်းမှာ ဒေါသစေတနာ တည်းဟူသော အဇ္ဈတ္တရန်လည်း မရှိစေရ၊ အပြင်ကရန်သူဖြစ်သောသူကို အာရုံပြုမှုဟူသော ဗဟိဒ္ဓရန်လည်းမရှိစေရဘဲ မည်ရွေ့မည်မျှဟု အတိုင်းအရှည်မရှိအောင် မေတ္တာစိတ်ကို ပွါးများရမည်။

ထက်အောက်ဖီလာ ဆယ်မျက်နှာနှင့်တကွ တလောကလုံး၌ အတိုင်းမသိသောသတ္တဝါအပေါင်းတို့ ကျဉ်းမြောင်းခြင်းမရှိ၊ ချောင်ချိစွာနေစေမှု, အတွင်းရန်, အပရန်ကင်းရှင်းစေမှုကို လိုလားတောင့်တရမည်ဟု ဆိုလိုသည်။

ယောဝေ မေတ္တေန စိတ္တေန၊ သဗ္ဗလောကံနုကမ္ပတိ၊
ဥဒ္ဓံ အဓော စ တိရိယံ၊ အပ္ပမာဏေန သဗ္ဗသော။

အပ္ပမာဏံ ဟိတံ စိတ္တံ၊ ပရိပုဏ္ဏံ သုဘာဝိတံ၊
ယံ ပမာဏကတံ ကမ္မံ၊ န တံတတြာဝသိဿတိ။
(ပါဠိဇာတ်ပါဠိတော်-သန္တဝဂ်—အရကဇာတ်)

ယော၊ အကြင်သူသည်။ ဥဒ္ဓံ၊ အထက်အရပ်၌၎င်း။ အဓော၊ အောက်အရပ်၌၎င်း၊ တိရိယဉ္စ၊ အလယ်အရပ်၌၎င်း။ (ဝါ) ရှစ်ရပ်ဒိသာ ဖီလာအရပ်၌၎င်း။ သဗ္ဗသော-သဗ္ဗာကာရေန၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ အပ္ပ-မာဏေန၊ အတိုင်းအရှည်မရှိသော။ မေတ္တေန၊ မေတ္တာ ဈာန်နှင့်ယှဉ်သော။ စိတ္တေန၊ မဟဂ္ဂုတ်စိတ်ဖြင့်။ သဗ္ဗ လောကံ၊ အလုံးစုံသော သတ္တလောကကို။ အနုကမ္ပတိ၊ စောင့်ရှောက်၏။

စိတ္တံ၊ မေတ္တာဈာန်နှင့်ယှဉ်သောစိတ်ကို။ အပ္ပမာဏံ၊ အတိုင်းမသိသော သတ္တဝါလျှင် အာရုံရှိသည်ကို။ ဟိတံ၊ ခပ်သိမ်းသောသတ္တဝါတို့၏ အကျိုးစီးပွါး အလိုရှိသည်ကို။ ကတွာ၊ပြု၍။ ပရိပုဏ္ဏံ၊ ပြည့်စုံစွာ။ သုဘာဝိတံ၊ ကောင်းစွာ ပွါးစေအပ်၏။တဿ၊ထိုသူ၏။ ယံကမ္မံ၊ အကြင်ကာမာဝစရ ကံသည်။ ပမာဏကတံ၊အတိုင်းအရှည်အားဖြင့် ပြုအပ်၏။ တံကမ္မံ၊ ထိုကာမာဝစရကံသည်။ တတြ၊ ထိုမေတ္တာဈာန် နှင့်ယှဉ်သော မဟဂ္ဂုတ်ကံ၌။ နအဝသိဿတိ၊ မကြွင်း။ (ဝါ) လွှမ်းမိုး၍မတည်နိုင်။

နောက်နောက်က ပြုခဲ့သော ကာမာဝစရကုသိုလ်,အကုသိုလ်ကံတို့က မေတ္တာဈာန်ကိုလွှမ်းမိုး၍ အကျိုးပေးခွင့်မရနိုင်၊ မေတ္တာဈာန်ကသာ ကာမာဝစရကုသိုလ်, အကုသိုလ်ကံတို့ကိုလွှမ်းမိုး၍ အကျိုးပေးရသည်ဟူလို။

## တနည်း မေတ္တာဘာဝနာပွါးပုံ

(ဝိသုဒ္ဓိမဂ် အဋ္ဌကထာနှင့် အညီတည်း။)

မေတ္တာတရားကို ပွါးများကြီးကုတ် အားထုတ်လိုသော ပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာအရပ်သို့ သွားရောက်လျက် ငြိမ်သက်တည်ကြည်စွာ နေထိုင်ပြီးမှ မေတ္တာတရားကို မပွါးမီ ရှေးဦးအစ စိတ်ပူစိတ်ပျက် အမျက်ထွက်ခြင်း၌ အပြစ်ဒေါသကိုငင်း, နှလုံးခံ့ခိုင် သည်းခံနိုင်ခြင်း၌ အကျိုးအာနိသင်ကိုငင်း ဆင်ခြင်အပ်၏၊ အဘယ့်ကြောင့်ဆိုသော် ဤမေတ္တာဘာဝနာဖြင့် အမျက်ဒေါသထွက်ခြင်းကို ပယ်ဖျောက်ရ၏၊ သည်းခံနိုင်ခြင်းကို ရအပ်၏၊တစုံတခုသော တရားကို အပြစ်မမြင်ဘဲ မပယ်စွမ်းနိုင်၊အကျိုးအာနိသင်ကို မသိရဘဲလည်း တစုံတခုသော တရားကိုမရနိုင်၊ ထို့ကြောင့် အမျက်ဒေါသထွက်ခြင်း၌ "အပြစ်အာဒီနဝ" ကိုငင်း, သည်းခံနိုင်ခြင်း၌ "အကျိုးအာနိသင်"ကိုငင်း၊ ရှေးဦးစွာ ဆင်ခြင်အပ်၏။

### အမျက်ထွက်ခြင်း၌ အပြစ်

အမျက်ဒေါသထွက်ခြင်း၌ အပြစ်အာဒီနဝကား။ ၊ "ဒုဋ္ဌောခေါ အာဝုသော ဒေါသေန အဘိဘူတော ပါဏမ္ပိ ဟနတိ"ဤသို့စသော အင်္ဂုတ္တိုရ်ပါဠိတော် နှင့် အညီ အမျက်ထွက်တတ်သောသူသည် အမျက်ဒေါသဟု ဆိုအပ်သော အတွင်းရန်သူ ၌ပ်စက်လွှမ်းမိုး ဘိစီး၍ နေသောကြောင့် အနိဋ္ဌာရုံနှင့် ကြိုက်ကြုံတွေ့သည့်ကာလ နှလုံးမသာခြင်းအားဖြင့် စိတ်ကို ချောက်ချားစေတတ်၏၊ မြွေဆိပ်သည် လျင်စွာပြန့်နှံ့၍ တက်လေဘိသကဲ့သို့ ထိုအမျက်ဒေါသတရားကို ဖြစ်ပေါ်၍လာစကပင် "ယောနိသော

မနသိကာရ''ဖြင့် နှိမ့်နင်းခြင်း ပယ်ဖျောက်ခြင်းတို့ကို မပြု လုပ်မူ အဆင့်ဆင့်တိုးပွါး၍ လာတတ်၏၊ စိတ်ကိုချောက် ချားစေခြင်း, စိတ်ဆိုးခြင်းမျှနှင့် မနေမူ၍ နှလုံးသားကို ပူလောင်စေတတ်၏၊ ထိုမျှဖြင့် မရပ်တန့်မူ နှုတ်ခမ်းသား ကို လှုပ်စေတတ်၏၊ ထိုမျှဖြင့်လည်း မရပ်တန့်မူ ခက်ထန် ကြမ်းကြုတ်သောစကားယုတ်စကားမာတို့ကို မြွက်ဆိုတတ် ၏၊ တုတ် လှံ ဒဏ် လက်နက်တို့ကိုမူလည်း ရှာ၍ ဆွဲငင် တတ်၏၊ ရန်သူကို တွန်းထိုးပုတ်ခတ် ထောင်းသတ်ခြင်းကို သော်လည်း ပြုတတ်၏၊ အဆုံး၌ မိမိကိုယ်ကိုလည်း မိမိပင် သတ်၍ သေတတ်၏။

ဤသို့ ဖြစ်လာစကပင် သင့်လျော်သော ဆေးမန္တန်ဖြင့် ငြိမ်းစေခြင်းသို့ မရောက်စေအပ်သော မြွေဆိပ်သည် တ ကိုယ်လုံး၌ ပြန့်နှံ့၍ သေစေတတ်သကဲ့သို့ မူလက အားသေး စွာ ဖြစ်ပေါ်လာသော အမျက်ဒေါသကို ''ယောနိသော မနသိကာရ''ဖြင့် ငြိမ်းစေခြင်းသို့ မရောက်စေမူ အဆင့် ဆင့် ဖြစ်ပွါးလျက် မိမိ သူတပါး နှစ်ဦးစလုံး၏ သေဆုံး ခြင်းကို ဖြစ်စေတတ်၏။

ဤသို့ မိမိကိုယ်ကို မိမိသတ်၍ သေသောအခါ အမျက် ဒေါသသည် အထွတ်အထိပ်သို့ ရောက်၏၊ မိမိ သူတပါး နှစ်ပါးလုံးကို သတ်ပြီးသောအခါ အမျက်ဒေါသသည် မိမိ ၏သတ္တိကို အစွမ်းကုန် ပြသည်ဟူလို၊ အမျက်ဒေါသသည် သို့စဉ်မျှ ရုန့်ရင်းကြမ်းကြုတ်သော အမူဟူသမျှကို ပြုရ ကျင့် ရ လေသည်၊ မိမိ သူတပါး နှစ်ပါးလုံး၏ စီးပွါးချမ်းသာ ဟူသရွေ့ကို သို့စဉ်မျှ ဖျက်ဆီးတတ်သည်၊ သတိပြုလေ။

ထို့ကြောင့် ကကစူပမ သုတ္တန်တော်၌ ဟောဖော်ပြသ ဆုံးမတော်မူသော လွှ ဥပမာ အဆုံးအမ—စသည်တို့ကို ဆင်ခြင်စဉ်းစား နှလုံးထားလျက် အမျက်ဒေါသကို ပယ်ဖျောက်ခြင်းငှါ အဖန်တလဲလဲ ဈေ့ဆော် ကြိုးကုတ်အားထုတ် လို့လကိုပြုလေ။

### ကကစူပမသုတ္တန်၌ ဆုံးမတော်မူပုံ

"ဥဘတောဒဏ္ဍကေန စေပိ ဘိက္ခဝေ ကကစေန စောရာ ဩစရကာ အင်္ဂမင်္ဂါနိ ဩကန္တေယျုံ၊ တတြာပိယော မနောပဒူသေယျ၊ န မေ သော တေန သာသနကရော"။

' ဤကား တခဏမျှ ဒေါသစိတ်ကို ဖြစ်ပေါ်စေသော သူသည် ငါ၏ ဆုံးမတော်ကို ကျူးလွန်ကျော်နင်း၍ ကျင့်သော သူတည်း၊ မည်သည့်အကြောင်းနှင့်မျှ ဒေါသစိတ်ဖြစ်သည်ကို ငါမနှစ်သက်ဟု ထုတ်ပြန်တော်မူသည့် ဘုရားအမိန့်တော်တည်း၊ မူလပဏ္ဏာသပါဠိတော်-ကကစူပမသုတ်။

**အနက်ကား။** ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဩစရကာ၊ ယုတ်မာကြမ်းတန်းသော အမှုကို ပြုကျင့်တတ်ကုန်သော။ စောရာ၊ ခိုးသူ လူယုတ် တို့သည်။ ဥဘတော၊ နှစ်ဘက်။ ဒဏ္ဍကေန၊ အရိုးရှိသော။ (ဝါ) ဥဘတောဒဏ္ဍကေန၊ နှစ်ဘက် လက်ကိုင်ရှိသော။ ကကစေန၊လွှဖြင့်။ အင်္ဂမင်္ဂါနိ။ ကိုယ်အင်္ဂါ ကြီးငယ်တို့ကို။ စေဩကန္တေယျုံ၊ အကယ်စင်စစ်တိုက်ဖြတ်ကုန်ငြားအံ့။ တတြာပိ၊ထိုသို့လွှဖြင့် ကိုယ်အင်္ဂါကြီးငယ်တို့ကို ခွဲရာ, စိတ်ရာ, တိုက်ဖြတ်ရာ၌သော်လည်း။ ယော၊ အကြင်သူသည်။ မနောပဒူသေယျ၊ နှလုံးမသာရာ,

အမျက်ထွက်ရာ, စိတ်ဆိုးရာ၏။ သော၊ ထိုစိတ်ဆိုးသောသူသည်။ တေန၊ ထိုသို့နှလုံးမသာခြင်း, အမျက်ထွက်ခြင်း, စိတ်ဆိုးခြင်းဖြင့်။ မေ၊ ငါဘုရား၏။ သာသနကရော၊ ဆုံးမပေးတိုင်း ပြုကျင့်သောသူသည်။ နဟောတိ၊ မဖြစ်နိုင်ချေ။

**အဓိပ္ပါယ်ကား။** ဦးခေါင်း ခြေ လက် အစရှိသော အင်္ဂါကြီးငယ်တို့ကို လွှဖြင့် ခွဲစိတ်တိုက်ဖြတ်ရာ၌သော်လည်း နှလုံးမသာ အမျက်ထွက်၍ စိတ်ဆိုးသောသူသည် ကိုယ်ကျိုးယုတ်စေတတ်သော ဒေါသမူစိတ်ကို ဖြစ်စေတတ်သောကြောင့် မေတ္တာတရား၌မတည်။ သာသနကရ-ဆုံးမတော်ပေးတိုင်း မကျင့်ဘဲ ငါ၏ဆုံးမတော်ကို ကျူးလွန်ကျော်နင်း၍ ကျင့်သောကြောင့် မေတ္တာပုဗ္ဗဘာဂပဋိပဒါ ဖြစ်သော "သုဝစဂုဏ်"မျှကိုသော်လည်း ပစ်ခွါ၍ ရှည်မြင့်စွာသော ကာလပတ်လုံး ကိုယ်ကျိုး ယုတ်စေခြင်းငှါ, ဆင်းရဲဒုက္ခဝိပါကကျိုး ပွါးတိုးစေခြင်းငှါပြုသော ကျင့်သော အသုံးမကျ နိရတ္ထကပုဂ္ဂိုလ်မျှသာ ဖြစ်သည်ဟု ဒေသနာတော်ဝယ် အဓိပ္ပါယ်လာသည်ဟု သိတတ်ကြစေ။

"ဣမဉ္စ တုမှေ ဘိက္ခဝေ ကကစူပမံ ဩဝါဒံ အဘိက္ခဏံ မနသိကရေယျာထ-ဟူ၍ရင်း။ တံ ဝေါ ဘဝိဿတိ ဒီဃရတ္တံ ဟိတာယသုခါယာတိ" ဟူ၍ရင်း။ ဤကကစူပမဒေသနာတော်ကို နှလုံးသွင်းခြင်းသည် သင်တို့အား အကျိုးကျေးဇူးများလိမ့်မည်၊ ထို့ကြောင့် အခါမလပ် အထပ်ထပ်မပြတ်နှလုံးသွင်းရမည်ဟု "ဗုဒ္ဓေါဝါဒ"ကို ပြတော်မူရပြန်၏။

**အနက်ကား။** ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ တုမှေ၊ သင်ချစ်သားတို့သည်။ ကကစူပမံ၊ လွှတိုက်ခြင်း ဥပမာရှိသော။

ဌာနံ့သြဝါဒံ၊ ဤသို့သော ငါ၏ဆုံးမတော်ကို။ အဘိက္ခဏံ၊ မပြတ်မလပ် အခါခပ်သိမ်း။ မနသိ၊ စိတ်၌။ကရေယျာထ၊ ထားသည်ကို ပြုကြကုန်လော့။ တံ၊ ထိုသို့စိတ်၌ထားသည်ကို ပြုခြင်းသည်။ ဝေါ၊ သင်ချစ်သားတို့အား။ ဒီဃရတ္တံ၊ နေ့ ညဉ့်ရှည်စွာ အခါပတ်လုံး။ ဟိတာယ၊ အကျိုးစီးပွါး ကြီး မားခြင်းငှါ။ သုခါယ၊ ဘေးဘယာကင်း ချမ်းသာခြင်းငှါ။ ဘဝိဿတိ၊ အကယ်စင်စစ် ဖြစ်လိမ့်သတည်း။

## သည်းခံခြင်း၌ အကျိုး

သည်းခံခြင်း၌ အကျိုးအာနိသင်ကား။ ။"ခန္တိပရမံ တပေါတိတိက္ခာ"ဟူသော ဓမ္မပဒပါဠိတော်အရ သူတပါး ၏ ပြစ်မှားပြုကြံ မကောင်းမှုကံကို ပြန်လှန်၍ အမျက် မထွက်ဘဲ သည်းခံခြင်းလက္ခဏာရှိသောသဘောကို အလွန် မြတ်သော အကျင့်ကောင်းဟူ၍ မြတ်စွာဘုရား ဟောကြား တော်မူ၏။"ခန္တိဗလံ ဗလာနီကံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ" ဟူသော ဓမ္မပဒ ပါဠိတော်အရ သည်းခံခြင်းတည်းဟူသော အားနှင့်ပြည့်စုံသော ဆန့်ကျင်ဘက်ကို ပယ်ဖျက်ခြင်းငှါ စွမ်းနိုင်သော အဖန်တလဲလဲ သည်းခံခြင်း တည်းဟူသော စစ်သည်အပေါင်းရှိသောသူကို မကောင်းမှုကို အပပြုပြီး သော သူတော်သူမြတ်ဟူ၍ သုံးလူ့သခင် ဘုရားရှင်က ချီးမွမ်းတော်မူ၏၊"ခန္တျာ ဘိယျော န ဝိဇ္ဇတိ" ဟူသော သံယုတ်ပါဠိတော်အရ သည်းခံခြင်းထက် လွန်ကဲထူးချွန် သော အကျိုးမဲ့ကို တားမြစ်နိုင်၍ အကျိုးစီးပွါးကို ရွက် ဆောင်နိုင်သော ကိုးကွယ်ရာမည်သည်မရှိ၊ မိမိအား အမျက်ထွက်သောသူအား အတုံ့အမျက် မထွက်ဘဲ သည်း

ခံ၍နေလျှင် ကြောက်သည်ဟု တရားမျက်စိ မရှိသူတို့ ထင်မှတ်တတ်ကြကုန်၏၊ ယင်းသို့ ထင်မှတ်သော်၎င်း,မထင်မှတ်သော်၎င်း အကြောင်းမဟုတ်၊ မိမိ၏ အကျိုးစီးပွါး မယုတ်ခြင်းသာ ပဓာနဖြစ်ရကား သည်းခံခြင်းခန္တီတရားထက်ရန်သူ အောင်ကြောင်းတရားကောင်းဟူ၍ မရှိတော့ချေ၊ ဤသို့စသည်ဖြင့် သည်းခံခြင်း၏ အကျိုးအာနိသင်ကို ဆင်ခြင်စဉ်းစားအပ်၏။

## မေတ္တာပွါးပုံအစီအစဉ်

ဤသို့အမျက်ဒေါသ၌ အပြစ်အာဒီနဝကို၎င်း, သည်းသည်းခံခြင်း၌ အကျိုးအာနိသင်ကို၎င်း, ဆင်ခြင်စဉ်းစားပြီး၍ မေတ္တာဘာဝနာကို ပွါးများသော အမျိုးသားသည်ရှေးဦးစွာ မေတ္တာမပွါးသင့်သောပုဂ္ဂိုလ် မေတ္တာပွါးသင့်သောပုဂ္ဂိုလ်တို့ကိုခွဲခြား၍သိအပ်၏။

ဤမေတ္တာကို, မချစ်မနှစ်သက်အပ်သောအပ္ပိယပုဂ္ဂိုလ်, အလွန်ချစ်အပ်သော အတိပိယပုဂ္ဂိုလ်,မချစ်လွန်း မမုန်းလွန်း အလယ်အလတ်ဖြစ်သော မဇ္ဈတ္တပုဂ္ဂိုလ်, ရန်သူဖြစ်သော ဝေရီပုဂ္ဂိုလ် ဤလေးဦးသောပုဂ္ဂိုလ်တို့၌ ရှေးဦးစွာ မပွါးအပ်။

ယောကျာ်းဖြစ်ကမိန်းမ,မိန်းမဖြစ်ကယောကျာ်းဟူသော လိင်အသွင်မတူသောပုဂ္ဂိုလ်၌ ရည်ညွှန်းပိုင်းခြား ဩဓိသအားဖြင့် မေတ္တာမပွါးအပ်၊ သေလေပြီးသော သူ၌ကား အချင်းခပ်သိမ်းမပွါးအပ်။

ဤသို့ မပွါးအပ်သော ပုဂ္ဂိုလ်ခြောက်ယောက်တို့တွင် အပ္ပိယ-စသော ပုဂ္ဂိုလ်လေးဦးတို့၌ အဘယ့်ကြောင့်ရှေး

ဦးစွာ မပွါးအပ်သနည်းဟူမူ။ ။မချစ်အပ်သော သူကို ချစ်သောအရာ၌ထား၍ ရှေးဦးစွာမေတ္တာပွါးလျှင် မေတ္တာစိတ်သက်ဝင်ဘို့ရန် ခဲယဉ်း၏၊ အလွန်ချစ်သောသူကို ရှေးဦးစွာ မေတ္တာပွါးလျှင် အလွန်သနားပင်ပန်းခြင်း များတတ်၏၊ အလယ်အလတ်ဖြစ်သော ပုဂ္ဂိုလ်ကို ရှေးဦးစွာ မေတ္တာပွါးလျှင် မေတ္တာစိတ်ဖြစ်ဘို့ရန် နှောင့်နှေးကြံ့ကြာ၏၊ ဝေရီပုဂ္ဂိုလ်ကို ရှေးဦးစွာ မေတ္တာပွါးလျှင် မေတ္တာမသက်သည့်ပြင် အမျက်ဒေါသဖြစ်လာတတ်၏၊ထို့ကြောင့် ဤလေးဦးသောပုဂ္ဂိုလ်တို့၌ ရှေးဦးစွာ မေတ္တာမပွါးအပ်၊ မိမိကိုယ်, ပိယပုဂ္ဂိုလ်တို့ကို ပွါးပြီးနောက်မှ ပွါးရမည်ဟူလို။

လိင်အသွင်မတူသောပုဂ္ဂိုလ်၌ ဩဒိသအားဖြင့်မေတ္တာပွါးလျှင် မေတ္တာမဖြစ်မူ၍ တဏှာရာဂ ဖြစ်လာတတ်၏၊ သဗ္ဗေသတ္တာစသည့် - သဗ္ဗာဣတ္ထိယော-စသည့် သာမန်အားဖြင့်သာ ပွါးအပ်၏၊ သေလေပြီးသောသူ၌ပွါးသော်လည်း ဈာန်ကိုမရနိုင်၊ ဈာန်အနီးသို့လည်းမရောက်နိုင်၍ အကျိုးထူးမရှိရကား မပွါးအပ်ဟူလို။

မေတ္တာကို ပွါးသောသူသည် အလုံးစုံသော သူတို့၏ ရှေးဦးစွာ မိမိကိုယ်၌မေတ္တာတရားကိုပွါးအပ်၏၊ အဘယ်သို့ပွါးအပ်သနည်းဟူမူ''**အဟံသုခိတောဟောမိ၊နိဒ္ဒုက္ခော**'' ဟူ၍၎င်း၊''**အဟံအဝေရောဟောမိ၊အဗျာပဇ္ဇောဟောမိ၊အနီဃော ဟောမိ၊သုခီအတ္တာနံ ပရိဟရာမိ**''ဟူ၍၎င်း၊ ဤသို့မိမိကိုယ်၌ ရှေးဦးစွာပွါးအပ်၏။ ။အဟံ၊ ငါသည်။ သုခိတော၊ ကိုယ်၏ချမ်းသာခြင်းနှင့် ပြည့်စုံသည်။ နိဒ္ဒုက္ခော၊

စိတ်၏ဆင်းရဲခြင်းမှကင်းသည်။ ဟောမိ၊ ဖြစ်လို၏။ အပဟံ၊ ငါသည်။ အဝေရော၊ အတွင်းအပ ရန်မရှိသည်။ ဟောမိ၊ ဖြစ်လို၏။ အဗျာပဇ္ဇော၊ စိုးရိမ်ကြောင့်ကြ သောက ဗျာပါဒမရှိသည်။ ဟောမိ၊ ဖြစ်လို၏။ အနီဃော၊ ကိုယ်၌ဖြစ်သောဆင်းရဲမရှိသည်။ ဟောမိ၊ ဖြစ်လို၏။ သုခီ၊ ကိုယ်စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံသည်ဖြစ်၍။ အတ္တာနံ၊ ငါ၏အတ္တဘောကို။ ပရိဟရာမိ၊ ဆောင်နိုင်လို၏။ ဤသို့အဖန်တလဲလဲ မိမိကိုယ်၌မေတ္တာကိုပွါးများအပ်၏။

ဤသို့ မိမိကိုယ်၌ အဖန်တလဲလဲ မေတ္တာကိုပွါးသော်လည်း ဈာန်သို့ဂုဏ်း, ဈာန်၏အနီးသို့ဂုဏ်း မရောက်နိုင်ချေ၊ ယင်းသို့ မရောက်နိုင်သော်လည်း မိမိကိုယ်ကို သက်သေအရာ၌ထား၍ ငါသည် ချမ်းသာကိုအလိုရှိ၍ ဆင်းရဲကို စက်ဆုပ်လေဘိသကဲ့သို့ အလုံးစုံသော သတ္တဝါ တို့သည်လည်း ချမ်းသာကိုအလိုရှိကြကုန်၏၊ ဆင်းရဲကို စက်ဆုပ်ကြကုန်၏ဟူ၍ မိမိကိုယ်နှင့်အလားတူထားပြီးလျှင် အလုံးစုံသောသတ္တဝါတို့၌ စီးပွါးချမ်းသာကို ဖြစ်စေလိုသည်၏အဖြစ်ဟူသောအကျိုးငှါသာပွါးရသည်။

ယင်းသို့ မိမိကိုယ်၌ အဖန်တလဲလဲပွါးပြီးမှ မေတ္တာဖြစ်လွယ်စေခြင်းအကျိုးငှါ ချစ်အပ်နှလုံးကို ပွါးစေတတ်အလေးပြုအပ် ချီးမွမ်းအပ်သော ဆရာသမား,ဆရာသမားနှင့် အလားတူ ပုဂ္ဂိုလ်, ဥပဇ္ဈာယ်, ဥပဇ္ဈာယ်ဆရာနှင့်အလားတူပုဂ္ဂိုလ်၌ အကျင့်သီလ,အကြားအမြင်ဗဟုသုတစသော ဂုဏ်တို့ကို အဖန်တလဲလဲ အောက်မေ့ပြီးလျှင်-''**သေသပ္ပုရိသော သုခိတောဟောတု နိဒ္ဒုက္ခော**''ဤသို့ အစရှိသောနည်းဖြင့် မေတ္တာကိုပွါးအပ်၏။ ။သေသပ္ပုရိသော၊

ဤသူတော် ကောင်းသည်၊ သုခိတော၊ ကိုယ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံသည်။ နိဒ္ဒုက္ခော၊ စိတ်၏ဆင်းရဲခြင်းမှ ကင်းသည်။ ဟောတု၊ ဖြစ်ပါစေ။

ထိုသို့ မေတ္တာကို အဖန်တလဲလဲ ပွါးများ စီးဖြန်း၍ ဈာန်ကိုသော်၎င်း, ဈာန်၏ အနီးကိုသော်၎င်း ရနိုင်-ရောက်နိုင်သော်လည်း ထိုမျှလောက်ဖြင့် တင်းတိမ်ရောင့်ရဲခြင်းကို မဖြစ်စေမူ၍ ရှေ့သို့ ဆက်လက်ပြီးကာလ အလွန်ချစ်အပ်သော ပုဂ္ဂိုလ်၌ မေတ္တာကို ပွါးများအပ်၏၊ ထို့နောက် အလယ်အလတ်ဖြစ်သော ပုဂ္ဂိုလ်၌ ပွါးများအပ်၏၊ ထို့နောက်မှ ရန်သူဖြစ်သော ပုဂ္ဂိုလ်၌ ပွါးများအပ်၏။

ဤသို့ ပွါးပါများလျှင် မိမိကိုယ်၌၎င်း, မိမိ၏ အကျိုးကိုဆောင်သော ပုဂ္ဂိုလ်၌၎င်း, လျစ်လျူရှုအပ်သော ပုဂ္ဂိုလ်၌၎င်း, ရန်သူဖြစ်သော ပုဂ္ဂိုလ်၌၎င်း, အပိုင်းအခြားကင်း၍ တညီတညွတ်ထည်းဖြစ်၏။

ထိုသို့ အပိုင်းအခြားကင်းသောအခါ မိမိ၏ အကျိုးစီးပွါးကို ဆောင်သောသူ, လျစ်လျူရှုအပ်သောသူ, ရန်သူဖြစ်သော သူတို့သည် မိမိနှင့် အတူတကွ ထိုင်နေရာ၌ ခိုးသားဒါးမြတို့သည် လာလတ်၍ “ဤလေးယောက်သောသူတို့အနက် တယောက်သောသူကို ပေးပါ”ဟု တောင်းဆိုလျှင် ထိုလေးယောက်သော သူတို့တွင် ခိုးသားတို့အား ပေးစကောင်းသော သူတယောက်ကိုမျှ မမြင်၊ မည်သူကိုမျှ ပေးလိုသောစိတ်မရှိ၊ မည်သူကိုမျှပိုမို၍ ချစ်ခင်သောစိတ်မရှိ ဖြစ်ပေလိမ့်မည်၊ထိုသို့ ဖြစ်သော်မှသာလျှင် အပိုင်းအခြား ကင်းသည်မည်၏၊ ယင်းသို့ မဟုတ်မူ၍ လေး

ယောက်သော သူ့ဘို့တွင် မိမိကိုယ်ကို ပေးလိုသော်ငြင်း, တစုံတယောက်သောသူကို ပေးလိုသော်ငြင်း ပိုင်းခြားခြင်း မကင်းသေးချေ၊ပိုင်းခြားခြင်းမကင်းသေးလျှင်လည်းမေတ္တာ ဘာဝနာ၏ အဆုံးသို့ မရောက်သေးဖြစ်၏၊ ထို့ကြောင့် မေတ္တာဘာဝနာ၏ အဆုံးသို့ရောက်လိုသောသူသည်''ဤ သူသည် ငါ့ဘဲဖြစ်သည်၊ ငါချစ်သောသူဖြစ်သည်၊ လျစ်လျူ ရှုသော သူဖြစ်သည်၊ ရန်သူပုဂ္ဂိုလ်ဖြစ်သည်''ဟူ၍ ပိုင်းခြား ခြင်းမှ လွတ်ကင်းအောင်မေတ္တာဗြဟ္မဝိဟာရတရားကို ပွါး များအပ်၏။

အတ္တနိ ဟိတမဇ္ဈတ္တေ၊
အဟိတေ စ စတုဗ္ဗိဓေ။
ယဒါ ပဿတိ နာနတ္တံ၊
ဟိတစိတ္တောဝ ပါဏိနံ။

န နိကာမလာဘီ မေတ္တာယ၊
ကုသလီတိ ပဝုစ္စတိ။
ယဒါ စတဿော သီမာယော၊
သမ္ဘိန္နာ ဟောန္တိ ဘိက္ခုနော။

သမံ ဖရတိ မေတ္တာယ၊
သဗ္ဗလောကံ သဒေဝကံ။
မဟာဝိသေသော ပုရိမေန၊
ယဿ သီမာ န နာယတိ။
(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

အတ္တနိစ၊ မိမိ၌ငြင်း။ ဟိတမဇ္ဈတ္တေ၊ အကျိုးစီးပွါးကို အလိုရှိသော ပိယပုဂ္ဂိုလ်,လျစ်လျူရှုအပ် မဇ္ဈတ်ပုဂ္ဂိုလ်၌

ဌင်း။ အပဟိတေစ၊ ရန်သူပုဂ္ဂိုလ်၌ဌင်း။ ဇာတိ၊ ဤသို့။ စတုဗ္ဗိခေ၊ လေးပါးပြားသော အမှတ်မဲ့ တယောက်ယောက်၌။နာနတ္တံ၊ပိယမဇ္ဈတ္တ-စသော အားဖြင့် ထူးခြားကွဲပြားသည်၏အဖြစ်ကို။ ယဒါ၊ အကြင်အခါ၌။ ပဿတိ၊ မြင်သေး၏။ တဒါ၊ ထိုအခါ၌။ သော၊ ထိုပုဂ္ဂိုလ်ကို။ ပါဏိနံ၊ သတ္တဝါတို့၏။ ဟိတစိတ္တော၀၊ သက်သက် အစီးအပွါးကို လိုလားသောစိတ်ရှိသူဟူ၍သာလျှင်။ ပဝုစ္စတိ၊ ဆိုအပ်၏။ မေတ္တာယ၊ မေတ္တာ၌။ နိကာမလာဘီတိ၊ လိုတိုင်းရသသူဟူ၍ဌင်း။ ကုသလီတိ၊ အလွန်လိမ်မာခြင်းရှိသသူဟူ၍ဌင်း၊ န ပဝုစ္စတိ၊ မဆိုအပ်–မဆိုထိုက်ချေ။

ယဒါ၊ အကြင်အခါ၌။ယဿဘိက္ခုနော၊ အကြင်ရဟန်းအား။စတသော သီမာယော၊ မိမိကိုယ်-စသော လေးခုသောအပိုင်းအခြားတို့သည်။ သမ္ဘိန္နာ၊ ရောစပ်ကုန်သည်-ပျက်ကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ သဒေဝကံ၊ နတ်နှင့်တကွသော။ သဗ္ဗလောကံ၊အလုံးစုံသောသတ္တဝါအပေါင်းကို။ မေတ္တာယ၊ မေတ္တာရေချမ်းဖြင့်။ သမံ၊အညီအမျှ။ ဖရတိ၊ ဖျန်း၏၊ ယဿ ဘိက္ခုနော၊ အကြင်ရဟန်းအား။ သီမာ၊ ပုဂ္ဂိုလ်အသီးသီးတို့၏ အပိုင်းအခြားကို။ နနာယတိ၊ မသိအပ်၊ သောဘိက္ခု၊ ထိုရဟန်းသည်၊ ပုရိမေန၊ မိမိကိုယ်-စသည်ဖြင့် ထူးခြားစွာရှုမြင်သော ရှေးပုဂ္ဂိုလ်ထက်၊ မဟာ-ဝိသေသော၊ ဘာဝနာအားဖြင့် ကြီးမြတ်ထူးလွန်သည်။ ဟောတိ၊ ဖြစ်၏၊

ဤသို့ အပိုင်းအခြားပျက်၍ ကိုယ်နှင့်ထပ်တူ မေတ္တာမူနိုင်သော အခါမှစ၍ ဤမေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းသော

ယောဂီပုဂ္ဂိုလ်သည် နိမိတ်ကိုဋ်း, ဥပစာရသမာဓိကိုဋ်း ရသည်မည်၏၊

ဤ၌ နိမိတ်ဆိုသည်ကား ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်မဟုတ်၊ အလုံးစုံသောသတ္တဝါတို့နှင့် မိမိကိုယ်ကို မခြားထပ်တူ မေတ္တာမူနိုင်၍ အပိုင်းအခြားကို ပယ်ဖျက်ခြင်း''သီမာသမ္ဘေဒ''ကိုပင်နိမိတ်ကဲ့သို့ ဖြစ်၍ ဤအရာ၌နိမိတ်ဟူ၍ ဆိုသည်။ ။ယောပနာယံ ယထာဝုတ္တော သီမာသမ္ဘေဒေါ လဒ္ဓေါ၊သွေဝနိမိတ္တံဝိယာတိနိမိတ္တံ။(ဝိသုဒ္ဓိမဂ် မဟာဋီကာ)။

အပိုင်းအခြားကိုပယ်ဖျက်မှု သီမာသမ္ဘေဒကိုပြုပြီးလတ်သော်ထိုနိမိတ်အာရုံကိုပင် အဖန်တလဲလဲ မှီဝဲထပ်မံပွါးပြန်သော ယောဂီပုဂ္ဂိုလ်သည် မငြိုမငြင် မပင်ပန်းဘဲသာလျှင် မေတ္တာလျှင်အာရုံရှိသော ပဌမဈာန်ကို ရလေ၏၊ ထို့နောင် ထိုအာရုံကိုပင် အာရုံပြု၍ အဖန်တလဲလဲ ပွါးများအားထုတ်သော ယောဂီပုဂ္ဂိုလ်သည်၊ အစဉ်အတိုင်း ဒုတိယဈာန်, တတိယဈာန်,စတုတ္ထဈာန်တို့သို့ အဆင့်ဆင့် တက်ရောက်ရလေ၏။

ယင်းသို့ ပဌမဈာန်စသည်တို့၏ အစွမ်းဖြင့် အပ္ပနာသို့ရောက်သော စိတ်ရှိသော ယောဂီပုဂ္ဂိုလ်အား ဩဓိသ, အနောဓိသမေတ္တာအားဖြင့် အရပ်မျက်နှာသတ္တဝါတို့၌ ပျံ့နှံ့စေ၍ နေနိုင်ခြင်းတည်းဟူသော ''ဝိကုဗ္ဗနာ''သည် ပြည့်စုံ၏၊ ''ချမ်းချမ်းသာသာအိပ်ရခြင်း'' စသော တဆယ့်တပါးသော အကျိုးအာနိသင်တို့ကိုလည်း ရရှိလေသတည်း။

## တနည်းမေတ္တာဘာဝနာပွါးပုံ

(ပဋိသမ္ဘိဒါမဂ်ပါဠိတော်နှင့်အညီတည်း။)

(အနောဓိသမေတ္တာ—၂၀)

၁။ သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

၂။ သဗ္ဗေ ပါဏာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

၃။ သဗ္ဗေ ဘူတာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ အရိဟရန္တု။

၄။ သဗ္ဗေ ပုဂ္ဂလာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

၅။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ အဝေရာ ဘောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

(ဩဓိသမေတ္တာ—၂၈)

၁။ သဗ္ဗာ ဣတ္ထိယော အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

၂။ သဗ္ဗေ ပုရိသာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

၃။ သဗ္ဗေအရိယာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

၄။ သဗ္ဗေ အနရိယာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊သုခီ အတ္တာနံ ပရိဟရန္တု။

၅။ သဗ္ဗေ ဒေဝါ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

၆။ သဗ္ဗေ မနုဿာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

၇။ သဗ္ဗေ ဝိနိပါတိကာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

## ဒိသာဖရဏမေတ္တာ-၄၈၀

၁။ သဗ္ဗေ ပုရတ္ထိမာယ ဒိသာယ သတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

၂။ သဗ္ဗေ ပစ္ဆိမာယ ဒိသာယ သတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံပရိဟရန္တု။

၃။ သဗ္ဗေ ဥတ္တရာယ ဒိသာယ သတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

၄။ သဗ္ဗေ ဒက္ခိဏာယ ဒိသာယ သတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

၅။ သဗ္ဗေ ပုရတ္ထိမာယ အနုဒိသာယ သတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

၆။ သဗ္ဗေ ပစ္ဆိမာယ အနုဒိသာယ သတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

၇။ သဗ္ဗေ ဥတ္တရာယ အနုဒိသာယ သတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

၈။ သဗ္ဗေ ဒက္ခိဏာယ အနုဒိသာယ သတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

၉။ သဗ္ဗေ ဟေဋ္ဌိမာယ ဒိသာယ သတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

၁၀။ သဗ္ဗေ ဥပရိမာယ ဒိသာယ သတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

(ဤနည်းအတူ ပါဏာ, ဘူတာ, ပုဂ္ဂလာ, အတ္တဘာဝပရိယာပန္နာ ဣတ္ထိယော, ပုရိသာ, အရိယာ, အနရိယာ, ဒေဝါ, မနုဿာ, ဝိနိပါတိကာ-ဟူသော ဤပုဂ္ဂိုလ်တကျိပ်တပါးတို့ကိုလည်း "သတ္တာ" နေရာတွင် "ပါဏာ" စသည်ဖြင့် ပုဂ္ဂိုလ်တပါး, တပါးလှည့်လည်၍ အရပ်ဆယ်မျက်နှာစေ့အောင်ပွါးလေ။)

## အနက်ကား

၁။ သဗ္ဗေ၊ မကြွင်းဥဿုံ၊ အလုံးစုံကုန်သော။ သတ္တာ ခန္ဓာငါးပါး အာရုံတရား၌ ကပ်ငြိတတ်ကုန်သော သတ္တဝါတို့သည်၊ အဝေရာ၊ တွင်းပနှစ်တန် ရန်မရှိကြကုန်သည်။

ဟောန္တု၊ ဖြစ်စေကုန်သတည်း။ အဗျာပဇ္ဇာ၊ နှစ်လုံးမသာယာခြင်း ဒေါမနဿတည်းဟူသော ဗျာပါဒမှ ကင်းကြကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ အနီဃာ၊ ကိုယ်၌ဖြစ်သော ဆင်းရဲကင်းကြကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ သုခီ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ရှိကုန်သည်ဖြစ်၍။ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိဟရန္တု၊ ရွက်ဆောင်နိုင်စေကုန်သတည်း။

၂။ သဗ္ဗေ၊....ကုန်သော။ ပါဏာ၊ ထွက်သက်, ဝင်သက် ရှိကုန်သော သတ္တဝါတို့သည်။....(အဝေရာ ဟောန္တု-စသော မေတ္တာလေးပါးအနက် ရှေးနည်းအတူ ပေးလေ။)

၃။ သဗ္ဗေ၊....ကုန်သော။ ဘူတာ၊ ကံ ကိလေသာ တို့ကြောင့် ဖြစ်တတ်ကုန်သော သတ္တဝါတို့သည်။....

၄။ သဗ္ဗေ၊....ကုန်သော။ ပုဂ္ဂလာ၊ ငရဲသို့ ကျတတ်ကုန်သော။ ဝါ၊ ထိုထိုသတ္တဝါမျိုးကို ပြည့်စေတတ်–အလုံးစုံသော အခိုက်အတန့်မှ လျော့ကျတတ်ကုန်သော သတ္တဝါတို့သည်။....

၅။ သဗ္ဗေ၊....ကုန်သော။ အတ္တဘာဝ ပရိယာပန္နာ၊ ခန္ဓာငါးပါးဟုဆိုအပ်သော အတ္တဘော၌ အကျုံးဝင်ကုန်သော သတ္တဝါတို့သည်။....

၁။ သဗ္ဗာ၊....ကုန်သော။ ဣတ္ထိယော၊ အမ သတ္တဝါတို့သည်။....

၂။ သဗ္ဗေ၊.... ကုန်သော။ ပုရိသာ၊ အဖို သတ္တဝါတို့သည်။....

၃။ သဗ္ဗေ၊....ကုန်သော။ အရိယာ၊ အရိယာပုဂ္ဂိုလ်တို့သည်။....

၄။ သဗ္ဗေ၊····ကုန်သော။ အနရိယာ၊ အရိယာမဟုတ် ပုထုဇဉ် ပုဂ္ဂိုလ်တို့သည်။····
၅။ သဗ္ဗေ၊···· ကုန်သော။ဒေဝါ၊နတ်ဗြဟ္မာတို့သည်။····
၆။ သဗ္ဗေ၊····ကုန်သော။ မနုဿာ၊ လူတို့သည်။····
၇။ သဗ္ဗေ၊····ကုန်သော။ ဝိနိပါတိကာ၊ ဖရိဖရဲကြွ၍ ကျတတ် ကုန်သော အပါယ်ဘုံသား တို့သည်။····

၁။ ပုရတ္ထိမာယ ဒိသာယ၊ အရှေ့အရပ်၌။····(သဗ္ဗေ သတ္တာ–စသည်တို့ကို ရှေးအတိုင်း အနက်ပေးလေ။)
၂။ ပစ္ဆိမာယ ဒိသာယ၊ အနောက်အရပ်၌။····
၃။ ဥတ္တရာယ ဒိသာယ၊ မြောက်အရပ်၌။····
၄။ ဒက္ခိဏာယ ဒိသာယ၊ တောင်အရပ်၌။····
၅။ ပုရတ္ထိမာယ အနုဒိသာယ၊ အရှေ့တောင်ထောင့် အရပ်၌။····
၆။ ပစ္ဆိမာယ အနုဒိသာယ၊ အနောက် မြောက် ထောင့် အရပ်၌။····
၇။ ဥတ္တရာယ အနုဒိသာယ၊ အရှေ့ မြောက်ထောင့် အရပ်၌။····
၈။ ဒက္ခိဏာယ အနုဒိသာယ၊ အနောက် တောင် ထောင့် အရပ်၌။····
၉။ ဟေဋ္ဌိမာယ ဒိသာယ၊ အောက်ဖြစ်သော အရပ်၌။····
၁၀။ ဥပရိမာယ ဒိသာယ၊အထက်ဖြစ်သောအရပ်၌။····

**မှတ်ချက်။** အနောဓိသ မေတ္တာ၌ ''သတ္တာ'' ဆိုရာဝယ် ရူပက္ခန္ဓာ-အစရှိသည်တို့၌ ဆန္ဒရာဂဖြင့် ကပ်ငြိတွယ်တာ

တတ်သော ပုထုဇ္ဇဉ်,သေက္ခ ပုဂ္ဂိုလ်တို့ကို မုချအားဖြင့် သတ္တဝါဟူ၍ ဆိုသည်။ ရူပါဒီသု ခန္ဓေသု ဆန္ဒရာဂေန သတ္တာ ဝိသတ္တာတိသတ္တာ၊ (ဝိသုဒ္ဓိမဂ်) ဆန္ဒရာဂကင်းလေပြီးသောရဟန္တာပုဂ္ဂိုလ်တို့သည်ကား မုချအားဖြင့် သတ္တဝါ မမည်ကုန်၊ တင်စား၍ ခေါ်ဝေါ်သော အားဖြင့် ထိုရဟန္တာပုဂ္ဂိုလ်တို့သည်လည်း သတ္တဝါ မည်ကုန်၏၊ ရုဠ္ဟီသဒ္ဒေန ပန ဝီတရာဂေသုပိ အယံ ဝေါဟာရော ဝတ္တတိယေဝ။(ဝိသုဒ္ဓိမဂ်)

"ပါဏာ"ဆိုသည်ကား ထွက်သက်, ဝင်သက်ရှိသော သတ္တဝါတို့ကို မုချအားဖြင့် ပါဏာဟူ၍ ဆိုသည်၊ ပါဏနတာယ ပါဏာ၊ အဿာသပဿာသာယတ္တဝုတ္တိတာယာတိ အတ္ထော (ဝိသုဒ္ဓိမဂ်) ထွက်သက်, ဝင်သက် မရှိသော ရူပ, အရူပ—ဗြဟ္မာစသော သတ္တဝါတို့သည်ကား ရုဠ္ဟီအားဖြင့် ပါဏာမည်ကုန်၏။

"ဘူတ"ဆိုသည်ကား- ကံကိလေသာတို့ကြောင့် ဖြစ်ခြင်း,ခန္ဓာအားဖြင့် ထင်ရှားဖြစ်ခြင်းကြောင့် ဘူတမည်ကုန်၏၊ ဘူတတ္တာ ဘူတာ၊အဘိနိဗ္ဗတ္တာတိအတ္ထော။(ဝိသုဒ္ဓိမဂ်) ဤပုဒ်၌ အလုံးစုံသော သတ္တဝါတို့သည်ပင် မုချအားဖြင့် ဘူတမည်ကုန်၏။

"ပုဂ္ဂလာ"ဆိုရာဝယ် ငရဲကို ပုံ-ဟူ၍ဆိုသည်၊ ထိုပုံ ဟူသော ငရဲသို့ သွားတတ်သော ပုထုဇ္ဇဉ်တို့သည် မုချအားဖြင့် ပုဂ္ဂလမည်ကုန်၏၊ ပုံ ဝုစ္စတိ နိရယော၊ တသ္မိံ ဂလန္တီတိ ပုဂ္ဂလာ၊ ဂစ္ဆန္တီတိအတ္ထော၊ (ဝိသုဒ္ဓိမဂ်)။ ။အရိယာတို့သည်ကား ရုဠ္ဟီအားဖြင့် ပုဂ္ဂလမည်ကုန်၏။

"အတ္တ ဘာဝပရိယာပန္န" ဆိုရာ၌ အတ္တဘော ဆိုသည် ကားကိုယ်ကောင်ကို(တနည်း)ခန္ဓာငါးပါး အပေါင်းကိုပင် ဆိုသည်။ ထိုခန္ဓာငါးပါးအပေါင်းကို အစွဲပြု၍ပညတ်မျှဖြင့် သတ္တဝါဟူသောခေါ်ဝေါ်ခြင်း၏ဖြစ်ခြင်းကြောင့်၊ ထိုခန္ဓာ ငါးပါးအပေါင်းဟူသော အတ္တဘော၌ အကျုံးဝင်ကုန်၏၊ ထို့ကြောင့် အတ္တဘာဝပရိယာပန္နမည်၏ဟုဆိုသည်။ အတ္တ- ဘာဝေါ ဝုစ္စတိ သရီရံ၊ ခန္ဓပဉ္စကမေဝ ဝါ၊ တသ္မိံ အတ္တဘာ- ဝေပရိယာပန္နာတိ အတ္တဘာဝပရိယာပန္နာ၊ (ဝိသုဒ္ဓိမဂ်)။ ဤပုဒ်၌လည်း အလုံးစုံသောသတ္တဝါတို့ကို မုချအားဖြင့် ရ အပ်၏။

ဤသို့ သဗ္ဗေသတ္တာ, သဗ္ဗေပါဏာ, သဗ္ဗေဘူတာ, သဗ္ဗေ ပုဂ္ဂလာ, သဗ္ဗေအတ္တဘာဝပရိယာပန္နာ- ဟူသော ငါးပုဒ် တို့၌ တယောက်မျှမကျန် အလုံးစုံသော သတ္တဝါတို့ကို မုချ နည်း, ရုဠှီနည်းတို့ဖြင့် ကောက်ယူရမည်၊ မုချကိုသာစွဲ၍ အချို့သော သတ္တဝါကိုသာ ကောက်ယူလျှင် အနောဓိသ မေတ္တာပွါးပုံနှင့်မညီသည်ဖြစ်ရာ၏၊ ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌။

ယထာ စ သတ္တာတိဝစနံ၊ ဧဝံ သေသာနိပိ ရုဠှီဝသေန အာရောပေတွာ သဗ္ဗာနေဝေတာနိ သဗ္ဗသတ္တဝေဝစနာနိ တိဝေဒိတဗ္ဗာနိ-ဟု မိန့်ဆိုတော်မူ၏။

**အနက်ကား။** စ၊ ဆက်၍ဆိုဦးအံ့။ သတ္တာတိဝစနံ၊ သတ္တ ဟူသောသဒ္ဒါသည်။ သဗ္ဗသတ္တဝေဝစနံ၊ အလုံးစုံသောသတ္တ ဝါဟူသော အနက်ကိုဟောသော ဝေဝုစ်သဒ္ဒါသည်။ ဟော တိယထာ၊ ဖြစ်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ သေသာနိပိ၊ ကြွင်းသည်လည်းဖြစ်ကုန်သော။ သဗ္ဗာနိ၊ အလုံးစုံကုန်သော။

တောနိ၊ ဤပါဌ-အစရှိသော သဒ္ဒါတို့သည်။ ရူဠှီဝသေန၊ ရူဠှီနည်း၏အစွမ်းဖြင့်။ အာရောပေတ္ဗာ၊တင်၍။ သဗ္ဗသတ္တဝေဝစနာနိ၊ အလုံးစုံသော သတ္တဝါဟူသော အနက်ကို ဟောသော ဝေဝုစ်သဒ္ဒါတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဇာတိ၊ဤသို့။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။

ဩဓိသမေတ္တာ၌ ဣတ္ထိယော, ပုရိသာ-ဟူသော ပုဒ်နှစ်ခုကို မိန်းမအသွင်, ယောကျ်ားအသွင်အားဖြင့် ဆိုအပ်၏၊ အရိယာ,အနရိယာ-ဟူသောပုဒ်နှစ်ခုကိုအရိယာ,ပုထုဇဥ်တို့၏အစွမ်းဖြင့် ဆိုအပ်၏။ ဒေဝါ, မနုဿာ, ဝိနိပါတိကာ-ဟူသော ပုဒ်သုံးခုကို ထိုထိုဂတိ၌ဖြစ်တတ်သော ပဋိသန္ဓေ၏အစွမ်းဖြင့်ဆိုအပ်၏။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌။

ဧတ္ထ စ ဣတ္ထိယော ပုရိသာတိ လိင်္ဂဝသေန ဝုတ္တံ၊အရိယာ အနရိယာတိ အရိယပုထုဇ္ဇနဝသေန၊ဒေဝါမနုဿာ ဝိနိပါတိကာတိ ဥပပတ္တိဝသေန-ဟု မိန့်ဆိုတော်မူ၏။

**အနက်ကား။** စ၊ ဆက်၍ဆိုဦးအံ့။ ဧတ္ထ၊ ဤဩဓိသဖရဏမေတ္တာ၌။ ဣတ္ထိယောပုရိသာတိပဒဒွယံ၊ဣတ္ထိယော, ပုရိသာ-ဟူသော ပုဒ်နှစ်ခုကို။ လိင်္ဂဝသေန၊ ဣတ္ထိလိင်, ပုလ္လိင်၏ အစွမ်းဖြင့်၊ ဝုတ္တံ၊ဆိုအပ်၏။ အရိယာအနရိယာတိ ပဒဒွယံ၊ အရိယာ, အနရိယာဟူသော ပုဒ်နှစ်ခုကို။အရိယပုထုဇ္ဇနဝသေန၊အရိယာ,ပုထုဇဥ်တို့၏အစွမ်းဖြင့်၊ ဝုတ္တံ၊ ဆိုအပ်၏။ ဒေဝါမနုဿာဝိနိပါတိကာတိပဒတ္တယံ၊ ဒေဝါ, မနုဿာ,ဝိနိပါတိကာဟူသောပုဒ်သုံးခုကို။ဥပပတ္တိဝသေန၊ ထိုထိုဂတိ၌ ဖြစ်တတ်သော ပဋိသန္ဓေ၏ အစွမ်းအားဖြင့်။ ဝုတ္တံ၊ ဆိုအပ်၏။

## ၅၂၈-သွယ်မေတ္တာ

သဗ္ဗေသတ္တာ-စသော အနောဓိသပုဂ္ဂိုလ် ၅-ယောက်ကိုတည်၊ အဝေရာ ဟောန္တု-စသော မေတ္တာ ၄-ပါးနှင့်မြှောက် ''အနောဓိသမေတ္တာ'' ၂၀-ဖြစ်၏။(ဤ ၂၀-ကိုတရစ်မှတ်လေ)။

သဗ္ဗာဣတ္ထိယော-စသော ဩဓိသပုဂ္ဂိုလ်၇-ယောက်ကိုတည်၊ ယခင်မေတ္တာ ၄-ပါးနှင့်မြှောက်၊''ဩဓိသမေတ္တာ'' ၂၈-ဖြစ်၏၊(ဤ ၂၈-ကို တရစ်မှတ်လေ။)

ဆိုခဲ့ပြီးသော အနောဓိသမေတ္တာ ၂၀-ကို ပုရတ္ထိမာယ စသော အရပ် ၁၀-ပါးနှင့် မြှောက်၊ ၂၀၀-ဖြစ်၏၊ ဩဓိသမေတ္တာ ၂၈-ကိုလည်းအရပ် ၁၀-ပါးနှင့်မြှောက်၊ ၂၈၀-ဖြစ်၏၊၂-ရပ်ပေါင်း''ဒိသာဖရဏမေတ္တာ'' ၄၈၀-ဖြစ်၏၊ (ဤ ၄၈၀-ကို တရစ်မှတ်လေ။)

| | | |
|---|---|---|
| အနောဓိသမေတ္တာ | ၂၀ | သုံးရပ်ပေါင်း |
| ဩဓိသမေတ္တာ | ၂၈ | ၅၂၈-ဖြစ်၏။ |
| ဒိသာဖရဏမေတ္တာ | ၄၈၀ | |

ဤကား ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ လာသော ငါးရာနှစ်ဆဲ့ရှစ်သွယ်မေတ္တာတည်း။

---

### မေတ္တာတရား အမြဲလက်ကိုင်ထားသင့်ကြောင်း

ဤသို့ မေတ္တာဘာဝနာ ပွါးခြင်းကို ပြပြီး၍ ယခုအခါ၌ မေတ္တာဘာဝနာကို အားထုတ်၍ နေသော ပုဂ္ဂိုလ်၏ ဈာန်ယာပုယ် အမြဲမရှိသည်၏ အဖြစ်ကို ပြတော်မူလိုသည် ဖြစ်၍ တိဋ္ဌံ စရံ-စသော ဂါထာကို မိန့်တော်မူ၏။

၉။ တိဋ္ဌံ စရံ နိသိန္နော ဝါ၊
သယာနော ဝ ယာဝတာဿ ဝိတမိဒ္ဓေါ။
ဧတံ သတိံ အဓိဋ္ဌေယျ၊
ဗြဟ္မမေတံ ဝိဟာရ မိဓမာဟု။

တိဋ္ဌံဝါ၊ ရပ်သော်၎င်း၊ စရံဝါ၊ သွားသော်၎င်း၊ နိသိန္နောဝါ၊ ထိုင်သော်၎င်း၊ သယာနောဝါ၊ လျောင်းသော်၎င်း၊ ယာဝတာ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဝိတမိဒ္ဓေါ၊ ငိုက်မျည်းအိပ်ချင် လွတ်ကင်းစင်သည်။ အဿ၊ ဖြစ်၏။ တာဝတာ၊ ထိုမျှလောက်သော ကာလပတ်လုံး။ ဧတံသတိံ၊ ထိုမေတ္တာနှင့် ယှဉ်သော သတိမြတ်ကို။ အဓိဋ္ဌေယျ၊ အမြဲမကွာ ဆောက်တည်ရာ၏။ ဧတံ-ဝိဟာရံ၊ ထိုမေတ္တာနှင့် မကင်းသော သတိဖြင့် နေခြင်းကို၊ ဗြဟ္မံ၊ အလွန်ထူးမြတ် ချီးမွမ်းအပ်သော။ ဝိဟာရံ၊ နေခြင်း ဟူ၍။ ဣဓ၊ ဤဘုရားရှင်သာသနာတော်၌။ အာဟု၊ ဟောတော်မူကုန်ပြီ။

၉။ **ဤဂါထာပါဠိကား။** ဣရိယာပုထ်လေးပါးလုံး၌ပင် မေတ္တာကို ပွါးစေရ၏ဟု ညွှန်းပြနှိုးဆော် ဆုံးမတိုက်တွန်းတော်မူ၍ ထိုမေတ္တာဝိဟာရီ ပုဂ္ဂိုလ်ကို နှစ်လိုအားရ ချီးမွမ်းထောမနာတော်မူသည့် ဒေသနာဝိသေသတည်း။

**အဓိပ္ပါယ်ကား။** ဤမေတ္တာကို ရံခါရံခါသာ ပွါးများအပ်သည်မဟုတ်၊ မတ်တတ်ရပ်၍ နေတုန်းဖြစ်စေ, လမ်းသွားတုန်း ဖြစ်စေ, ထိုင်နေတုန်း ဖြစ်စေ, အိပ်ရာထဲမှာ လှဲ၍နေတုန်းဖြစ်စေ, ငိုက်မျည်းအိပ်ချင်ခြင်း မဖြစ်သေးမီ ကာလအတွင်း၌ ထိုမေတ္တာနှင့် ယှဉ်သော သတိကို စိတ်ထဲမှာ

အမြဲမကွာဆောက်တည်၍ ထားရမည်၊ဤသာသနာတော်၌ ထိုသို့မေတ္တာနှင့် မကင်းသော သတိဖြင့် နေခြင်းကို အမြစ် ဒေါသကင်းသောကြောင့်၎င်း, မိမိအကျိုး သူတပါးအကျိုး ကို ပြုတတ်သောကြောင့်၎င်း မြတ်သောနေခြင်း မျိုးဟူ၍ မြတ်စွာဘုရားတို့ မိန့်ဆိုတော်မူကြကုန်၏ဟု ဆိုလိုသည်။

ယဿ သဗ္ဗ-မဟောရတ္တိံ၊
အဟိံသာယ ရတော မနော။
မေတ္တံ-သော သဗ္ဗဘူတေသု၊
ဝေရံ တဿ န ကေနစိ။

**သဂါထာဝဂ္ဂသံယုတ်ပါဠိတော်**

ယဿ၊ အကြင် ပုဂ္ဂိုလ်၏။ မနော၊ စိတ်သည်။ သဗ္ဗ-မဟောရတ္တိံ၊အလုံးစုံသောနေ့ညဥ့်ပတ်လုံး။ အဟိံသာယ၊ သူတပါးအား မညှဉ်းဆဲခြင်း၌။ ရတော၊ မွေ့လျော်၏။ သဗ္ဗဘူတေသု၊ အလုံးစုံသော သတ္တဝါတို့၌။ မေတ္တံ-သော၊ မေတ္တာပွါးခြင်းဟူသော အဘို့ရှိ၏။ တဿ၊ထိုပုဂ္ဂိုလ်အား။ ကေနစိ၊ တစုံတယောက်သောသူနှင့်။ ဝေရံ၊ ရန်သည်။ နတ္ထိ၊ မရှိနိုင်ချေ။

ဘေးရန်ကင်း၍ နေလိုလျှင် မည်သည့်အခါမှ မေတ္တာကိုလက်မလွှတ်လေလင့်ဟူလို။

## မေတ္တာကိုအခြေပြု၍လောကတ္တရာသို့တက်ပုံ

ဤသို့ မြတ်စွာဘုရားသည် အထူးထူး အပြားပြားအားဖြင့် မေတ္တာဘာဝနာကိုပြပြီး၍ ယခုအခါ၌ အကြင်ကြောင့် မေတ္တာသည် သတ္တဝါကို အာရုံပြုသည်ဖြစ်၍ အတ္တဒိဋ္ဌိနှင့်

နိုး၏၊ ထို့ကြောင့် ဒိဋ္ဌိအယူကို တားမြစ်ခြင်းကို အရင်း ပြုသဖြင့် အရိယဘုံဟူသော လောကုတ္တရာသို့ တက်ရောက် ခြင်းကို ပြတော်မူလိုသော မြတ်စွာဘုရားသည် **ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ**-ဟူသောဂါထာကိုမိန့်တော်မူ၏။

၁၀။ ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊
သီလဝါ ဒဿနေန သမ္ပန္နော။
ကာမေသု ဝိနယ ဂေဓံ၊
နဟိ ဇာတုဂ္ဂဗ္ဘသေယျံ ပုနရေတိ။

၁၀။ ဒိဋ္ဌိဉ္စ။ အတ္တဒိဋ္ဌိဟူသော မိစ္ဆာ အယူကိုလည်း။ အနုပဂ္ဂမ္မ၊ မကပ်မရောက်မူ၍။ သီလဝါ၊ လောကုတ္တရာ သီလရှိသည်ဖြစ်၍။ ဒဿနေန၊ သောတာပတ္တိမဂ်ဉာဏ်နှင့်။ သမ္ပန္နော၊ ပြည့်စုံသည်ဖြစ်၍။ ကာမေသု၊ တေဘူမကသင်္ခါရ တည်းဟူသော ဝတ္ထုကာမတို့၌။ ဂေဓံ၊ ကာမစ္ဆန္ဒတည်းဟူ သော ကိလေသာကာမဖြင့် တောင့်တမက်မော တွယ်တာ ခြင်းသဘောကို။ ဝိနယ၊ သကဒါဂါမိမဂ်, အနာဂါမိမဂ် ဖြင့်ပယ်ဖျောက်၍။ ဇာတု၊ ကေန်မလွဲ အမြဲစင်စစ်။ ပုန၊ တဖန်။ ဂဗ္ဘသေယျံ၊ အမိဝမ်းတွင်း ပဋိသန္ဓေနေခြင်းသို့။ နဧတိ၊မရောက်ရ။

၁၀။ **ဤဂါထာပါဠိ၏ကား**။ မေတ္တာသည်သတ္တဝါကိုအာရုံ ပြုသောကြောင့် သတ္တဝါဟုမှတ်ရူထင်မြင်သည့်“အတ္တဒိဋ္ဌိ” သည် ဖြစ်ရာ၏ဟူသော မိစ္ဆာဂါဟကို မြစ်တားခြင်းကို အရင်းပြုသဖြင့် ထိုမေတ္တာဈာန်ကို အခြေပြုလျက် လော ကုတ္တရာတရားကို သိရခြင်းကိုမိန့်ဆိုမြွက်ဟ ဟောပြတော် မူသည့်ဒေသနာဝိသေသတည်း။

**အဓိပ္ပါယ်ကား။** ထိုမေတ္တာတရား ပွါးများသောသူသည် သတ္တဝါ အကောင်ထင်ရှားရှိသည်ဟူသော မိစ္ဆာအယူကို လည်းမယူဘဲ စင်ကြယ်မွန်မြတ်သော သီလနှင့် ပြည့်စုံ၍ မဖေါက်မပြန် သိမြင်တတ်သော မဂ်ဉာဏ်နှင့် ပြည့်စုံလျက်. ဝတ္ထုအာရုံ ကာမဂုဏ်ငါးပါးတို့၌ ကာမစ္ဆန္ဒ တည်းဟူသော ကိလေသာကာမဖြင့် တောင့်တမက်မောတွယ်တာခြင်းသဘောကို ပယ်ဖျောက်ပြီးလျှင် အမိဝမ်းတွင်း၌ နောက်ထပ်ပဋိသန္ဓေနေခြင်းသို့ စင်စစ်ကေန် အမှန်မလွဲ မရောက်ရသည်သာဖြစ်လေတော့သည်ဟူလို—

## ဒိဋ္ဌိအကြောင်း

**ဒိဋ္ဌိဩအနုပဂ္ဂမ္မ၌**"ဒိဋ္ဌိ"ဆိုသည်မှာ အတ္တဒိဋ္ဌိကိုဆိုသည်၊ "အတ္တဒိဋ္ဌိ"ဆိုသည်မှာ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် ငါကောင်စင်စစ် ထင်ရှားရှိသည်ဟု အထင်အမြင် မှားယွင်းခြင်းကိုဆိုသည်၊ ယင်းအတ္တဒိဋ္ဌိကို ထင်ရှားရှိသော ခန္ဓာငါးပါး နာမ်ရုပ်တရား အပေါင်း၌ မဟုတ်မတရား အမှားစွဲယူသော ဒိဋ္ဌိဖြစ်၍ "သက္ကာယဒိဋ္ဌိ" ဟူ၍လည်း ခေါ်၏၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ပရမတ္ထတရား တို့ဖြစ်ကုန်၏၊ ယင်းပရမတ္ထတရားတို့ကို ပုဂ္ဂိုလ် သတ္တဝါ ဟု မှားထင်မှတ်စွဲယူသည်ဖြစ်လျှင် "အတ္တဒိဋ္ဌိ- သက္ကာယဒိဋ္ဌိ"ဖြစ်တော့သည်သာဟူလို။

ဤခန္ဓာကိုယ်၌ အတ္တနှင့်ဆိုင် အစိုးပိုင်သော ငါကောင် သူကောင် သတ္တဝါကောင်ရှိနေသည်ဟု အဟုတ်တကယ် စွဲမှတ်၍နေလျှင် ငါ့သူတပါး ယောကျ်ားမိန်းမ-စသည်ဖြင့်

နှုတ်မြွက်၍မဆိုသော်လည်း သက္ကာယဒိဋ္ဌိဖြစ်၏၊ နာမ်ရုပ်, ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ဣန္ဒြေ, ပဋိစ္စသမုပ္ပါဒ်, အနိစ္စ, ဒုက္ခ, အနတ္တသဘာဝမဖွ အစုမျှသာ ဖြစ်သည်ဟု အဟုတ် တကယ် သိမြင်၍နေမှု ငါ့သူတပါး ယောကျ်ား မိန်းမစသည့် ဝေါဟာရပညတ်ဖြင့် မှတ်အပ်သောအမည် သညာအတိုင်းနှုတ်မြွက်၍မည်မျှပင်ဆိုသော်လည်းသက္ကာ-ယဒိဋ္ဌိမဖြစ်၊ အတ္တအားဖြင့် ဒိဋ္ဌိ၏စွဲလမ်းချက် မရှိဘဲ သမ္မုတိသစ္စာအားဖြင့် နှုတ်မြွက်၍ ခေါ်ဝေါ်သုံးစွဲရုံမျှနှင့် သက္ကာယဒိဋ္ဌိဖြစ်နိုင်သည် မဟုတ်ဟူလို။

ငှက်ပျောပင်၌ အနှစ်သာရကိုရှာ၍မရနိုင်သကဲ့သို့ ထို့ အတူ ဤခန္ဓာကိုယ်၌ပုဂ္ဂိုလ်သတ္တဝါကောင်ကို ယထာဘူ-တဉာဏ်ဖြင့်ရှု၍ မရနိုင်ပြီ၊ ဆံ,အမွေး-စသော သုံးဆယ့် နှစ်ပါးအစုဖြစ်၍ မိန်းမ, ယောကျ်ားစသော သဏ္ဌာန်အ ဖြစ်ဖြင့် တည်သောရုပ်အစုအပေါင်း, ထိုရုပ်အစုအပေါင်း ကိုမှီ၍ တည်သော စိတ်,စေတသိက်ဟူသော နာမ်အစုအ ပေါင်း၊ ဤပရမတ္ထတရား အစုအပေါင်းမျှသာရှိနိုင်၏၊ ထို နာမ်ရုပ်အစု ပရမတ္ထတရားအပေါင်းသည်လည်း ပုဂ္ဂိုလ် သတ္တဝါမဟုတ်၊ အနိစ္စသာ ကေန်, ဒုက္ခသာ ကေန်, အ နတ္တသာ ကေန်မှုချမှန်၏၊ ထိုနာမ်ရုပ်အစု ပရမတ္ထတရား အပေါင်း၌လည်း ပုဂ္ဂိုလ်သတ္တဝါကောင်မရှိ၊ဤသို့ယထာ-ဘူတဉာဏ်ဟူသော ဝိပဿနာသမ္မာဒိဋ္ဌိဖြင့် ပုဂ္ဂိုလ်သတ္တဝါ ကောင် မရှိဟု တပ်တပ်ထင်ထင် သိမြင်သော သူသည် လူ ၏ အဖြစ်ကိုလည်း အလိုမရှိ၊ နတ်၏အဖြစ်ကိုလည်း အလို မရှိ၊ လူ့ပြည်နတ်ပြည်သို့ ရောက်လိုသော စိတ်ကိုမျှ ဖြစ်

စေခြင်းငှါ မဝံ့ငဲ့လေပြီ၊ နိဗ္ဗာန်သို့သာ ရောက်ချင်လေတော့သည်၊ နိဗ္ဗာန်မှတပါး အခြားကိုတောင့်တနေမည် မဟုတ်ဟူလို။

## သီလအကြောင်း

သီလဝါ၌ "သီလ"ဆိုသည်မှာ မကောင်းသောကိုယ်အမူအရာ, နှုတ်အမူအရာများ မဖြစ်စေရအောင် ကိုယ်,နှုတ်ကို ကောင်းစွာထားတတ်သော သဘောကိုဆိုသည်၊ ဤသီလဖြင့် ကာယကံမြောက်, ဝစီကံမြောက်အောင် လွန်ကျူးတတ်သော ဝီတိက္ကမကိလေသာကြမ်းကို ပယ်ရသည်။

ဤ၌ ရောက်လာသောဝတ္ထုမှကြဉ်ခြင်းဟူသော "သမ္ပတ္တဝိရတိ" အားဖြင့်၎င်း, သိက္ခာပုဒ်တို့ကိုဆောက်တည်၍ကြဉ်ခြင်းဟူသော "သမာဒါနဝိရတိ" အားဖြင့်၎င်း, အရိယမဂ်နှင့်ယှဉ်သော "သမုစ္ဆေဒဝိရတိ" အားဖြင့်၎င်း, ပါဏာတိပါတ-စသည်မှ ကြဉ်သောသူတို့၏"ပဉ္စင်္ဂသီလ" အစရှိသော သိက္ခာပုဒ်သီလကို မကျိုး,မပေါက်, မကျား, မပြောက်သောအားဖြင့် စောင့်ရှောက်ထိန်းသိမ်းသော ဖြူစင်သောသီလနှင့်ပြည့်စုံသည်ကို "သီလဝါ"ဟုဆိုသည်။

အကြင်သီလတို့သည် လာဘ်, အခြံအရံ,အမျိုးအဆွေ, အင်္ဂါကြီးငယ်, အသက်ဟူသော အကြောင်းတို့ ကြောင့်လည်း မပျက်ကုန်၊ မေ့လျော့သဖြင့် ပျက်လျှင်မူလည်း ကုစားခြင်းကိုပြုအပ်ကုန်၏၊ မေထုန်ငယ်ခုနစ်ပါးနှင့် အများကွက်ခြင်းကောဓ, ရန်ငြိုးဖွဲ့ခြင်းဥပနာဟ-စသော အယုတ်တရားတို့သည် မနှိပ်စက်အပ်ကုန်၊ ထိုသီလတို့သည်—

၁။ အစွန်းတပိုင်းရပ်– ကျိုးပြတ်သောပုဆိုးကဲ့သို့ ထို့အတူ အစ၌၎င်း, အဆုံး၌၎င်း သိက္ခာပုဒ်တပါးမျှ မကျိုးမပျက်သော "အခဏ္ဍသီလ"။

၂။ အလယ်ထွင်းပေါက်-ပုဆိုးပေါက်ကဲ့သို့ ထို့အတူ အလယ်၌ သိက္ခာပုဒ်တပါးမျှ မပေါက် မပျက်သော "အဆိဒ္ဒသီလ"။

၃။ အဆင်းကွဲပြား–နွားမ-ကျားကဲ့သို့ ထို့အတူ အစဉ်အတိုင်း သိက္ခာပုဒ်နှစ်ပါး, သုံးပါးဆက်၍ မပျက်သော "အသဗလသီလ"။

၄။ အဆင်း အပေါက်- ပြောက်ကွက်သောနွားကဲ့သို့ အကြားအကြား၌ သိက္ခာပုဒ် မပျက်သော "အ-ကမ္မာသသီလ"တို့မည်ကုန်၏။

ထိုအခဏ္ဍ, အဆိဒ္ဒ, အသဗလ, အကမ္မာသသီလတို့သည်ပင်–

၅။ လောကီစည်းစိမ်ကို မတောင့်တ၊ မဂ်ဖိုလ်ကိုသာ တောင့်တ၍ ကျင့်သည်၏အစွမ်းဖြင့် တဏှာအရှင်၏ ကျွန်အဖြစ်မှ လွတ်စေသောကြောင့် "တော်လှန်သည်"ဟူ၍ ဆိုအပ်သော "ဘုဇိဿသီလ"။

၆။ ဘုရား အစရှိသော ပညာရှိတို့သည် ချီးမွမ်းအပ်သောကြောင့်"ဝိညုပ္ပသတ္ထသီလ"။

၇။ တဏှာ,ဒိဋ္ဌိတို့သည် မသုံးသပ်မဖျက်ဆီးအပ်သောကြောင့်"အပရာမဋ္ဌသီလ"။

ဂ။ ဥပစာရသမာဓိ,အပ္ပနာသမာဓိတို့ကို ဖြစ်စေခြင်း ၄ါ စွမ်းနိုင်သော (ဝါ) ဥပစာရသမာဓိ, အပ္ပနာ-သမာဓိဖြစ်ခြင်း အကျိုးရှိသော "သမာဓိသံ-ဝတ္တနိကသီလ"တို့မည်ကုန်၏။

ဤဆိုအပ်ခဲ့ပြီးသော အင်္ဂါတို့နှင့် ပြည့်စုံ၍ ကိလေသာ တည်းဟူသော အညစ်အကြေးတို့မှ ကင်းစင်သော သီလရှိ သည် ဖြစ်ရမည်၊ အာသဝေါတရား လေးပါးတို့၏ အာရုံ မဟုတ်သော ဖြူစင်လှစွာသော လောကုတ္တရာ သီလအထိ ပြည့်စုံရမည်ဟု ဆိုလိုသည်၊ အနုပုဗ္ဗေန လောကုတ္တရ-သီလေန သီလဝါ။ (အဋ္ဌကထာ)

## ဒဿန အကြောင်း

**ဒဿနေန သမ္ပန္နော** ၌"ဒဿန" ဆိုသည်မှာ သစ္စာ လေးပါးတရားကို မဖေါက်မပြန် သိမြင်တတ်သော မဂ်ဉာဏ်ကို ဆိုသည်၊ သစ္စာလေးပါးကို ရှေးဦးစွာသိမြင်တတ် သော သောတာပတ္တိမဂ်ဉာဏ်ကို ဤ၌ ဒဿနခေါ်သည်ဟု မှတ်လေ။

မြတ်စွာဘုရား ဟောကြားတော် မူအပ် ကုန်သော ဒေသနာတော်အပေါင်းတို့တွင် "စတုသစ္စဓမ္မ" ဟုဆိုအပ် သော သစ္စာလေးပါး တရားသည်သာလျှင် သာမုက္ကံသိက-ဓမ္မ-ရှေ့ရင်တော်မှ ထုတ်ဖော်ပြီးလျှင် ရွှေနှုတ်တော်မြွက် ၍ ဟောကြား တော်မူသော တရားဒေသနာ တော်မြတ် ဖြစ်ပေသည်။

လောက၌ ရွှေအိမ်ရွှေနန်း ရွှေကျောင်းကို ပြုလုပ်ပြီး စေလိုသော ပညာရှိသည် ရွှေဘော်တိုက်ပြီးလျှင် သားရိုး

ကိုင်၍ သစ်စေးဖြင့် မွှမ်းမံ၍ အနီသုတ်ပြီးမှ ရွှေဖြင့် လိမ်းကျံ၍ အပြီးသတ်သကဲ့သို့ ထို့အတူ ဒါန,သီလ- စသော အထူးထူးသော တရားကို ဟောကြားတော်မူ၍ စိတ်၏ နူးညံ့ခြင်းနှင့် ပြည့်စုံသည်ကို သိတော် မူသောမြတ်စွာဘုရားသည် ''သာမုက္ကံသိကဓမ္မဒေသနာတော်''ဟူသော သစ္စာလေးပါး တရားအမြိုက်ကို တိုက်ကျွေးတော်မူသည်၊ ဒါန, သီလ-စသည်နှင့်စပ်၍ ဟောပြတော်မူသော ဒေသနာ အပေါင်းတို့သည်ကား သာမုက္ကံသိက ဓမ္မဒေသနာတော် ဟူသောအမည်ကို မရချေကုန်၊ သစ္စာလေးပါးကိုသာအလိုတော်မြတ် ရှိတော်မူရင်းဖြစ်၍ ကိုယ်တော်မြတ်သည်ပင် အထူးထုတ်ဖော်၍ ဟောကြားတော်မူလေသည်ဟူလို။

သစ္စာ ၄-ပါးကား

၁။ ဒုက္ခသစ္စာ
၂။ သမုဒယသစ္စာ
၃။ နိရောဓသစ္စာ
၄။ မဂ္ဂသစ္စာ

} ဟူသော ဤလေးပါးတည်း။

ထိုလေးပါးတို့တွင်-

၁။ ''ဒုက္ခသစ္စာ''ဆိုသည်မှာ တဘုံမှ တပါးသော လောကီစိတ်,စေတသိက်,ရုပ်တို့ကို ဆိုသည်။

၂။ ''သမုဒယသစ္စာ'' ဆိုသည်မှာ ထိုဒုက္ခသစ္စာ၏ အကြောင်းရင်းမူလ ကေန္ဒြဖြစ်သော တဏှာ လောဘကို ဆိုသည်။

၃။ ''နိရောဓသစ္စာ''ဆိုသည်မှာ မဂ်ဖိုလ်တို့၏ အာရုံပြုရာ မဟာနိဗ္ဗာန်ကို ဆိုသည်။

၄။ ''မဂ္ဂသစ္စာ''ဆိုသည်မှာ ထိုနိရောဓသစ္စာဟူသော မဟာနိဗ္ဗာန်သို့ ရောက်ကြောင်းစင်စစ် ကေန်ဖြစ်သော မဂ္ဂင်ရှစ်ပါးအပေါင်းကို ဆိုသည်။

မှတ်ချက်။ ဒုက္ခ, သမုဒယဟူသော လောကီသစ္စာနှစ်ပါးမှာ သူသူ ငါငါပုထုဇ္ဇန်တိုင်းမှာပင် ထင်ရှားပကတိရှိနေဆဲဖြစ်၍ ဟိမ်တိမ်ပင် ဖြစ်သည်၊ နက်နဲခက်ခဲသကဲ့သို့ ထင်ရသည်မှာ မထင်နိုင် မမြင်နိုင်သောကြောင့်တည်း။ လွယ်လွယ်နှင့်အသိခက်လှသည် ဟူလို။ ။အသိခက်သောကြောင့် ဒုက္ခသစ္စာကိုပင် ပုဂ္ဂိုလ်, သတ္တဝါ,ငါ, သူတပါး, ယောကျ်ား, မိန်းမ, သမီး, သား, မယား,လင်-စသည်ဖြင့် အထင်မှားလျက် သမုဒယသစ္စာဟူသော တဏှာလောဘရောဂဖြင့် နှစ်သက် စုံမက် မြတ်နိုး၍ ယခုထက်တိုင်အောင် သူကငါက သံသရာ၌ ကမ္ဘာအဆက်ဆက် အကြိမ်ကြိမ် အဖန်ဖန် အတန်တန် အဆစ်ဆစ် နစ်ကြရကုန်၏။

နိရောဓ,မဂ္ဂ-ဟူသော လောကုတ္တရာသစ္စာ နှစ်ပါးမူကား သူသူ ငါငါ ပုထုဇ္ဇန်သန္တာန်မှာ ထင်ရှားပကတိရှိနေဆဲမဟုတ်သောကြောင့် အတိဂမ္ဘီရဖြစ်၍မထင်နိုင်မမြင်နိုင်ဖြစ်သည်၊ နက်နဲသောကြောင့်ပင် အသိခက်လှသည်ဟူလို။ ထို့ကြောင့် သမ္မာဒိဋ္ဌိ- အစရှိသောလောကီမဂ္ဂင်ကို ရှေးဦးပဌမ ပွါးများရမည်၊လောကီမဂ္ဂင်ကို ပွါးများစေသောအားဖြင့် ကျင့်မှသာလျှင် သောတာပတ္တိမဂ်- အစရှိသော လောကုတ္တရာလမ်းမကြီးသို့ရောက်နိုင်မည်၊ လောကုတ္တရာ

လမ်းမကြီးသို့ရောက်လျှင် ဒုက္ခခပ်သိမ်း ကုန်ရာ ငြိမ်းရာ လွတ်ရာ ပျောက်ရာ မရှိရာကေန်မုချမှန်သော မဂ်ဖိုလ်တို့၏ အာရုံပြုရာ မဟာနိဗ္ဗာန်၌ အနုပါဒိသေသအငြိမ်း စံပယ်ရ လိမ့်မည်မှတ်လေ။

## ကာမဂုဏ် အကြောင်း

**ကာမေသု ဝိနယ ဂေဓံ**– ဟူသောပါဠ်ဖြင့် ဝတ္ထုအာရုံ ကာမဂုဏ်တရားတို့၌ ကိလေသာကာမ တဏှာရာဂ လောဘစိတ်ဖြင့် သာယာမက်မော တွယ်တာခြင်းသဘော ကို သကဒါဂါမိမဂ်, အနာဂါမိမဂ်ဖြင့် ပယ်ပစ်စွန့်ခွါရ မည့်အဖြစ်ကို ပြတော်မူ၏။

ကာမဂုဏ်တို့၏ "သာယာဘွယ် အဿာဒ" ကိုရင်း, "အပြစ်ဒေါသ အာဒီနဝ" ကိုရင်း, "ကျွတ်လွတ် ထွက် မြောက်ခြင်းနိဿရဏ" ကိုရင်း ယထာဘူတဉာဏ်ဖြင့် ဟုတ် တိုင်းမှန်စွာ မသိနိုင် မမြင်နိုင်ကြကုန်သောသူတို့သည် ရူပါရုံ- အစရှိကုန်သော ဝတ္ထုကာမတို့ကို အာရုံပြု၍ဖြစ်ပေါ် လာတတ်သော ကိလေသကာမတဏှာညစ်ကို ပယ်ပစ်ခြင်း ငှါ စွန့်ခွါခြင်းငှါ စွမ်းနိုင်ကြတော့မည် မဟုတ်ကြကုန်၊ကိ- လေသ ကာမညွန်ပုပ်၌သာ နစ်မြဲ နစ်ကြကုန်တော့မည် ဟူလို။

ထို့ကြောင့် ကာမဂုဏ်တို့၏ အဿာဒကိုရင်း, အာဒီ- နဝကိုရင်း,နိဿရဏကိုရင်းမှုလပဏ္ဏာသ ပါဠိတော်–**မဟာ ဒုက္ခက္ခန္ဓသုတ်, စူဠဒုက္ခက္ခန္ဓသုတ်**တို့၌ မြတ်စွာဘုရားဟော ပြတော်မူသည့်အတိုင်း ဤ၌ သိသာရုံအကျဉ်းသဒ္ဒိတ္တမျှကို ပြဆိုပေအံ့။

ကော စ ဘိက္ခဝေကာမာနံ အဿာဒေါ-ချစ်သားရဟန်းတို့ ကာမဂုဏ်တို့၏ သာယာနှစ်သက်ဘွယ်ကား အဘယ်တုံနည်း-ဤသို့မေးတော်မူ၍၊ယံခေါဘိက္ခဝေ ဣမေပဉ္စကာမဂုဏေ ပဋိစ္စဥပ္ပဇ္ဇတိ သုခံသောမနဿံ၊ အယံ ကာမာနံ အဿာဒေါ ဟုဟောပြတော်မူသည်နှင့်အညီ ရူပါရုံ-စသော အာရုံငါးပါး ကာမဂုဏ်တရားတို့ကို အကြောင်းပြု၍ အကြင်ချမ်းသာခြင်း, ဝမ်းမြောက်ခြင်းသည်ဖြစ်၏၊ ထိုချမ်းသာခြင်း,ဝမ်းမြောက်ခြင်းဟုဆိုအပ်သော လောဘမူ သုခသောမနဿတွေ ဖြစ်ပွါးမှုသည်၊ကာမဂုဏ်တို့၏ အဿာဒမည်၏၊ ကာမဂုဏ်တို့နှင့် ပေါင်းဆုံပြည့်စုံ တွေ့ကြုံရရှိ၍ တဏှာ ရာဂ လောဘအညစ် သမုဒယသစ္စာ ဆင့်ကာဆင့်ကာဖြစ်ပွါးမှုသည် ကာမဂုဏ်တို့၏ "အဿာဒ" မည်၏ ဟူလို။

ဤအဿာဒမှုသည် ကာမဂုဏ်နယ်မှ မလွတ်ထွက်နိုင်အောင် ဖမ်းဆီးချည်နှောင်ခြင်းဟုမှတ်လေ၊ "သားတစ်ကိုသာမြင်၍– ကျော့ကွင်းကိုမမြင်"ဟု ဆိုရိုးစကားပုံရှိသည်ကိုလည်း သတိပြုလေ။

ကော စ ဘိက္ခဝေ ကာမာနံ အာဒီနဝေါ- ချစ်သားရဟန်းတို့ ကာမဂုဏ်တို့၏ အပြစ်အာဒီနဝဟူသည် အဘယ်တုံနည်း-ဤသို့မေးတော်မူ၍ဣဓဘိက္ခဝေ ကုလပုတ္တောယေနသိပ္ပဋ္ဌာနေန ဇီဝိကံ ကပ္ပေတိ-စသည် ဟောတော်မူသည်နှင့်အညီ အသက်မွေးမှုကို အကြောင်းပြု၍ ရှေ့ငွေဥစ္စာ ကာမဂုဏ်တို့အတွက် ကြောင့်ကြ ပင်ပန်းဆင်းရဲခြင်း, ဆင်းရဲခံလျက်လည်း လိုတိုင်းမရနိုင်သဖြင့် စိုးရိမ်ပင်ပန်းရခြင်း, "မရှိတောင့်တ–ရှိကြောင်းကြ" ဆိုသည့်အ

တိုင်း ပြည့်ပြည့်စုံစုံ ရရှိပြန်ပါသော်လည်း ရန်သူမျိုးငါးပါး မနှိပ်စက်ရအောင် ကြောင့်ကြဒုက္ခစိုက်ရခြင်း, ကြောင့်ကြ ဒုက္ခစိုက်ပါလျက်လည်း အခန့်မသင့်ရန်သူမျိုးငါးပါးအနှိပ် အစက်ခံရ၍ စိုးရိမ်ပင်ပန်း ဆင်းရဲရခြင်း, ကာမဂုဏ်တို့ကို အကြောင်းပြု၍ ခိုက်ရန်ငြင်းခုံရခြင်း, ဘေးအမျိုးမျိုး ရန် အမျိုးမျိုးနှင့် တွေ့ကြုံရခြင်း, သူ့ပိုင်နက်ကို လုယက်ဖျက် ဆီးမှုကြောင့်ရာဇဝတ်မင်းဒဏ်သင့်ခြင်း,အသက်အန္တရာယ် ဖြစ်ရခြင်း ဤအလုံးစုံသည် ကာမဂုဏ်တို့၏အပြစ် အာဒီ-နဝတို့ပေတည်း။

အယံ ဘိက္ခဝေ ကာမာနံ အာဒီနဝေါ သန္ဒိဋ္ဌိကော ဒုက္ခက္ခန္ဓော- ဤဆင်းရဲစုသည် ယခုမျက်မှောက်၌ ဖြစ် သော အပြစ်အာဒီနဝတည်းဟု ဟောတော်မူ၏။

ဝဏ္ဏုအာရုံ ကာမဂုဏ်တို့ကို အကြောင်းပြု၍ ဒုစရိုက် ဆယ်ပါး လိုက်စားမိလျှင် အပါယ်ငရဲလမ်း ဟင်းလင်း ပွင့်လျက် သေလွန်သည့်နောက် အပါယ်လေးပါးသို့ လား ၍ ကြီးစွာသော ဆင်းရဲဒုက္ခကို ကာလမြင့်ရှည်စွာ ခံကြရ ကုန်၏၊ အယမ္ပိ ဘိက္ခဝေ ကာမာနံ အာဒီနဝေါ သမ္ပရာ-ယိကော ဒုက္ခက္ခန္ဓော-ချစ်သား ရဟန်းတို့ ဤဆင်းရဲကား တမလွန်၌ ဖြစ်သော အာဒီနဝတည်းဟု ဟောတော်မူ၏။

ကိလေသကာမ တဏှာလောဘဟူသော ကိုယ်တွင်း ရန်သူကို အကြောင်းပြု၍ ဘေးအမျိုးမျိုး, ရန်အမျိုးမျိုး, ဒုက္ခအမျိုးမျိုးရောက်လေသမျှ တွေ့ကြုံလေသမျှ ကာမဂုဏ် တို့၏ အပြစ်အာဒီနဝတည်းဟု မုချလုံးလုံး မှတ်လေ။

ကိဉ္စ ဘိက္ခဝေ ကာမာနံ နိဿရဏံ-ချစ်သားရဟန်းတို့ ကာမဂုဏ်တို့မှ ထွက်မြောက်ခြင်းဟူသည် အဘယ်တုံနည်း ဟု မေးတော်မူ၍၊ ယော ခေါ ဘိက္ခဝေ ကာမေသု ဆန္ဒရာဂ ဝိနယော ဆန္ဒရာဂပ္ပဟာနံ၊ ဣဒံ ကာမာနံ နိဿရဏံ-ဟု ဟောပြတော်မူသည်နှင့်အညီ ရွှေ ငွေ သား မယား အစရှိ ကုန်သော ဝတ္ထုအာရုံကာမဂုဏ်တို့၌ သာယာတွယ်တာ၍ နေသော ကိလေသကာမဟူသော သမုဒယသစ္စာ တဏှာ လောဘသည် ရှိ၏၊ ထိုသမုဒယသစ္စာ တဏှာလောဘကို ပယ်ဖျောက်ခြင်း, စွန့်ပစ်ခြင်းသည် ကာမဂုဏ် ဘေးမှ ထွက်မြောက်ခြင်း''နိဿရဏ''မည်၏။

လောက၌ ရူပါရုံ-စသော အာရုံငါးပါး ကာမဂုဏ် တရားတို့ကို သာယာတွယ်တာ၍နေသောသူကိုသာ ထိုကာ မဂုဏ်တရားတို့နှင့်စပ်သော ဒုက္ခဘေး နှိပ်စက်နိုင်သည်၊ ထိုကာမဂုဏ်တရားတို့ကို သာယာတွယ်တာသော တဏှာ လောဘမရှိလျှင်ကာမဂုဏ်ဘေးမှလွတ်လေ၏၊ထို့ကြောင့် ထိုကာမဂုဏ်တရားတို့၌ သာယာတွယ်တာသော သမုဒယ သစ္စာ တဏှာလောဘ ပျောက်ကွယ် ချုပ်ဆုံးမှုသည် ကာမဂုဏ်မှ ထွက်မြောက်ခြင်း နိဿရဏမည်၏ ဟူလို။

ရူပါရုံစသော ကာမဂုဏ်ငါးပါးတို့တွင် မိမိ၏ ကိုယ် ခန္ဓာသည်လည်း ရူပါရုံကာမဂုဏ်မည်၏၊ရွှေ ငွေ ကျွဲ နွား သား မယား လင်-အစရှိသော စက္ခုဝိညာဉ်စိတ်ဖြင့် မြင် ကောင်းသမျှသော အာရုံကို ရူပါရုံဟု ခေါ်သည်၊ ထိုရူပါ ရုံကာမဂုဏ်ဟူသမျှ၌ တဏှာရာဂလောဘစိတ်ဖြင့် နှစ် သက်မွေ့လျော်ပျော်ပါးလျှင် သံသရာဝဋ်ဒုက္ခ၌ နစ်ရမည်

အပြီးမှတ်လေ၊ ထိုရူပါရုံကာမဂုဏ်၌ ပညာဖြင့် မနှစ်သက် မစုံမက် မမြတ်နိုးမှု၍ ငြီးငွေ့မှုသာလျှင် သံသရာဝဋ်ဒုက္ခ အပေါင်းမှ ကောင်းကောင်းကြီး လွတ်ထွက်၍ မဂ်ဖိုလ် ပြီးမြောက်နိဗ္ဗာန်သို့ရောက်နိုင်မည်၊ရူပါရုံ၌ကဲ့သို့ ထို့အတူ သဒ္ဒါရုံ,ဂန္ဓာရုံ, ရသာရုံ, ဖေါဋ္ဌဗ္ဗာရုံတို့၌လည်း အစဉ်ကို ၎င်း,အပြစ်အာဒီနဝကို၎င်း သိလေ။

ထိုကာမဂုဏ်တို့၌ အပ္ပဿာဒ-သာယာ နှစ်သက်အပ်သော အခြင်းအရာ အလွန်နည်းပါးသည့် အဖြစ်ကို၎င်း, ဗဟုဒုက္ခ ဗဟုပါယာသ- ဆင်းရဲခြင်း ပင်ပန်းခြင်း၏ အကြောင်းသာလျှင် များစွာရှိသည့်အဖြစ်ကို၎င်း,အာဒီန-ဝေါဘိယျော-ကာမဂုဏ်တို့၌ အပြစ်အာဒီနဝသည် သာလျှင် အတိုင်းမသိ များပြားသည့်အဖြစ်ကို၎င်း ပကတိမျက်စိဖြင့် ထင်ထင် ကျား,ဆင်,ဘီလူး, ခွေးရူးတို့ကို မြင်တော်မူကုန်သကဲ့သို့ ဉာဏ်မျက်စိဖြင့် ထင်ထင် မြင်တော်မူကုန်သောကြောင့် မဟာသံဝေဂစိတ်ဖြင့် ထိတ်လန့်တော်မူကြကုန်သော အရိယာ အပေါင်း သူတော်ကောင်းတို့သည် လက်သို့ရောက်ကုန်ပြီးသော ရွှေပုံငွေစုမှစ၍ တဏှာလောဘဖြင့် တွယ်တာနှစ်သက် စုံမက်မြတ်နိုးအပ်သမျှ အဝဝ အသွယ်သွယ် များလှစွာကုန်သော ဝတ္ထု၊အာရုံကာမဂုဏ် အလုံးစုံတို့ကို မငဲ့ကွက် မတွယ်တာ စွန့်ခွါပစ်ထား၍တရားတော်၌သာလျှင် နှစ်ခြိုက်မွေ့လျော် သက်တော် ထက်ဆုံး ပျော်စံတော်မူကြကုန်ပြီးလျှင် နိဗ္ဗာန်ရွှေနန်းသို့ ဝင်စံတော်မူကြလေကုန်ပြီ။

ထိုအရိယာအပေါင်း သူတော်ကောင်းတို့ကဲ့သို့ ဘေးဒုက္ခမတွေ့ ချမ်းမြေ့လိုလျှင်ကိုလေသကာမတဏှာလောဘ

ကို လက်မခံလေလင့်၊ တဏှာလောဘကို စွန့်ပစ်ခွါ ရှင်း ကင်းအောင်ပြုရမည်၊ အရိယာအပေါင်း သူတော် ကောင်းတို့ကဲ့သို့ တဏှာလောဘအလိုသို့ မလိုက်သော အားဖြင့် ထိုတဏှာ လောဘဟူသော အတွင်းရန်သူကို နာနာနှိပ်စက်ဖျက်ဆီး၍ မမေ့မလျော့ အခါခပ်သိမ်း ကျင့် ကြံအားထုတ် ပြုလုပ်ကြရမည်ဟုဆိုလိုသည်။

## လောကုတ္တရာ မဟာသုခကြီးအကြောင်း

န ဟိ ဇာတု ဂဗ္ဘသေယျံ ပုနရေတိ-ဟူသောပါဌ်ဖြင့် ပြ ဆိုခဲ့ပြီးသည့်အတိုင်း ကာမဂုဏ်တို့၌ တွယ်တာ နှစ်သက် မက်မောခြင်းကို ပယ်ဖျောက်ခဲ့လျှင် အမိဝမ်းတွင်း တဖန် ပဋိသန္ဓေမနေရသည့်အဖြစ်ကိုပြဆိုတော်မူ၏။

ပဋိသန္ဓေ တကြိမ်နေမိလျှင် မသေနေရသမျှ ကာလ ပတ်လုံး ဘေးအမျိုးမျိုးတွေ့၍ အပြီးမသတ်နေရမည် မုချ ဖြစ်သည်၊ ထို့ကြောင့် တကြိမ်တခါမျှ ပဋိသန္ဓေ နေရလို သောစိတ်ကို မဖြစ်စေသင့်ပြီ၊ ရာဇဝတ်ကြီးစွာ ခံရမည်ကို ကြောက်အပ်သကဲ့သို့ကြောက်အပ်တော့သည်ဟူလို။

ရာဇဝတ်ကြီးစွာသင့်ပြီးသောသူသည် တဖန်ကြီးစွာရာဇ ဝတ်သင့်ပြန်သကဲ့သို့ အမိဝမ်းတွင်း ယခုဘဝ ပဋိသန္ဓေနေ မိသောကြောင့် မသေမငြိမ်း ဆင်းရဲဒုက္ခအကြိမ်ကြိမ် ယခု တွေ့ကြုံပြီးမှ တဖန်ဘဝသစ်၌ ပဋိသန္ဓေ နေရမည့်ဖြစ်လျှင် တဖန်မသေမငြိမ်း ဘဝသစ်၌လည်း ဆင်းရဲဒုက္ခ အဖန်ဖန် တွေ့ကြုံပြန်မည် ကေန်စင်စစ်မုချဖြစ်၏၊ ထို့ကြောင့်ငါးပါး

အာရုံ ကာမဂုဏ်၌ စုံမက်မွေ့လျော် ပျော်ပါးခြင်းကို သံသရာ၌ ကြာကြာနှစ်စေခြင်းငှါ တဏှာရာဂ လောဘဟူသော အတွင်းရန်သူ ဆင့်ကာဆင့်ကာ နှိပ်စက်ညှဉ်းဆဲဖိစီးသည်ဟု နဖူးလက်တင် ဆင်ခြင်စဉ်းစား၍ ဉာဏ်ဖြင့်ပိုင်းဖြတ် တပ်တပ်သိပြီးလျှင် ကာမဂုဏ်ချမ်းသာဟူသမျှကို တဏှာရာဂလောဘစိတ်ဖြင့် မနှစ်သက်ကြကုန်လင့်-မမြတ်နိုးကြကုန်လင့်၊ ထိုသို့ကာမဂုဏ်ချမ်းသာကိုမနှစ်သက်လျှင်-မမြတ်နိုးလျှင် အမိဝမ်းတွင်းမှာ တဖန်ပဋိသန္ဓေ မနေရတော့ပြီ၊ စင်ကြယ်မြင့်မြတ်သော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်တို့၏သာ နေရာဖြစ်သော သုဒ္ဓါဝါသဘုံတို့၌ ဖြစ်ပြီးလျှင် ဤကာမဘုံသို့ပြန်မလာတော့ဘဲ ထိုဗြဟ္မာဘုံတို့၌ပင် အရဟတ္တဖိုလ်သို့ ရောက်လျက် ပရိနိဗ္ဗာန် ဝင်စံရသည်၊ လောကီချမ်းသာ ဟူသမျှတို့နှင့်မတူ ပူလောင်ခြင်း, ပင်ပန်းခြင်း,ဆင်းရဲခြင်း ဒုက္ခအပေါင်းတို့၏ ချုပ်ရာ ငြိမ်းရာ လွတ်ရာပျောက်ရာ မရှိရာအတုမရှိမြတ်လှစွာသော လောကုတ္တရာမဟာသုခကြီးသို့သာ တဆက်တည်း ရောက်လေတော့၏။

အလုံးစုံသော သံသရာဝဋ်ဆင်းရဲကို အပြီးတိုင်လက်စသတ်၍ အသစ်ဖြစ်သော ဆင်းရဲကိုလည်း နောက်ထပ်တဖန်လက်ခံခြင်းကိုအရှင်းမပြုပါဘဲ တဧးတည်းဧး,တငြိမ်းတည်းငြိမ်း, တချမ်းသာတည်းချမ်းသာလေသည်ဟူလို။

သုသုခံ ဝတ နိဗ္ဗာနံ၊သမ္မာသမ္ဗုဒ္ဓဒေသိတံ၊
အသောကံ ဝိရဇံ ခေမံ၊ယတ္ထ ဒုက္ခံ နိရုဇ္ဈတိ။
ထေရဂါထာပါဠိတော်

အသောကံ၊ စိုးရိမ်သောက ကြောင့်ကြခြင်းလည်းမရှိ ထသော်။ ဝိရဇံ၊ ရာဂစသည့် ကိလေသာ ညစ်ကြေးတို့မှ ကင်းဝေးစင်ကြယ်ရာလည်းဖြစ်ထသော။ ခေမံ၊ ဘေးရန် ခပ်သိမ်းတို့မှ လွတ်ငြိမ်းရာလည်းဖြစ်ထသော။ သမ္မာသမ္ဗုဒ္ဓ ဒေသိတံ၊ အကျွန်ုပ်တို့ဆရာ မြတ်စွာဘုရားသည်ဟောကြား ညွှန်ပြတော်မူအပ်သော။ နိဗ္ဗာနံ၊ ငြိမ်းမှုဓာတ်ဟူသော နိဗ္ဗာန်တရားတော်မြတ်သည်။ သုသုခံဝတ၊ ချမ်းသာတကာ တို့ထက် သာလွန်၍ချမ်းသာပေစွတကား။ ယတ္ထ၊ ယင်း နိဗ္ဗာန်တရားတော်မြတ်၌။ ဒုက္ခံ၊ ဆင်းရဲဒုက္ခဟူသမျှသည်။ နိရုဇ္ဈတိ၊ အကုန်ငြိမ်း၍ ဓာတ်သိမ်းချုပ်ပျောက် လေ တော့၏၊

မေတ္တာသုတ် အနက် အဓိပ္ပါယ် ပြီး၏။

# နိဂုံးအာသီသ ၂-ဂါထာ

၁။ လင်္ကာဒီပမှိ ဇာတေန၊ ဆရာညဏ်နာမိနာ ကတာ၊
ဝဏ္ဏနာ မေတ္တသုတ္တဿ၊ နိဋ္ဌာနံ သမုပါဂတာ။

၂။ ဣမံ ဂန္ထံ ကရောန္တေန၊ ယံ ပုညံ ပသုတံ မယာ၊
ပုညေနေတေန သဗ္ဗောပိ၊ လောကော ဟောတု
သုခီသဒါ။

လင်္ကာဒီပမှိ၊ လင်္ကာခေါ် ထွန်း သီဟိုဠ်ကျွန်း၌။ ဇာတေန၊ မီးရှူးသန့်စင် ဖွါးမြင်လာသော။ ဆရာညဏ် နာမိနာ၊ ဆရာဉာဏ်ဟု နာမံသမုဂ် အကျွန်ုပ်သည်။ (ဝါ) သီဟိုဠ်ကျွန်း မဟာသံဃအဖွဲ့ကြီးမှ ချီးမြှင့်ပေးအပ်သော ပါဠိပါမောက္ခဘွဲ့နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရတို့က အစဉ်းစွာချီးမြှင့်ပေးအပ်သော မဟာပညာဗလဘွဲ့ ဟူသောဘွဲ့နှစ်ဆင့်ဖြင့် ချီးမြှင့်ခြင်းခံရသော ပါဠိပါမောက္ခ, မဟာပညာဗလဆရာညဏ်ဟု နာမံသမုတ်အကျွန်ုပ်သည်။ ကတာ၊ ရေးသားသမှု ပြုစီရင်အပ်သော။ မေတ္တသုတ္တဿ၊ မြတ်စွာဘုရား ဟောကြားမြွက်ဖော် မေတ္တသုတ်တော်၏။ ဝဏ္ဏနာ၊ အဖွင့်ကျမ်းသည်။ နိဋ္ဌာနံ၊ အစအဆုံး သိမ်းကျုံး လုံလောက် ပြီးမြောက်ခြင်းသို့။ သမုပါဂတာ၊ ကောင်းစွာမသွေ ရောက်လေပြီ။ (ဝါ) နိဋ္ဌာနံ သမုပါဂတာ၊ ဂေါဇာ သက္ကရာဇ် ၁၂၉၉-ခုနှစ်, တပို့တွဲလပြည့်ကျော် ၄-ရက် သောကြာနေ့၌ ကလောင်သိမ်းရပ် ပြီးငြိမ်းလတ်သတည်း။

၂။ ဣမံ ဂန္ထံ၊ ဤမေတ္တသုတ်အဖွင့်ကျမ်းကို။ ကရောန္တေန၊ ရေးသားပြုပြင် စီရင်ပေသော။ မယာ၊ အကျွန်ုပ်သည်။

ယံပုညံ၊ အကြွင်ကုသိုလ်အစု မြတ်ကောင်းမှုကို။ ပသုတံ၊ ကောင်းစွာအထူး ဆည်းပူးအပ်ပြီ။ ဧတေန ပုညေန၊ ထို ကုသိုလ်အစု မြတ်ကောင်းမှုကြောင့်။ သဗ္ဗောပိ၊ မကြွင်း ဥဿုံ အလုံးစုံလည်းဖြစ်သော။ လောကော၊ သတ္တဝါအ ပေါင်းသည်။ သဒါ၊ နေ့နေ့ညည ခပ်သိမ်းသော အခါကာ လ၌။ သုခီ၊ ကိုယ်စိတ်နှစ်ဖြာ ဘယာလွတ်ကင်း ချမ်းသာ ခြင်းရှိသည်။ ဟောတု၊ မုချမသွေဖြစ်ပါစေသတည်း။

နိဂုံးနှင့်တကွ
မေတ္တာသုတ် အဖွင့်လက်စွဲ
ဤတွင်ပြီး၏။

THE HANTHAWADDY PRESS